# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**


လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 April 2020 ၉၉၉၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေ လုပ်သွားနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ထားကြောင်း သတင်းစကားပါး




နေပြည်တော် ဧပြီ ၂၅

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေလုပ်သွားနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ထားတာရှိခြင်းနဲ့ အစီအစဉ်အရ ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားကြသူတွေရှိခြင်းကြောင့် ခွန်အားတွေ ဖြည့်နိုင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -**

လှိုင်သာယာစက်ရုံတစ်ရုံက ဝန်ထမ်းတစ်ယောက် COVID positive တွေ့တဲ့ သတင်းထွက်တာနဲ့ စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်ပေါ်ပါတယ်။ ဒီလိုအခြေအနေမှာ ကျန်းမာရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ နိုင်ငံ့ဝန်ထမ်းတွေ၊ COVID တိုက်ပွဲကြီးမှာ ပါဝင်လှုပ်ရှားနေတဲ့ စေတနာ့ဝန်ထမ်းတွေ ဘာလုပ်ကြရတယ်ဆိုတာ နည်းနည်း ပြောပြချင်ပါတယ်။

ပထမဦးဆုံးကတော့ ရောဂါပိုးရှိနေသူကို ကုသပေးရေးပါပဲ။ အနီးဆုံး သင့်တော်တဲ့ဆေးရုံကို အမြန်ဆုံးပို့ရပါတယ်။

ဒုတိယကတော့ လူနာနဲ့ ထိတွေ့ခဲ့သူများကို ရှာဖွေဆက်သွယ်ရပါတယ်။ လူနာကိုယ်တိုင်က ရောဂါကူးစက်နိုင်တဲ့ကာလအတွင်း ထိတွေ့ခဲ့သူများစာရင်း (မှတ်မိသ၍) ပေးရပါတယ်။ ပိုမိုပြည့်စုံဖို့၊ ထိတွေ့မှုရှိခဲ့သူများကိုယ်တိုင်လည်း ဆက်သွယ်လာရေး online က တစ်ဆင့် ဆောင်ရွက်ရပါတယ်။

တတိယအနေနဲ့ ထိတွေ့ခြင်းရှိခဲ့သူများကို ရှာဖွေ၊ quarantine လုပ်ပြီး စောင့်ကြည့်၊ စစ်ဆေးရပါတယ်။

ဒီလို တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေ လုပ်သွားနိုင်ဖို့ အစီအစဉ်တွေချမှတ်ထားတာရှိခြင်းနဲ့၊ စိုးရိမ်တာတွေ၊ ပင်ပန်းတာတွေ ဘေးဖယ်ထားပြီး၊ အစီအစဉ်အရ ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားကြသူတွေရှိခြင်းကြောင့် ကျွန်မတို့ ခွန်အားတွေ ဖြည့်နိုင်ပါတယ်။

"သံသရာလမ်းဟာ မချောမွေ့တတ်တော့ တာဝန်ကိုယ်စီ ထမ်းရွက် ရှေ့ဆက်လှမ်း။"


- **တစ်ဆင့်ပြီးတစ်ဆင့် လုပ်စရာတွေ လုပ်သွားနိုင်ဖို့ အစီအစဉ်တွေ ချမှတ်ထားတာရှိခြင်းနဲ့၊ စိုးရိမ်တာတွေ၊ ပင်ပန်းတာတွေ ဘေးဖယ်ထားပြီး၊ အစီအစဉ်အရ ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားကြသူတွေ ရှိခြင်းကြောင့် ကျွန်မတို့ ခွန်အားတွေ ဖြည့်နိုင်ပါတယ်။**
- **"သံသရာလမ်းဟာ မချောမွေ့တတ်တော့ တာဝန်ကိုယ်စီ ထမ်းရွက် ရှေ့ဆက်လှမ်း။"**


ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက် စာမျက်နှာ » ၃

နေပြည်တော် စည်ပင်ဧည့်ရိပ်သာရှိ Quarantine Center ၌ ဝန်ထမ်း ၄၈၄ ဦး ဝင်ရောက်လျက်ရှိပြီး ထပ်မံရောက်ရှိရန် ရှိနေ စာမျက်နှာ » ၄





No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

## ကြေးမုံ

# အားလုံးဘေးဘယာကင်းဝေး စောင့်ရှောက်ပေး

ဧပြီလ ၂၄ ရက်နေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ လူနာ ၁၂ ဦး ထပ်တိုးလာသဖြင့် မြန်မာနိုင်ငံတွင် ပိုးတွေ့လူနာ စုစုပေါင်း ၁၄၄ ဦး ရှိပြီဖြစ်သည်။ ရောဂါပိုးတွေ့ရှိသူများမှာ စီးပွားရေးမြို့တော်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁၂ ဦး၊ သေဆုံးသူ လေးဦးဖြင့် အများဆုံးဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပိုးတွေ့ရှိသူများမှာ ပဲခူးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခြောက်ဦး၊ ချင်းပြည်နယ်မှ ငါးဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးမှ သုံးဦးစီ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ နှစ်ဦးစီနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်မှ တစ်ဦးစီတို့ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် ရောဂါပိုးတွေ့ရှိသဖြင့် နိုင်ငံတော်အစိုးရက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အလျင်အမြန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနေသည်။ လက်တွေ့ရောဂါဖြစ်ပေါ်တွေ့ရှိမှုအနေအထားနှင့် ဆောင်ရွက်ပေးနေသည့်အခြေအနေများအရ မြို့နယ်များတွင် အလေးထားဆောင်ရွက်ပေးနေသဖြင့် ဝေးလံခေါင်သီသည့် တိုင်းရင်းသားဒေသများ၌ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ဆောင်ရွက်ပေးခြင်းရှိ၊ မရှိကို သိရှိနိုင်ရန် လိုမည်ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားထားပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် လူမျိုး၊ ဘာသာခွဲခြားခြင်း၊ နေထိုင်ရာဒေသခွဲခြားခြင်း အလျဉ်းမရှိဘဲ နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူမည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒ (No one left behind Policy) ချမှတ်ထားကြောင်းသိရသည်။ လက်တွေ့တွင်လည်း အဆိုပါမူဝါဒနှင့်အညီ အကြားအလပ်မရှိဘဲ ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

တိုင်းရင်းသားများ အခြေပြုရာဒေသများတွင် နေထိုင်ကြသူများအားလုံးသည် ပြည်ထောင်စုသားညီနောင်ဖွား မြန်မာနိုင်ငံသားများပင်ဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စတင်လှုပ်ရှားသည်နှင့် တစ်နိုင်ငံလုံးလွှမ်းခြုံကာ ဖြန့်ကြက်ဆောင်ရွက်နိုင်ရေးအတွက် NRPC မှ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့ ၁၀ ဖွဲ့၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့ ရှစ်ဖွဲ့၊ စုစုပေါင်း အဖွဲ့ ၁၈ ဖွဲ့ထံသို့ မတ်လ ၁၉ ရက် နေ့စွဲဖြင့် ကျန်းမာရေးလမ်းညွှန်ချက်များ ပေးပို့ထားပြီးဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအတွင်း ဆောင်ရွက်ရမည့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် နယ်စပ်ဖြတ်ကျော်ဂိတ်များတွင် ဆောင်ရွက်ရမည့် ကျန်းမာရေးလမ်းညွှန်ချက်များရရှိထားပြီး အထူးဒေသ (၄) မိုင်းလားတွင် တရုတ်နိုင်ငံမှ ပြန်လည်စေလွှတ်လိုက်သည့် မြန်မာနိုင်ငံသား ၃၆၀၇ ဦးကို မိုင်းလားဒေသတွင် Quarantine ၂၁ ရက်ထားရှိပြီးမှ ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ပို့ဆောင်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ စုပေါင်းနေထိုင်ရာနိုင်ငံဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါသည် မြို့ပြဒေသများတွင် အဖြစ်များ၍ အလေးထားဆောင်ရွက်နေသည်ဆိုသော်လည်း အဖြစ်မများသည့် တိုင်းရင်းသားဒေသများအား ပစ်ပယ်ထားခြင်းမရှိဘဲ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေကြသည်ကို လက်တွေ့မြင်တွေ့နေရပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ကိုဗစ်–၁၉ ရောဂါဘေးမှ ကင်းဝေးစေရေးအတွက် ချမှတ်ပေးထားသော ကျန်းမာရေးမူဝါဒများနှင့်အညီ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ် မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**လှိုင်းဘွဲ့ မေ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကိုဗစ် –၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက လိုအပ်သော အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ယနေ့ လာရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းမှုအနေဖြင့် လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ တားဆီးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရန်နှင့် ထိရောက်စေရန်၊ လိုအပ်နေသည့် ကျန်းမာရေးအသုံးအဆောင် ပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Hand Speaker ၁၈ ခု၊ လက်သန့်ဆေးရည်ဘူး ၆၀၊ N–95 နှာခေါင်းစည်း ၁၄၀၀၊ နှာခေါင်းစည်း ၉၀၀၀၊ သာမိုမီတာ ၂၄ ခု၊ လက်အိတ် ၁၀၀၀၊ ဆပ်ပြာခဲ ၅၀၀၊ အသိပညာပေး ဗီနိုင်း ၅၀၊ မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ပြည်သူများ အသုံးပြုရန်အတွက် ဘောစင်ခြောက်ခုတို့ကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အငယ်တန်း | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | – ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | – ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | – ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | – ဒေါ်ဇင်မာဝင့် |
| အကြီးတန်း | – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | အီးမေးလ်နှင့် အွန်လိုင်း | – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ၃၀-၄-၂၀၂၀ ရက်နေ့အထိ ပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါကြေညာချက်များအား ထုတ်ပြန်ထားခဲ့ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ခ ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ဂ ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်နိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြည်ဝင်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ပါသည်။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၁၁-၄-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံသားများအပါအဝင် မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအားလုံးအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိသည့်အချိန်မှစတင်၍ သတ်မှတ်နေရာများတွင် (၂၁)ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူခြင်းနှင့် မိမိနေအိမ်တွင် (၇)ရက်ကြာ သီးခြားနေထိုင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ Test Kits နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်း




**ရန်ကုန် မေ ၂၅**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Shinhan Financial Group မှ ကိုဗစ်-၁၉ Test Kits နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လီဆန်းဟွာနှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းတို့က အမှာစကားပြောကြားပြီး Shinhan Financial Group ၏ Myanmar Country Head ဖြစ်သူ CEO Mr. Kang Hyung Hun က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လီဆန်းဟွာနှင့် Shinhan Financial Group မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ Test Kits နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက Shinhan Financial Group မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဆေးသုတေသန ဦးစီးဌာနရှိ Molecular Laboratory အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ လှူဒါန်းမှုသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ရှင်းဟန်ဘဏ် (ရန်ကုန်ရုံးခွဲ)၊ ရှင်းဟန်အသေးစား ငွေချေးလုပ်ငန်းနှင့် ရှင်းဟန်ကတ်ဒ်တို့ပါဝင်သော ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Shinhan Financial Group မှ လူတစ်သောင်းကို စစ်ဆေးနိုင်သည့် ကိုဗစ်-၁၉ Test Kits (၁၀၀)နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊**
**ဓာတ်ပုံ-နေလင်း**

## မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် မေ ၂၅**
မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်)အကြား လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသောယှဉ်ပြိုင်မှုကို တစ်ပြေးညီ တိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့်ရရှိစေရေးနှင့် အများပြည်သူတို့၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူ သိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာ ယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေးလုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြု ထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှုမရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။ **သတင်းစဉ်**

## မင်းလှမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အသိပညာပေး

**အထက်မင်းလှ မေ ၂၅**
မကွေးတိုင်းဒေသကြီး မင်းလှမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နှာခေါင်းစည်းများ တပ်ဆင်ခြင်းမရှိဘဲ သွားလာနေသူများအား အသိပညာပေးခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက မင်းလှ-မင်းဘူးသွားကားလမ်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းလှမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်ကာလအတွင်း အပြင်မထွက်ဘဲ အိမ်မှာနေကြရန်နှင့် မဖြစ်မနေ အပြင်ထွက်ရပါက နှာခေါင်းစည်းတပ်ဆင်သွားလာကြရန်၊ လက်ကိုမကြာခဏစနစ်တကျဆေးရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များအတိုင်း လိုက်နာကြရန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

# နေပြည်တော် စည်ပင်ဧည့်ရိပ်သာရှိ Quarantine Center ၌ ဝန်ထမ်း ၄၈၄ ဦး ဝင်ရောက်လျက်ရှိပြီး ထပ်မံရောက်ရှိရန် ရှိနေ

သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်
ဓာတ်ပုံ-ကျော်ဇင်ထိုက်

နေပြည်တော် မေ ၂၅

အနယ်နယ်အရပ်ရပ်မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည့် ဝန်ထမ်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center မှ လက်ခံလျက်ရှိရာ ယနေ့အထိ Quarantine ဝင်ရောက်နေသည့် ဝန်ထမ်း ၄၈၄ ဦးရှိကြောင်း နေပြည်တော်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမာလာကြိုင်ထံမှ သိရသည်။



လက်ထောက်ညွှန်ကြားရေးမှူး
ဒေါက်တာဝင်းမာလာကြိုင်



နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center သို့ ဝင်ရောက်မည့် ဝန်ထမ်းများအား စာရင်းသွင်းဆောင်ရွက်စဉ်။

"ဒီ Quarantine Center ကို မတ် ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေရပ်ပြန်တွေနဲ့ နယ်စပ်ကနေ ပြန်လည်ရောက်ရှိလာသူတွေကို ထားပါတယ်။ နေရပ်ပြန် ၆၂၀ ကို ဒီမှာထားပြီး စောင့်ကြည့်ခဲ့ပါတယ်။ စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်ပြီးသူတွေ နေရပ်ပြန်သွားပါပြီ။ လက်ရှိမှာ ဆယ်ယောက်လောက် ကျန်ပါတယ်။ နေရပ်ပြန်တွေ နေထိုင်ခဲ့တဲ့နေရာတွေကို စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းနဲ့ သန့်ရှင်းရေးဆောင်ရွက်ပြီးမှ နောက်လူတွေကို ထားမှာဖြစ်ပါတယ်။

"စည်ပင်ဧည့်ရိပ်သာမှာ Quarantine ဝင်ရောက်နေတဲ့ ဝန်ထမ်း ၄၈၄ ဦး ရှိနေပါတယ်။ နောက်ရက်တွေမှာ ထပ်မံရောက်ရှိလာဖို့ ရှိပါတယ်။ မေ ၁၇ ရက်ကတည်းက စရောက်ကြတာပါ။ ဒီကိုရောက်တဲ့သူတွေထဲမှာ ထူးထူးခြားခြား ဖျားနာတာ မရှိပါဘူး။ Quarantine ဝင်တဲ့သူတွေကို တစ်ခန်းကို နှစ်ယောက်နှုန်းထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center သို့ ဝင်ရောက်မည့် ဝန်ထမ်းများကို ၂၄ နာရီ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့နှင့် အတူနေထိုင်ခဲ့သည့်သူများစာရင်း၊ သွားရောက်နေထိုင်ခဲ့သည့် အရပ်ဒေသ၊ နေထိုင်ခဲ့သည့်ကာလနှင့် ပြန်လည်စီးနင်းခဲ့သည့် မော်တော်ယာဉ်တို့ကို တာဝန်ကျဝန်ထမ်းများက စနစ်တကျစာရင်းသွင်းဆောင်ရွက်ကြသည်။

"လက်ရှိ Quarantine ဝင်နေတဲ့ ဝန်ထမ်းတွေကို နေ့စဉ် ကျန်းမာရေးစစ်ဆေးမှု နှစ်ကြိမ်လုပ်ပါတယ်။ နံနက် ၆ နာရီခွဲနဲ့ ညနေ ၅ နာရီခွဲတို့မှာ အဖျားတိုင်းတာခြင်းနဲ့ ကျန်းမာရေးစစ်ဆေးခြင်းတွေကို ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး သူတို့ကိုထားတဲ့အခန်းထဲမှာ နေထိုင်ခြင်းရှိ၊ မရှိကို ကျန်းမာရေး ဝန်ထမ်းတွေအပြင် တာဝန်ရှိသူတွေက ကင်းလှည့်စောင့်ကြပ်ကြည့်ရှုပါတယ်။ ဒါ့အပြင် Quarantine ဝင်ရောက်နေသူအချင်းချင်း စည်းကမ်းလိုက်နာအောင် သတင်းပို့စေတာတွေလည်း ရှိပါတယ်။

"ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ပြည်သူလူထုနဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေကပါ စိတ်ပူပန်မှုရှိနေပါတယ်။ Quarantine ဝင်တယ်ဆိုတာ ရောဂါကာကွယ်ပြီးသွားတာ မဟုတ်ပါဘူး။ Quarantine ဝင်ပြီးသွားပြီဆိုပြီး နေချင်သလိုနေ၊ စားချင်သလိုစားလို့ မရပါဘူး။ ကိုဗစ်- ၁၉ ရောဂါ ဘယ်အချိန်ပပျောက်မလဲ မသိသေးပါဘူး။ ပပျောက်သွားတဲ့ကာလအထိ လူတိုင်းက ကိုယ့်အသိ၊ ကိုယ့်သတိနဲ့ နေထိုင်မှ ရောဂါကင်းဝေးမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေစိတ်ပူတဲ့အချက်အနေနဲ့ကတော့ Quarantine ဝင်လိုက်လို့ သူတို့ကို ပတ်ဝန်းကျင်က ခွဲခြားဆက်ဆံမလားဆိုတာပါ။ Quarantine ဝင်ပြီးသားဝန်ထမ်းတွေ Quarantine ရက်ပြည့်လို့ ရုံးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်တဲ့အခါ Quarantine ဝင်ပြီးသူတွေကို ခွဲခြားဆက်ဆံဖို့မလိုသလို ရောဂါဖြစ်ပွားတဲ့ဒေသက ပြန်လာတဲ့သူတွေကိုလည်း ခွဲခြားဆက်ဆံဖို့မလိုပါဘူး။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ လိုက်နာရမယ့်အချက်တွေကို လိုက်နာပြီး Social Distancing, Mask အသုံးပြုခြင်းနဲ့ လက်ကိုစနစ်တကျ မကြာခဏဆေးကြောခြင်းတို့ကိုသာ ပြုလုပ်ပေးရမှာပါ" ဟု ဒေါက်တာဝင်းမာလာကြိုင်က ပြောသည်။

> **"ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ပြည်သူလူထုနဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေကပါ စိတ်ပူပန်မှု ရှိနေပါတယ်။ Quarantine ဝင်တယ်ဆိုတာ ရောဂါကာကွယ်ပြီးသွားတာ မဟုတ်ပါဘူး။ Quarantine ဝင်ပြီးသွားပြီဆိုပြီး နေချင်သလိုနေ၊ စားချင်သလိုစားလို့မရပါဘူး။ ကိုဗစ်-၁၉ ရောဂါ ဘယ်အချိန်ပပျောက်မလဲ မသိသေးပါဘူး။ ပပျောက်သွားတဲ့ကာလအထိ လူတိုင်းက ကိုယ့်အသိ၊ ကိုယ့်သတိနဲ့ နေထိုင်မှ ရောဂါကင်းဝေးမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေစိတ်ပူတဲ့ အချက်အနေနဲ့ကတော့ Quarantine ဝင်လိုက်လို့ သူတို့ကို ပတ်ဝန်းကျင်က ခွဲခြားဆက်ဆံမလားဆိုတာပါ။ Quarantine ဝင်ပြီးသားဝန်ထမ်းတွေ Quarantine ရက်ပြည့်လို့ ရုံးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်တဲ့အခါ Quarantine ဝင်ပြီးသူတွေကို ခွဲခြားဆက်ဆံဖို့ မလိုသလို ရောဂါဖြစ်ပွားတဲ့ဒေသက ပြန်လာတဲ့သူတွေကိုလည်း ခွဲခြားဆက်ဆံဖို့မလိုပါဘူး။ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ လိုက်နာရမယ့်အချက်တွေကို လိုက်နာပြီး Social Distancing, Mask အသုံးပြုခြင်းနဲ့ လက်ကို စနစ်တကျ မကြာခဏဆေးကြောခြင်းတို့ကိုသာ ပြုလုပ်ပေးရမှာပါ"**

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လက်ရှိ Quarantine ဝင်ရောက်နေသည့် ဝန်ထမ်းများကို စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်သည့်အခါ ၎င်းတို့နေထိုင်ရာ နေအိမ်များ၌ ခုနစ်ရက်တာ အသွားအလာ အကန့်အသတ်ဖြင့် ထပ်မံနေထိုင်ရမည်ဖြစ်ကြောင်း၊ မိသားစုနှင့် ဖက်လဲတကင်း နေထိုင်မှုမပြုရန်၊ နှာခေါင်းစည်းတပ်ဆင်ပြီး နေထိုင်ရန်၊ လက်ကို မကြာခဏဆေးကြောရန် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ Quarantine ဧရိယာအတွင်းသို့ Quarantine ဝင်မည့်သူများ ပို့ဆောင်ပေးသည့် မော်တော်ယာဉ်များကို ကျန်းမာရေးဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် Quarantine ဝင်ရောက်ကြသည့် ဝန်ထမ်းများ စားသောက်မှုအဆင်ပြေစေရန် သက်ဆိုင်ရာဌာနများနှင့် သက်ဆိုင်သူ မိသားစုများက ပေးပို့လာသည့် အစားအသောက်များကို Quarantine Center ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက တစ်နေ့လျှင် သုံးကြိမ် အခန်းအရောက် လိုက်လံပို့ဆောင်ပေးလျက်ရှိသည်။

နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဧည့်ရိပ်သာရှိ Quarantine Center သို့ Quarantine ဝင်ရောက်မည့် ဝန်ထမ်းများ ထပ်မံရောက်ရှိရန် ရှိနေသေးကြောင်း သိရသည်။

## မုဒုံမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

မုဒုံ မေ ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် အသိပညာပေးလှည့်လည်ဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့လိုက်လံဝေငှကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သိရှိရမည့်အချက်များ၊ ကာကွယ်ရေးနည်းလမ်းများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာရမည့်အချက်များ စသည်တို့ကို လိုက်လံဟောပြောခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ အသိပညာပေးပိုစတာများ လိုက်လံတပ်ဆင်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သဘာဝဘေး အန္တရာယ်နှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မုဒုံမြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာ့လူငယ်အရေးပေါ်ကယ်ဆယ်ရေးအသင်းနှင့် မေတ္တာစံအိမ်အသင်းတို့က မြို့မ(၂)ရက်ကွက်ရှိ ရွှေ့ပြောင်းလုပ်သားများနေထိုင်ရာ အုတ်ဖိုသို့လည်းကောင်း၊ ထို့နောက် ကွမ်တာကျေးရွာ၊ နိုင်းပြိုင်ကျေးရွာ၊ အနေးယာဉ်ဂိတ်များ၊ ဆိုင်ကယ်အငှားယာဉ်ဂိတ်များ၊ ဈေးဆိုင်တန်းနေရာများသို့လည်းကောင်း ပိုးသတ်ဆေးဖျန်းခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

## တနင်္သာရီ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်သူ့စာကြည့်တိုက်၊ လူထုအခြေပြုဗဟိုဌာနများအား ပိုးသတ်ဆေးဖျန်း

တနင်္သာရီ မေ ၂၅

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပြည်သူ့စာကြည့်တိုက်၊ လူထုအခြေပြုဗဟိုဌာနရှိ ကလေးစာဖတ်ခန်းအတွင်း ယနေ့ နံနက် ၉ နာရီက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဆောင်ရွက် ပေးမည်

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်၊ ဒု-ဦးစီးမှူး ဦးဖြိုးဝေဝင်းနှင့် မီးသတ်ဝန်ထမ်း ငါးဦးတို့က ပိုးသတ်ဆေးများ အခမဲ့ လာရောက်ဖျန်းပေးကြပြီး အခြားဌာနဆိုင်ရာရုံးများကိုလည်း ပိုးသတ်ဆေးဖျန်းပေးခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မီးသတ်ဦးစီးအရာရှိထံမှ သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



# နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ တားဆီးနိုင်ရေးအတွက် နေပြည်တော်ပြင်ပ သီးခြားဒေသများမှ ဝင်ရောက်လာသူများအား စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ တားဆီးနိုင်ရေးအတွက် နေပြည်တော်အတွင်း နေထိုင်ကြသည့် အများပြည်သူများ လိုက်နာနိုင်ရန် အမိန့်ကြော်ငြာချက်တစ်ရပ်ကို နေပြည်တော်ကောင်စီက ဧပြီ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

ထိုသို့ အမိန့်ကြော်ငြာချက် ထုတ်ပြန်ပြီးနောက် နေပြည်တော် ရှစ်မြို့နယ်သို့ ဝင်ရောက်နိုင်သည့် အမြန်လမ်းမကြီး (C) လမ်းဆုံဂိတ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း လယ်ဝေးမြို့နယ် သာဝတ္ထိဂိတ်၊ နေပြည်တော် တောင်ညိုဂိတ်နှင့် နေပြည်တော် တပ်ကုန်းအထွက်ဂိတ်တို့၌ ပူးပေါင်းအဖွဲ့များဖြင့် နေပြည်တော် ပြင်ပအခြားဒေသများမှ ဝင်ရောက်ကြမည့်သူများအား အချိန်ပြည့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ (C) လမ်းဆုံဂိတ်အနေနဲ့ လက်ရှိမှာ ကိုဗစ်-၁၉ Positive ဖြစ်နေတဲ့ မြို့နယ်တွေက လာတဲ့သူတွေ နေပြည်တော်ကို ဝင်မယ်ဆိုရင် ၂၁ ရက် Quarantine ဝင်ရမှာဖြစ်တယ်လို့ ရှင်းပြပါတယ်။ နေပြည်တော်ကို လုံးဝမဝင်ရဘူး မဟုတ်ပါဘူး။ Positive ဖြစ်နေတဲ့ မြို့နယ်တွေက ဆိုရင်တော့ Quarantine စင်တာတွေကို ပို့ပါတယ်။ Positive မဖြစ်တဲ့မြို့နယ်တွေက သူတွေဆိုရင်တော့ သူတို့သွားမယ့် နေရပ်လိပ်စာ၊ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို စနစ်တကျ မှတ်တမ်းရယူပြီးတော့ ခွင့်ပြုပေးပါတယ်။ ဒါပေမယ့် မနက် ၄ နာရီကနေ ည ၁၀ နာရီအထိပဲ ဝင်၊ထွက် ခွင့်ပေးထားပါတယ်။ ကျန်းမာရေးနဲ့ နာရေးကိစ္စတွေအတွက်တော့ ခြွင်းချက်အနေနဲ့ ခွင့်ပြုပါတယ်" ဟု နေပြည်တော် အမြန်လမ်း (C) လမ်းဆုံဂိတ်၌ တာဝန်ကျနေသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဝန်ထမ်းတွေဆိုရင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာမှာ Quarantine ၂၁ ရက် ဝင်ဖို့ ဂိတ်တာဝန်ရှိသူတွေနဲ့ စုပေါင်းပြီး စည်ပင်ဧည့်ရိပ်သာ စောင့်ကြည့်ရေးစင်တာကို သေချာလိုက်လံပို့ဆောင်ပေးပါတယ်။ ဒီနေ့အထိတော့ (C) လမ်းဆုံဂိတ်ကနေ ပြန်ဝင်လာတဲ့ ဝန်ထမ်းတွေရှိပါသေးတယ်။ ဝန်ထမ်းမဟုတ်တဲ့ သူတွေကိုတော့ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကို အကြောင်းကြားပြီး သူတို့ကို Quarantine ထားမယ့်နေရာအရောက် လိုက်လံပို့ဆောင်ပေးပါတယ်။ Positive ဖြစ်တဲ့ ဧရိယာတွေက လာတဲ့သူတွေ နေပြည်တော်ကို ဝင်ချင်တယ်ဆိုရင် Qurantine ဝင်ရမယ်ဆိုတော့ လှည့်ပြန်သွားကြတာတွေ များပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နေပြည်တော်သို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြသူများအား နေပြည်တော် ဝင်ပေါက်ဂိတ်များ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများက အပူချိန်တိုင်း ကိရိယာများဖြင့် အပူချိန်စမ်းသပ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပူးပေါင်းအဖွဲ့များမှ တာဝန်ရှိသူများကလည်း မှတ်တမ်းရယူခြင်း၊ စာရင်းရေးသွင်းခြင်းတို့အပါအဝင် ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်သို့ ဝင်ရောက်နိုင်သည့် ဝင်ပေါက်ကြီး လေးပေါက်အပြင် အခြားဝင်ပေါက်ငယ်များမှ စစ်ဆေးခံမှုမပြုဘဲ ဝင်ရောက်မှုမရှိစေရန် ရဲကင်းများချထားပြီး တာဝန်ရှိသူများက စနစ်တကျစောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှု မပြတ်လပ်စေရေးအတွက် သားငါးနှင့် အခြားကုန်စည်များကို (C) လမ်းဆုံဂိတ်တွင် ကုန်စည်များအတင်၊ အချပြုလုပ်ပြီး သယ်ယူပို့ဆောင်လျက်ရှိရာ စားသောက်ကုန်နှင့် အခြားကုန်စည်များ ပုံမှန်စီးဆင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သာဝတ္ထိဂိတ်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ရှိတဲ့အတွက် ကုန်တင်ကားတွေ၊ ဆီဘောက်ဆာကားတွေ၊ အခြားလုပ်ငန်းသုံးကားတွေနဲ့ အိမ်စီးကားတွေက ဒီဂိတ်ကို အမြဲဖြတ်သန်းနေတာပါ။ လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်နေတဲ့အတွင်း ဝင်၊ ထွက်ပေါက်တွေကို ကျန်းမာရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စစ်ဆေးတယ်။ ကျန်းမာရေးအဖွဲ့တွေရဲ့ လုံခြုံရေးကိုလည်း ဆောင်ရွက်ပေးရတယ်။ ဂိတ်ကိုရောက်ရှိလာတဲ့ ယာဉ်မောင်းနဲ့ ယာဉ်ပေါ်ပါလာသူအားလုံးကို အမည်စာရင်းနဲ့ အချက်အလက်အပြည့်အစုံကိုလည်း ရဲတပ်ဖွဲ့တွေက သီးခြားကောက်သလို ကျန်းမာရေးဌာနက ဝန်ထမ်းတွေကလည်း စာရင်းကောက်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး အပူချိန်မြင့်တာတို့ တစ်ခုခု ထူးခြားတာရှိရင် ကျွန်တော်တို့က လူမှုအဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး သယ်ယူပို့ဆောင်ရေးအတွက် အဆင်သင့်ဖြစ်အောင် လုပ်ထားပါတယ်။ ဝန်ထမ်းတွေဆိုရင်လည်း စည်ပင်ဧည့်ရိပ်သာ၊ ပြည်သူတွေဆိုရင်တော့ သက်ဆိုင်ရာ Quarantine ထားရှိမယ့် နေရာတွေကို ပို့ဆောင်ပေးပါတယ်။ အဲဒီလို ပို့တဲ့အခါမှာလည်း ကျွန်တော်တို့ ရဲတပ်ဖွဲ့က လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးရပါတယ်။ အခုဂိတ်က ပုံမှန်ကုန်ကားကြီးတွေ တစ်နေ့ကို အစီးရေနှစ်ရာဝန်းကျင်ထိ ဖြတ်ပါတယ်။ ကျန်တဲ့အိမ်စီးကား၊ ကျောက်တင်တဲ့ ကားတွေရှိမယ်။ များတာကတော့ ကျောက်တင်ကားနဲ့ အိမ်စီးကားလေးတွေ များတယ်။ ကားလေးတွေကတော့ ဒီနားတစ်ဝိုက် ဖြတ်သန်းသွားလာနေကြတာပါ" ဟု လယ်ဝေးမြို့မရဲစခန်းမှ သာဝတ္ထိစစ်ဆေးရေးဂိတ် တာဝန်ခံ ရဲအုပ် အောင်ဇော်လင်းက ပြောသည်။

သာဝတ္ထိဂိတ်မှ တာဝန်ကျ ကျန်းမာရေးမှူး ဦးအောင်မြင့်ကျော်က "ကျွန်တော်တို့ သာဝတ္ထိဂိတ်က နေပြည်တော်ထဲကို ဝင်လာတဲ့ကားမှန်သမျှ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အဖျားတိုင်းတာခြင်းဆောင်ရွက်ပါတယ်။ အဲဒီမှာ အဖျားရှိတဲ့သူတွေဆိုရင် သက်ဆိုင်ရာ Quarantine နေရာတွေကို ပို့ပေးပါတယ်။ ဝန်ထမ်းတွေ ပါလာခဲ့ရင်လည်း စည်ပင်ဧည့်ရိပ်သာကို ပို့ပေးပါတယ်။ နေပြည်တော်လာတဲ့ကား မဟုတ်ဘဲ ဖြတ်သန်းသွားမယ့် ကုန်ကားတွေကိုဆိုရင် ဒီကဝင်လာတဲ့သူတွေကို စာရင်းပြုစုပြီး အဖျားတိုင်းပြီးတဲ့အခါ အထွက်ဂိတ်တွေကို လှမ်းပြီးတော့ အကြောင်းကြားပါတယ်။ အဲဒီလိုအကြောင်းကြားတဲ့အတွက် တစ်ဖက်ဂိတ်ကတာဝန်ရှိသူတွေကလည်း ဒီကဖြတ်လာတဲ့ ကားဟာ ဂိတ်ကဖြတ်သန်းသွားတယ်၊ လူဘယ်နှဦးပါတယ်ဆိုတာကအစ အကြောင်းပြန်ကြားပါတယ်။ ဒီဂိတ်အနေနဲ့ကတော့ လူစီးကားတွေထက် ကုန်ကားတွေများပါတယ်။ ဂိတ်ကဖြတ်သွားတဲ့သူတွေထဲမှာ ဆိုးဆိုးရွားရွားဖျားနာပြီး အပူချိန်မြင့်မားနေတာမျိုးမတွေ့ရသေးပါဘူး" ဟု ပြောသည်။

နေပြည်တော်အဝင် ဂိတ် လေးဂိတ်မှ တာဝန်ရှိသူများအနေဖြင့် နေပြည်တော်ဧရိယာအတွင်းရှိ ကျေးရွာများမှ ပြည်သူများ မြို့ထဲသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုပါက ဝင်၊ ထွက်သွားလာနိုင်ရေး စနစ်တကျဆောင်ရွက်ပေးလျက်ရှိပြီး မြို့ဧရိယာများအတွင်းမှ အကြောင်းအမျိုးမျိုးဖြင့် ပြင်ပသို့ သွားရောက်လိုပါကလည်း စနစ်တကျသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ- ကျော်ဇင်ထိုက်**





ကျန်းမာရေးမှူး ဦးအောင်မြင့်ကျော်



ရဲအုပ် အောင်ဇော်လင်း

**လက်ရှိမှာ ကိုဗစ်-၁၉ Positive ဖြစ်နေတဲ့ မြို့နယ်တွေကလာတဲ့သူတွေ နေပြည်တော်ကို ဝင်မယ်ဆိုရင် ၂၁ ရက် Quarantine ဝင်ရမှာဖြစ်တယ်လို့ ရှင်းပြပါတယ်။ နေပြည်တော်ကို လုံးဝမဝင်ရဘူး မဟုတ်ပါဘူး။ Positive ဖြစ်နေတဲ့ မြို့နယ်တွေက ဆိုရင်တော့ Quarantine စင်တာတွေကို ပို့ပါတယ်။ Positive မဖြစ်တဲ့ မြို့နယ်တွေက သူတွေဆိုရင်တော့ သူတို့သွားမယ့် နေရပ်လိပ်စာ၊ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို စနစ်တကျ မှတ်တမ်းရယူပြီးတော့ ခွင့်ပြုပေးပါတယ်။ ဒါပေမယ့် မနက် ၄ နာရီကနေ ည ၁၀ နာရီအထိပဲ ဝင်၊ထွက် ခွင့်ပေးထားပါတယ်။ ကျန်းမာရေးနဲ့ နာရေးကိစ္စတွေအတွက်တော့ ခြွင်းချက်အနေနဲ့ ခွင့်ပြုပါတယ်**

# စိတ်ရောဂါတွေ မတိုးစေဖို့

ခင်မောင်ညို (ဘောဂဗေဒ)

လန်ဒန်မှာ အဝင်အထွက်တွေ ကန့်သတ်လိုက်တော့ ၃၃ နှစ်အရွယ် ပန်းချီကားအရောင်းအဝယ် လုပ်တဲ့သူ တစ်ယောက်အတွက်ကတော့ အေးအေးဆေးဆေးပါ။ အရက်စွဲလို့ ဆေးရုံတက်ပြီး နှစ်ခါလောက် အရက်ဖြတ် ဖူးတဲ့အတွေ့အကြုံရှိတာကိုး။ အခုအခါပြန်ကောင်းလာခဲ့ ပါပြီ။ ဆေးရုံမှာတော့ သူ့ရဲ့လှုပ်ရှားမှုတွေအားလုံးကို ထိန်းချုပ်ထားတာခံရတယ်။ အချိန်မှန်မှန်စားရတယ်။ လမ်းလျှောက်ရတယ်။ ပုံမှန်အလုပ်လုပ်ရတယ်။ အချိန် မှန်အိပ်ရာက ထရတယ်။ အဲဒီတုန်းက အလေ့အကျင့်ဟာ အခုတော့ အဆင်ပြေနေပြီ။ တခြားဗြိတိန်သားတွေလိုပဲ လန်ဒန်မြို့ပိတ်ထားတာမှာ မိနေပြီ။ နေထိုင်တဲ့သူတွေဟာ ကန့်သတ်ချက်တွေ အများကြီးနဲ့နေရပြီး အပြင်ထွက်ဖို့ ခက်တယ်။ အစိုးရကဆိုရင် ကိုယ်နဲ့အတူနေတဲ့သူ မဟုတ်ရင် မိသားစုကိုတောင်မှ မတွေ့ပါနဲ့တဲ့။

နေရထိုင်ရခက်တဲ့အခါမျိုးဆို ကိုယ့်ကိုယ်ကိုယ် အိပ်ရာပြင်၊ ရေချိုး၊ စားလို့ပြောတယ်။ နံနက်တိုင်း သူကံ ကောင်းတာတွေ ချရေးတယ်။

သဘာဝဘေးရန်အစ စစ်ပွဲတွေအဆုံး စိတ်ထိခိုက် စရာတွေဟာ လူတွေရဲ့ကျန်းမာရေးကို ထိခိုက်တယ်။ ကိုဗစ်-၁၉ လည်း ဒီလိုပါပဲ။ ကူးစက်မှာကြောက်ရတာက တစ်မျိုး၊ ချစ်ခင်ရင်းနှီးသူတွေ မကျန်းမာမှာ စိုးရတာက တစ်မျိုး ဘဝနဲ့ပတ်သက်လို့ မရေရာ မသေချာတာတွေ အများကြီးဖြစ်နေတယ်။ ကမ္ဘာ့လူဦးရေရဲ့ ငါးပုံတစ်ပုံ လောက် အဝင်အထွက်ပိတ်ခံထားရတာ အထီးကျန်ဆန် တယ်လို့ ခံစားရ၊ သောကတွေရောက်ရ၊ စိတ်ဓာတ်တွေ ကျကြ။

ဗိုင်းရပ်စ်ပိုးမပြန့်ရအောင် အဝင်အထွက် ပိတ်တာ၊ လူတစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေရတာတွေ ဟာ လူ့သဘာဝနဲ့တော့ တယ်မကိုက်ပါဘူး။ တစ်ယောက် နဲ့တစ်ယောက် ထိတွေ့တာတွေ၊ လူမှုကွန်ရက်တွေက လူတွေအတွက်ရော၊ တိရစ္ဆာန်တွေအတွက်ရော လိုအပ် တယ်။ အဖော်နဲ့အပေါင်းနဲ့ နေတတ်တဲ့သတ္တဝါတွေမှာ သောကပွားစေတဲ့ ဟော်မုန်းနည်းပါသတဲ့။

### ကူးမှာစိုးရိမ်လာ

အီတလီအစိုးရက တစ်နိုင်ငံလုံးခပ်ခွာခွာနေခိုင်းတာ တစ်လလောက်ပဲရှိသေးပေမယ့် လူတွေစိတ်ဝေဒနာ စခံစားရပြီ။ ကိုဗစ်-၁၉ ကြောင့် လူပေါင်း တစ်သောင်း သုံးထောင်ကျော်သေခဲ့ပြီ။ လူနာ အသည်းအသန်ခန်းမှာ စောင့်ကြပ်ကြည့်ရှုတဲ့ သူနာပြုဆရာမနှစ်ယောက်က ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတယ်။ အီတလီအမျိုးသား သူနာပြုအဖွဲ့ချုပ်ရဲ့ အပြောအရဆိုရင်တော့ သူနာပြု တစ်ယောက်ဟာ နေမကောင်းဖြစ်လာပြီး သူကနေလူနာ တွေကို ကူးမှာစိုးရိမ်လာတယ်တဲ့ (တကယ်တော့ သူ့မှာ ရောဂါပိုးမတွေ့သေးပါဘူး)။ အီတလီနောက်ကနေ အတားအဆီးတွေလိုက်လုပ်တဲ့ ဂျာမနီမှာ စီးပွားရေး ထိခိုက်မှုတွေအတွက် စိုးရိမ်တယ်ပြောတဲ့ ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးဟာ မတ်လ ၂၈ ရက်နေ့မှာ သတ်သေ သွားခဲ့တယ်။

လူတွေ စိတ်ဒုက္ခရောက်နေကြပြီဆိုတာ သဘော ပေါက်နားလည်တဲ့သူတွေလည်း များလာတယ်။ ဒါကြောင့် ဗြိတိန်မှာ စိတ်ကျန်းမာရေးလမ်းညွှန်ချက် တွေကို ကျန်းမာရေးဌာနက မတ်လ ၂၉ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ ရောဂါစမဖြစ်ခင်နဲ့ နှိုင်းစာ ရင် အနာဂတ်ကို အကောင်းမြင်ဖို့ ခက်တယ်လို့ ဗြိတိန် ပြည်သူ ၆၂ ရာခိုင်နှုန်းက ဖြေတယ်။ စားဝတ်နေရေး လုံးပန်းရသလို စိတ်သောကတွေနဲ့လည်း နပန်းလုံးနေကြ ရတယ်။ စိတ်ဝေဒနာကို ကုစားဖို့ ဆွေးနွေး နှစ်သိမ့်ပေးတဲ့ ဖုန်းလိုင်းတွေ ထောင်ပေးရတယ်။

တချို့လူတွေက သူများထက်ပိုပြီး စိတ်ဆင်းရဲကြရ တယ်။ ကျန်းမာရေးဝန်ထမ်းတွေဟာ ဗိုင်းရပ်စ်ကူးစက်မှု ဒဏ်ကို အခံရနိုင်ဆုံးသူတွေပါ။ ဒါပေမဲ့ ရဲဘော်ရဲဘက် စိတ်နဲ့ လူတွေကို ကူညီနေရာမှာ ပါဝင်နေတယ်ဆိုတဲ့ စေတနာတွေကြောင့် စိတ်ဓာတ်မကျဘဲ ကြံ့ကြံ့ခံနိုင်ကြ တယ်။ ဒါပေမဲ့ ဆရာဝန်နဲ့သူနာပြုအတော်များများဟာ ကူးစက်နိုင်တယ်ဆိုပြီး မိသားစုနဲ့တခြားစီနေခိုင်းတော့ သောကပိုများစရာတွေ ဖြစ်ကုန်တယ်။

တချို့နိုင်ငံတွေမှာ ကျန်းမာရေးဝန်ထမ်းတွေအတွက် အကာအကွယ်ပစ္စည်း အပြည့်အစုံမရှိတာကလည်း သောက ပိုကြီးအောင် လုပ်ရာရောက်နေတယ်။ ခုခံအားနည်းတဲ့ လူနာတစ်ယောက်ကို စောင့်ရှောက်ကုသပေးတယ်ဆိုရင် ကိုယ်လည်း ရောဂါအကူးခံရနိုင်တယ်လို့ ကျန်းမာရေး ဝန်ထမ်းတွေက စိုးရိမ်ပူပန်ကြတယ်။ ဒါပေမဲ့ သူတို့မှာ ကာကွယ်ရေးအသုံးအဆောင် အပြည့်အစုံရှိတယ်။ ဒါကြောင့်လည်း ကူးစက်မယ့်အန္တရာယ်ကို ရင်ဆိုင်ရဲကြ တယ်။ ကိုဗစ်-၁၉ က ပိုပြီးကူးလွယ်တယ်။ အဝတ် မပါဘဲ မီးလောင်ပြင်သွားရတာနဲ့တူတယ်လို့ တင်စားကြတယ်။

> **ဘယ်လောက်ပဲတင်းကျပ်တင်းကျပ်ပါ ဖြေနည်းတွေကတော့ ရှိနေပါတယ်။ လူတွေအများကြီး ပြည့်နေတဲ့လမ်းတွေထဲမှာ သူတို့နေနေတယ်ဆိုတာ ပြန်လည်ရှာဖွေတွေ့ရှိသွားတယ်။ ခါတိုင်းဆို အိမ်နီးချင်းတွေကြောင့် စိတ်တိုရပေမယ့် အခုလို အကျပ်အတည်းတွေ့တဲ့အခါ သူတို့ကြောင့် စိတ်သက်သာရာရစေတယ်။ ထိခိုက်လွယ်တဲ့သူတွေကို ကူညီမယ့်စေတနာရှင် အဖွဲ့တွေ၊ လုပ်အားပေးအဖွဲ့တွေလည်း ပေါ်ပေါက်လာနေတယ်။ ကူညီဝိုင်းဝန်းမယ့်သူတွေ ရှိနေတယ်ဆိုတာသိရင် သောကလျော့စေတယ်။**

### အများကြီးဆုံးရှုံး

ပြည်သူလူထုထဲမှာလည်း အထူးသဖြင့် စိတ်ပူတဲ့ သူတွေရှိတယ်။ သန်းချီပြီးတော့ အလုပ်လက်မဲ့ဖြစ်သွား တဲ့သူတွေဟာ ဝင်ငွေသာဆုံးရှုံးတာ မဟုတ်ဘူး။ သူတို့ရဲ့ အမှတ်သင်္ကေတ ပုံမှန်လုပ်ရိုးလုပ်စဉ်တွေအပြင် လူမှုကွန်ရက်တွေကိုပါ အများကြီးဆုံးရှုံးတာဖြစ်တယ်။

မိတ်ဆွေတွေနဲ့ပဲနေလေ့ရှိတဲ့ တစ်ကိုယ်တော်သမား တွေ၊ အိမ်ထောင်ဖက်တွေနဲ့ခွဲနေရတဲ့သူတွေဆိုရင်လည်း အခုဆိုရင် တစ်ယောက်တည်းနေရတဲ့အချိန်တွေ များလာ တယ်၊ အုပ်စုလိုက် လေ့ကျင့်ခန်းလုပ်တတ်တဲ့သူတွေ၊ အပြင် ထွက် တာကြိုက်တဲ့သူတွေဆိုရင်လည်း ကိုယ့်အခန်းကျဉ်း ကျဉ်းလေးထဲမှာ နေနေရ၊ အင်တာနက်နဲ့ သင်တန်းတွေ တက်ရနဲ့ လုပ်နေကြရတယ်။ ၂၉ နှစ်အရွယ် ဘဏ္ဍာရေး ပညာရှင်တစ်ယောက်ကတော့ နံနက်တိုင်းပြေးလို့ ရနေ သေးပေမယ့် မောလို့ထိုင်လိုက်တာနဲ့ ရဲက လာမောင်းထုတ် တော့တာပဲတဲ့။ အဲသလိုမှ အပြင်မထွက်ရင် ရော်ဘင်ဆန်က ရူးဆိုးလို ကျွန်းပေါ် တစ်ယောက်တည်းရောက်နေရပြီး အင်တာနက်က Netflix ထိုင်ကြည့်နေရတဲ့သူဖြစ်တော့ မယ်တဲ့။

ဗိုင်းရပ်စ်ကြောင့် အန္တရာယ်သိပ်မရှိတဲ့သူတွေတောင် သီးခြားနေနေရတော့ စိတ်ရောဂါရနေကြပြီ။ ၁၈ နှစ်နဲ့ ၃၄ နှစ်ကြား ဗြိတိန်ပြည်သူ ၆၇ ရာခိုင်နှုန်းက ဆက်ပြီးတက်ကြွဖို့ ခက်တယ်တဲ့။ အသက် ၅၅ နှစ်နဲ့ ၇၅ နှစ်ကြားလူတွေရဲ့ ၅၄ ရာခိုင်နှုန်းက တက်ကြွဖို့ခက်တယ်လို့ဆိုတယ်။

တက်ကြွလှုပ်ရှားနေတဲ့အရွယ်တွေက တက်ကြွဖို့ ပိုခက်တာ ဖြစ်နိုင်ပါတယ်။

လနဲ့ချီပြီး အဝင်အထွက်တွေပိတ်ရမယ်ဆိုရင် အသက်ကြီးတဲ့သူတွေက ပိုပြီးဒုက္ခရောက်နိုင်ပါတယ်။ အိမ်အပြင်မထွက်ရဘူးလို့ မတားဆီးခင်ကတည်းက သူတို့ ဟာ အထီးကျန်ဖြစ်နေပြီးသားပါ။ ဥရောပမှာ တစ်ယောက် တည်းနေတဲ့ အမျိုးသမီးကြီးတွေက အမျိုးသားကြီးတွေထက် နှစ်ဆကျော် များပါသတဲ့။ စိတ်ဓာတ်မကျအောင်က မိသားစု တွေ၊ မိတ်ဆွေတွေနဲ့တွေ့ချင်တွေ့၊ အလုပ်တစ်ခုခုကို ပုံမှန်လုပ်ချင်လုပ်။ အီတလီမှာ အဝင်အထွက်အပိတ်ခံ ထားရတဲ့ အသက်ရှစ်ဆယ်အရွယ်အဘိုးအိုကတော့ ဆယ်မိုင် လောက်ဝေးတဲ့နေရာက သူ့မြေးတွေကို မတွေ့ရတာဟာ အဆိုးဆုံးပဲတဲ့။

အနေအထိုင်ကျဉ်းကျပ်၊ လုံခြုံရေးကိုစိတ်ပူ၊ ကျန်းမာ ရေး၊ ငွေရေးကြေးရေးတွေ သောကရောက်နေတဲ့သူတွေက အိမ်တွင်းအကြမ်းဖက်မှုတွေ ပိုများလာတာကို တွေ့ရတယ်။ ကုလသမဂ္ဂ ကျွမ်းကျင်သူတစ်ယောက်ရဲ့အဆိုအရဆိုရင် အပြင်မထွက်ရသတ်မှတ်ထားတဲ့ တချို့နိုင်ငံတွေမှာ အိမ်တွင်း အကြမ်းဖက်မှုဟာ သုံးပုံတစ်ပုံလောက်များလာသတဲ့။

### နှစ်ချီပြီးကြာနိုင်

အခုလိုအဝင်၊အထွက်တားဆီးတာ၊ ပိတ်ဆို့တာတွေကို အရင်ကမကြုံဖူးဘူး။ ဒါပေမဲ့ သူတို့ကြောင့် စိတ်ဒဏ်ရာ တွေတော့ ကြီးကြီးမားမားရမယ်လို့ တွက်ဆကြတယ်။ ဝေဒနာတွေဟာ နှစ်ချီပြီး ကြာနိုင်သတဲ့။ ၁၉၇၅ ခုနှစ်က ဗီယက်နမ်စစ်ပွဲပြီးသွားပေမယ့် ၁၉၈၀ ပြည့်နှစ်မှာ သုတေသနလုပ်ကြည့်တော့ စစ်ပြန်တွေဟာ သောကတွေ ဖိစီးနေကြတုန်းပါ။

၂၀၀၃ ခုနှစ်တုန်းက ဆားစ်(SARS) ရောဂါဝိုင်းဝန်းကုသ ပေးခဲ့ကြတဲ့ ဆေးရုံဝန်ထမ်းတွေကို ၂၀၀၉ ခုနှစ်မှာ သုတေသနလုပ်ကြည့်တော့ အဝင်အထွက်ပိတ်ထားတဲ့ဒဏ် ကြောင့် သုံးနှစ်လောက်ကြာချိန်မှာ သောကပွားနေဆဲဖြစ်နေ ကြတယ်။ ၂၀၀၉ ခုနှစ်တုန်းက အဝင်အထွက်အပိတ်ခံရ တဲ့ဒဏ်ကြောင့် စိတ်ဝေဒနာဖြစ်ကြတာတွေကို ၂၀၁၃ ခုနှစ် အထိ တွေ့ရတုန်း။ ကလေးတွေဆို လေးဆပိုပြီးဒဏ်ခံကြရ တယ်။ မိဘတွေက ၂၈ ရာခိုင်နှုန်းလောက်ပဲ စိတ်ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရတယ်။ အဝင်အထွက်အပိတ်မခံရတဲ့ သူက ခြောက်ရာခိုင်နှုန်းလောက်ပဲ စိတ်ဝေဒနာခံစားကြရတယ်။

အဝင်အထွက်ပိတ်တာကြာလေ စိတ်ကျန်းမာရေး ထိခိုက်လေပဲ။ ဆယ်ရက်ကျော်အပိတ်ခံရတဲ့သူက ဆယ်ရက် လောက်အပိတ်ခံရတဲ့သူထက် ပိုဆိုးတယ်။ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ အီရတ်က စစ်စခန်းမှာ သွားရောက် လုပ်ကိုင်ခဲ့တဲ့ ဩစတြေးလျအမျိုးသမီးတစ်ယောက်က တော့ နောက်ပိုင်းသွားတာတောင်မှ စိတ်ဝေဒနာက ခံစား ရတုန်းပဲတဲ့။ စစ်နဲ့ကပ်ရောဂါနဲ့တော့ မတူပေမယ့် လွတ်လပ်မှုမရှိတာ၊ အန္တရာယ်ရှိတာတော့ တူပါတယ်။ ဟိုတုန်းက ရွေးပိုင်ခွင့်ရှိပေမယ့် အခုတစ်ခါ ဖြစ်တာက တော့ ဘယ်သူမှမလွတ်ဘူး။ ဟိုတုန်းက ရွေးချယ်ခွင့်ရှိ သေးတယ်။

အီရတ်မှာတုန်းက လုပ်ဖော်ကိုင်ဖက်အတော် များများဟာ ပျင်းတာရယ်၊ ကြောက်တာရယ်ကြောင့် အရက်သမားတွေဖြစ်ကုန်ကြတယ်။ အခုလည်း အရက် အရောင်းတက်တာကိုကြည့်ရင် ဟိုတုန်းကနဲ့ အတူတူပဲ လို့ တွက်လို့ရတယ်။ ဗြိတိန်မှာ ၂၀၁၉ ခုနှစ်ထက် သုံးပုံနှစ်ပုံ တက်သွားတယ်။

သိပ်လည်း သောကမများတဲ့ ပတ်ဝန်းကျင်မှာ လိုလိုလားလား အဝင်အထွက် အပိတ်ခံရတဲ့သူတွေက တော့အခုအခြေအနေမှာ သက်သာရာရအောင် ဘယ်လို လုပ်ကြမလဲဆိုတာ နမူနာပြနိုင်ပါတယ်။ အထင်ရှားဆုံး သာဓကက အာကာသယာဉ်မှူးတွေပါပဲ။ မိတ်ဆွေတွေ၊ လူသားတွေနဲ့ အချိန်အကြာကြီးခွဲရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ နှလုံးကိုလည်း ဒုက္ခပေး၊ သောကတွေပွား၊ စိတ်ဓာတ်ကတက်လိုက်၊ ကျလိုက်ဖြစ်၊ နေရထိုင်ရတာက လည်း ကျဉ်းကျဉ်းကျပ်ကျပ်။ ဗွတ်အတင်းနီးနီးကပ်ကပ် နေခိုင်းတာမျိုးနဲ့ကြုံရတဲ့ အတွဲတွေကျတော့လည်း အခြေအနေကတစ်မျိုး။ လင်ကွဲမယားကွဲတွေ များလာပြန် တယ်တဲ့။

### အထီးကျန်နိုင်တာကို ကုစားနိုင်

အာကာသယာဉ်မှူးဟောင်း တစ်ဦးကတော့ ပုံမှန်အလုပ်လုပ်ပါ။ နေ့တိုင်းဒိုင်ယာရီရေးပါ။ ဒါဆိုရင် အထီးကျန်နိုင်တာကို ကုစားနိုင်ပါသတဲ့။ ဖြစ်နိုင်ရင် ဖြစ်နိုင်သလောက် အပြင်ထွက်ကြည့်ဖို့ကိုလည်း အဲဒီ အာကာသယာဉ်မှူးဟောင်းကနေ တိုက်တွန်းတယ်။ သူကတော့ သဘာဝတရားကို အစိမ်းရောင်တွေ၊ မျက်နှာ ပေါ်နေရောင်ကျတာတွေ၊ အနံ့တွေကိုပါ စွဲလမ်းစပြုလာ သတဲ့။

ဘယ်လောက်ပဲတင်းကျပ်တင်းကျပ်ပါ ဖြေနည်း တွေကတော့ ရှိနေပါတယ်။ လူတွေ အများကြီး ပြည့်နေတဲ့ လမ်းတွေထဲမှာ သူတို့နေနေတယ်ဆိုတာ ပြန်လည်ရှာဖွေ တွေ့ရှိသွားတယ်။ ခါတိုင်းဆို အိမ်နီးချင်းတွေကြောင့် စိတ်တိုရပေမယ့် အခုလိုအကျပ်အတည်းတွေ့တဲ့အခါ သူတို့ကြောင့် စိတ်သက်သာရာရစေတယ်။

ထိခိုက်လွယ်တဲ့သူတွေကို ကူညီမယ့်စေတနာရှင် အဖွဲ့တွေ၊ လုပ်အားပေးအဖွဲ့တွေလည်း ပေါ်ပေါက် လာနေတယ်။ ကူညီဝိုင်းဝန်းမယ့်သူတွေရှိနေတယ်ဆို တာသိရရင် သောကလျော့စေတယ်။ ဒီအကျပ်အတည်း ကြောင့် အရင်ကကြည့်မရတဲ့သူတွေကို ခင်မင်လာတယ်။ မကြားချင်ခဲ့တဲ့ အသံတွေဟာ သာယာလာတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ပြတင်းပေါက်တွေ၊ တံခါး ဘောင်တွေကနေထွက်ပြီး လက်ခုပ်တီးကြ၊ အိုးတွေခွက် တွေတီး အားပေးကြတာမျိုးကို ဗြိတိန်၊ အီတလီနဲ့ နယ်သာလန်မှာတွေ့ရတယ်။

အပြည့်အဝ ကျေနပ်စရာမဟုတ်ပေမယ့် မိတ်ဆွေ တွေ မိသားစုတွေကို ဗီဒီယိုနဲ့ပြောလို့ဆိုလို့တော့ ရနေ သေးတယ်။ မိတ်လည်းမပျက်တော့ဘူးပေါ့။ အခြေအနေ ပုံမှန်ဖြစ်ရင်တော့ အပြင်မှာ ပြန်တွေ့ရတာလောက် မကောင်းပေမယ့် လောလောဆယ် အာသာပြေပေါ့။ မျက်လုံးချင်း စိုက်ကြည့်ရတာ၊ လူကိုယ်တိုင်မြင်ရတာကို လည်း အရင်ကထက်ပိုပြီး မက်မောတန်ဖိုးထားစရာ ဖြစ်လာမှာပါ။ ။

ကိုးကား။ ။The Economist Apr 4th 2020

---

## အင်းစိန်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့သော ရပ်ကွက်များရှိ လမ်းများအား ပိုးသတ်ဆေးဖျန်း

ရန်ကုန် မေ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်စေရန် ရည်ရွယ်၍ အင်းစိန်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့သော ရပ်ကွက်များရှိ လမ်းများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက် ခြင်းကို ယမန်နေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ရာ၌ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ ကွင်းမွေး(၃) လမ်းနှင့် ရွာမအရှေ့ ရပ်ကွက်ရှိ သုမေတ္တာလမ်းတို့အား အင်းစိန်မြို့နယ် မီးသတ် ဦးစီးမှူး ဦးရန်နိုင်ဖြိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် အင်းစိန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်များ အတွင်းရှိ လမ်းများ၊ လူစည်ကားရာနေရာများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ မှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။


ဇွဲထက်ကို(ပြန်/ဆက်)




# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ

အပိုင်း(၁)






၁

ပထမဦးစွာ အင်တာနက် ဖွင့်ထားပေးရပါမယ်။





၂

Chrome(သို့မဟုတ်) Firefox(သို့မဟုတ်)အခြား မိမိဖုန်းထဲရှိ Browser ကို အသုံးပြုရပါမယ်။





၃

လိပ်စာမှာ sawsawshar.gov.mm ဆိုပြီး ရိုက်ထည့်ရပါမယ်။




၄

ဒီလိုပုံစံတွေ့ရပြီး Download ကို နှိပ်ရပါမယ်။





၅

Ok ကို နှိပ်ရပါမယ်။





၆

Open ကို နှိပ်ပေးရပါမယ်။





၇

INSTALL ကို နှိပ်ပေးရပါမယ်။




၈

OPEN ကို နှိပ်ပြီး အက်ပလီကေးရှင်းကို ဖွင့်လိုက်ရပါပြီ












၉

ALLOW ကို နှိပ်ပေးရပါမယ်။




၁၀

လက်ခံပါသည် (Accept) ကို နှိပ်ရပါမယ်။





၁၁

စောစောရှာ အက်ပလီကေးရှင်းရဲ့ ပင်မ မျက်နှာပြင်ကို ရောက်ရှိပြီဖြစ်ပါတယ်။ (ဒီအက်ပလီကေးရှင်းကို သုံးစွဲခြင်းအားဖြင့် ရောဂါရှိသူနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို စောစီးစွာ သိရှိနိုင်ပြီး စောစီးစွာရှာဖွေနိုင်သည့်အတွက် ကုသနိုင်မည်ဖြစ်သည်။)


စာမျက်နှာ ၈ သို့ ✰

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်း အသုံးပြုပုံ


☆ စာမျက်နှာ ၇ မှ



၁၂ ဆက်လက်၍ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး စိစစ်ခြင်း(Verify)ကို ပြုလုပ်ပေးရပါမယ်။




၁၃ 09 နဲ့စပြီး မိမိအသုံးပြုမည့် ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး ရှေ့ဆက်(Next)နှိပ်ပေးရပါမယ်။ ထို့နောက် မိမိဖုန်းထဲသို့ပေးပို့လာသည့် တစ်ခါသုံးစကားဝှက်(xxxxx)ကို ရိုက်ထည့်ပြီး အတည်ပြုပါ (Verify)နှိပ်ပေးရပါမယ်။ (Verify Successfully ဆိုရင်စိစစ်ခြင်း(Verify)လုပ်ငန်းစဉ် အောင်မြင်ပါသည်။)




၁၄ ဒုတိယဆက်လက်ဆောင်ရွက်သင့်တာကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး မိမိရဲ့ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးရမှာဖြစ်ပါမယ်။ (ထည့်သွင်းပြီးပါက မိမိဖုန်းထဲတွင် စောစောရှာ အက်ပလီကေးရှင်း အောင်မြင်စွာထည့်သွင်းပြီးဖြစ်ပါသည်။)


## အပိုင်း(၂) တည်နေရာစာရင်းအသုံးပြုခြင်း




၁၅ မိမိဖုန်းထဲရှိ တည်နေရာ (Location)ကို ဖွင့်ထားပါက ဖုန်းတည်ရှိရာနေရာကို သတ်မှတ်ချိန်ရောက်တိုင်း ရောက်တိုင်း မှတ်တမ်းယူပြီး ဖုန်းထဲမှာ အရင်သိမ်းပါတယ်။ ပြီးလျှင် သိမ်းထားသည့် ဒေတာများကို ဆာဗာကို သတ်မှတ်အချိန် ရောက်တိုင်း ရောက်တိုင်း ပေးပို့နေပါတယ်။ Home Screen ရဲ့ ညာဘက်မှာရှိတဲ့ Location List Page ကို နှိပ်လိုက်ပါက အဲဒီမှာ မိမိရဲ့တည်နေရာမှတ်တမ်းကို တွေ့ရပါလိမ့်မယ်။



၁၆ Manual Location ရယူလိုပါက GPS Check In ကို နှိပ်၍ ရယူနိုင်ပါတယ်။ နောက်ပိုင်းမှာ QR Check In နဲ့လည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။



၁၇ Location တစ်ခုချင်းစီကို မိမိမှတ်သားလိုတဲ့ အချက်အလက်များ ထည့်သွင်းလိုပါက အဆိုပါ Location ကို နှိပ်ပြီး ဖြည့်သွင်းနိုင်ပါတယ်။ အဆိုပါ Location အချက်အလက်တွေကို သတ်မှတ်တဲ့အချိန်တိုင်း ဆာဗာကို ပေးပို့နေမှာ ဖြစ်ပါတယ်။




၁၈ အကယ်၍ Manual ပို့ချင်တယ်ဆိုရင် ညာဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုသွားပြီး တင်ပို့ပါ (Submit)ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါက အဆိုပါအချက်အလက်များကို ဆာဗာကို တစ်ကြိမ်ပို့လိုက်မှာ ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ☆

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


☆ စာမျက်နှာ ၈ မှ

## အပိုင်း(၃)တည်နေရာမြေပုံ ကြည့်ရှုခြင်း





အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး မြေပုံ(Map)ကို နှိပ်လိုက်ပါက မိမိသွားရောက်ထားတဲ့ Location များကို အမှတ်အသားများနဲ့ ပြနေပါလိမ့်မယ်။

## အပိုင်း(၄)ကျန်းမာရေးအခြေအနေသတင်းပေးပို့ခြင်း





အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး သတင်းပို့ပါ(Report) ကို နှိပ်လိုက်ပါက မိမိရဲ့ခံစားနေရတဲ့ ကျန်းမာရေးအခြေအနေကို အမှန်ခြစ်ပေး၍ အတည်ပြုပါ (Submit) ကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။


## အပိုင်း(၅)အထောက်အကူပြုအချက်အလက်များ




စောစောရှာအက်ပလီကေးရှင်းရဲ့ ညာဘက်အပေါ်ထောင့်မှာ မိမိအတွက် လိုအပ်တဲ့အချက်အလက်များကို ဖော်ပြထားပါတယ်။ ပထမဦးဆုံး ဖော်ပြထားတာကတော့ မိမိအသုံးပြုနေတဲ့ ဗားရှင်း၊ ဆက်လက်ပြီး ဆက်သွယ်ရန် (Contact) ကိုနှိပ်လိုက်ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်တွေ၊ ဌာနတွေကို ဖော်ပြထားပါတယ်။




Terms & Condition များကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။




အောက်ဆုံးမှာရှိတဲ့ About ကိုနှိပ်ပြီး ဝင်ရောက်ကြည့်ရှုပါက စောစောရှာ အက်ပလီကေးရှင်း ထုတ်ဝေမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ဌာနတံဆိပ်များနဲ့ အသုံးပြုသူ တစ်ဦးစီအတွက် UUID နံပါတ်တွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**

# အီကွေဒေါကပေးတဲ့ သင်ခန်းစာနှင့် သတင်းမှားများကို ကာကွယ်ပါ

ခင်ရတနာ

၂၀၂၀ ပြည့်နှစ် ဧပြီလဆန်းပိုင်းက တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် အီကွေဒေါတွင် ကိုဗစ်-၁၉ ကြောင့် နိုင်ငံ၏ ကျန်းမာရေးစနစ်ပြိုလဲပြီး လမ်းပေါ်တွင် အလောင်းများကို သင်္ဂြိုဟ်မည့်သူမရှိ ပစ်ထားနေရသည်ဟူသည့် သတင်းများ၊ ဓာတ်ပုံများနှင့် ရုပ်သံများကြောင့် တစ်ကမ္ဘာလုံးက တုန်လှုပ်ခဲ့ရသည်။ လူမှုကွန်ရက် များ၊ ဒစ်ဂျစ်တယ်မီဒီယာများမှ ပျံ့နှံ့လာသည့် ထိုသတင်းသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ကို ခံစားနေရသည့် ကမ္ဘာသူ ကမ္ဘာသားများအတွက်တော့ အတော်ပင် ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှသည်။

များပြားလှသည့် ကြည့်ရှုသူများ၊ ဆုတောင်းပေးသူများ၊ အစိုးရကို ဝေဖန်ပုတ်ခတ် ရှုတ်ချသူများ၏ မှတ်ချက်မျိုးစုံက သိန်း၊ သောင်းချီခဲ့ကြသော်လည်း အီကွေဒေါအစိုးရ၏ တတ်စွမ်းသလောက်ကြိုးပမ်းနေမှု၊ ပြန်လည်ဖြေရှင်းမှုများကိုမူ သတိပြုဖြန့်ဝေမိသူမှာ မူလသတင်းဖြန့်ဝေမှု၏ အပုံ ၁၀၀ ပုံလျှင် တစ်ပုံပင်မပြည့်သည်ကို သတိပြုမိသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ယူနက်စကိုဆိုင်ရာ အီကွေဒေါ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ဧပြီ ၉ ရက်တွင် ယူနက်စကိုအတွင်းရေးမှူးချုပ်ထံသို့ လိပ်မူကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအား ကာကွယ်တိုက်ဖျက်ရာတွင် လူမှုကွန်ရက်နှင့် ဒစ်ဂျစ်တယ်မီဒီယာတို့၌ သတင်းအမှားများဖြန့်ချိမှု အန္တရာယ်ကြီးမားကြောင်း ပေးပို့ခဲ့ပြီး ယူနက်စကိုကလည်း အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ သတိပြုမိရန် ပြန်လည်မျှဝေထားခဲ့သည်။ သို့သော် အမှားကို အမှန်ပြင်သည့် သတင်းသည်ကား အမှောင်ထုကြီးထဲမှ ပိုးစုန်းကြူးငယ်၏ အလင်းရောင်သဖွယ် အမိုက်တိုက်ကို တိုးမပေါက်နိုင်ခဲ့။ ယနေ့ထက်တိုင်ပင် သတင်းမှားဖြန့်ဝေနေမှုများ ရပ်ဆိုင်းမသွားသေးသည်ကိုလည်း မြင်တွေ့ရသည်။

အီကွေဒေါနိုင်ငံသို့ ဆောင်းရာသီပြီးဆုံးခါနီးတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် စပိန်နှင့် အီတလီနိုင်ငံပြန်များမှ တစ်ဆင့် ကူးစက်လာခဲ့ပြီး Guayaquil မြို့သည် ရောဂါ အတော်လေး ကူးစက်ပျံ့နှံ့ခြင်းခံစားရသည့်မြို့ဖြစ်သည်။ ဒေသခံများသည် သီးခြားစောင့်ကြည့်သည့် Quarantine လိုက်နာမှု အားနည်းသည့်အပြင် ရောဂါကူးစက်ပုံ ဇာတ်မြစ်ကိုလည်း ကောင်းစွာမဖော်ထုတ်နိုင်ခဲ့သဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ ကူးစက်ခံရပြီး သေဆုံးသူများကိုလည်း လာရောက်သယ်ယူရန် ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။

အီကွေဒေါနိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်နိုင်စွမ်းထက် ကျော်လွန်၍ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အခြားနိုင်ငံများနည်းတူ အပြင်းအထန်ခံစားနေရပြီး အစိုးရက တတ်နိုင်သမျှ နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ကူးစက်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် လူမှုကွန်ရက်များနှင့် အင်တာနက်စာမျက်နှာများပေါ်၌ ရည်ရွယ်ချက်ရှိရှိ သတင်းမှားများတင်သည့် အန္တရာယ်ကို အထူးအလေးထားကြရန် သတိပေးလိုကြောင်း ယူနက်စကိုဆိုင်ရာ အီကွေဒေါအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ထုတ်ပြန်ကြေညာထားသည်။

အင်တာနက်စာမျက်နှာများပေါ်တွင် စတင်ပျံ့နှံ့ပုံမှာ လူကြည့်များသည့် အင်တာနက်ကျော်ကြားသူတစ်ဦးက ၎င်း၏စာမျက်နှာတွင် အီကွေဒေါ ဘာမှမဖြစ်ဘူး၊ အားလုံးသွားလာလို့ရတယ်ဆိုသည့်သဘော လွှင့်တင်ခဲ့ရာတွင် ဝေဖန်မှုများစွာ၊ ထပ်ဆင့်ဖြန့်ချိမှုများစွာဖြစ်ခဲ့ပြီး ရောဂါကူးစက်ခံရပြီး သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း အချိန်မီ လာရောက်သယ်ယူမှု ပျက်ကွက်ခဲ့ခြင်းအပေါ် မကျေနပ်သူများက အခေါင်းများ၊ အိမ်ထောင်ပရိဘောဂများကို မီးရှို့ခဲ့ကြသဖြင့်လည်း မူရင်းအဖြစ်အပျက်ထက်ကျော်လွန်သည့် ပိုမိုဆိုးရွားသော သတင်းအမှားများအဖြစ် ရောက်ရှိကာ တစ်ကမ္ဘာလုံးသို့ ချက်ချင်းပျံ့နှံ့သွားရခြင်းဖြစ်သည်။

ဧပြီ ၂၅ ရက် နောက်ဆုံးရလဒ်များအရမူ အီကွေဒေါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ရောဂါကူးစက်ခံရသူ ၂၂၇၁၉ဦး ခန့်ရှိနေပြီး သေဆုံးသူ ၅၇၆ ဦးနှင့် ပြန်လည်ကောင်းမွန်သူ ၁၃၆၆ ဦးခန့်ရှိနေပြီ ဖြစ်သည်။ အီကွေဒေါတွင် ရောဂါကာကွယ်ပေးနိုင်မှု အားနည်းခဲ့ပြီး သင်္ဂြိုဟ်သည့်စနစ်မှာလည်း ဝန်ထမ်းများနှင့် ရေခဲတိုက်များ မလုံလောက်ခြင်း၊ အရေးပေါ်မီးသင်္ဂြိုဟ်သည့်စနစ်များ အားနည်းခြင်းစသည့် လိုအပ်ချက်များကြောင့် ယခုကဲ့သို့ အခက်အခဲများကြုံတွေ့ခဲ့ရခြင်းဖြစ်သဖြင့် သက်ဆိုင်ရာအစိုးရက တတ်စွမ်းသမျှ ပြုပြင်ဖြည့်ဆည်းနေသည်ကိုလည်း ခိုင်မာသည့် သတင်းရင်းမြစ်များတွင် မြင်တွေ့ရသည်။

အီကွေဒေါသည် ရောဂါကူးစက်မှုကို တိုက်ဖျက်နေစဉ်

**တစ်ကမ္ဘာလုံး၌ ကူးစက်ရောဂါနှင့်ရင်ဆိုင်နေရချိန်တွင် လူမှုကွန်ရက်များနှင့် အင်တာနက်စာမျက်နှာများပေါ်၌ရည်ရွယ်ချက်ရှိရှိ သတင်းမှားများတင်သည့် အန္တရာယ်ကို အထူးအလေးထားကြရမည်မှာ အီကွေဒေါနိုင်ငံက သာဓက တစ်ရပ်ပင် ဖြစ်ပါသည်။ အထင်အမြင်လွဲမှားစေသည့် သတင်းမှားများကို ဖြန့်ချိနေမှုသည် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ရင်ဆိုင်နေရသည့် ဒီမိုကရေစီအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုအပေါ်ထားရှိသည့် ပြည်သူလူထု၏ ယုံကြည်မှုကို လျော့ကျစေပြီး ရောဂါတိုက်ဖျက်ရေးနှင့် လူထု၏ကျန်းမာရေးအတွက် ဆက်သွယ်ဆောင်ရွက်မှုများအပေါ် ထိပါးစေသည်ကို သတိချပ်သင့်သည်ဟု ယူဆမိ**

ကာလအတွင်း ကျန်းမာရေးကဏ္ဍ၌ အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေရန်၊ ပြတ်လပ်မှုများနှင့် ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားစေရန်၊ အုပ်ချုပ်မှုစနစ်ကို ထိပါးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မှားယွင်းသော ဒစ်ဂျစ်တယ်သတင်းစကားများ ဖြန့်ချိသည့် နိုင်ငံတကာလှုပ်ရှားမှုများ၏ သားကောင်အဖြစ်သို့ ရောက်ရှိခဲ့ရခြင်းမှာ ဆင်ခြင်သတိပြုဖွယ်ပင် ဖြစ်ပါသည်။

တစ်ကမ္ဘာလုံး၌ ကူးစက်ရောဂါနှင့်ရင်ဆိုင်နေရချိန်တွင် လူမှုကွန်ရက်များနှင့် အင်တာနက်စာမျက်နှာများပေါ်၌ ရည်ရွယ်ချက်ရှိရှိ သတင်းမှားများတင်သည့် အန္တရာယ်ကို အထူးအလေးထားကြရမည်မှာ အီကွေဒေါနိုင်ငံက သာဓက တစ်ရပ်ပင် ဖြစ်ပါသည်။ အထင်အမြင်လွဲမှားစေသည့် သတင်းမှားများကို ဖြန့်ချိနေမှုသည် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ရင်ဆိုင်နေရသည့် ဒီမိုကရေစီအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုအပေါ်ထားရှိသည့် ပြည်သူလူထု၏ ယုံကြည်မှုကိုလျော့ကျစေပြီး ရောဂါတိုက်ဖျက်ရေးနှင့် လူထု၏ ကျန်းမာရေးအတွက် ဆက်သွယ်ဆောင်ရွက်မှုများ အပေါ် ထိပါးစေသည်ကို သတိချပ်သင့်သည်ဟု ယူဆမိပါသည်။

ဓာတ်ပုံတစ်ပုံသည် သတင်းစာသားများစွာထက် ပိုမိုထိရောက်သည်ဟု အဆိုရှိသည်။ သို့သော် ဓာတ်ပုံတစ်ပုံသည် အမှန်တရားကို မည်မျှကိုယ်စားပြုသည်၊ မည်မျှ ထပ်တူကျနိုင်သည်ကိုကား မည်သူမျှ အတိအကျမခန့်မှန်းနိုင်သည့်အခါမျိုးလည်း ရှိတတ်ခဲ့ဖူးသည်။ ၁၉၆၀ ပြည့်လွန်နှစ်များစီက အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစစ်ပွဲကာလအတွင်း စစ်ဝတ်စုံအပြည့် ဝတ်ဆင်ထားသည့် အရာရှိတစ်ဦးက အရပ်ဝတ် ဝတ်ဆင်ထားသူတစ်ဦးကို သေနတ်ဖြင့်ပစ်သတ် ကွပ်မျက်နေပုံတစ်ပုံကို ကမ္ဘာကျော်ခဲ့ဖူးပြီး ယင်းဓာတ်ပုံကြောင့် စစ်ပွဲအပေါ် လူထု၏ အမြင်ကို ပြောင်းလဲသွားစေခဲ့သည်။ သို့ရာတွင် ယင်းဓာတ်ပုံ၏ နောက်ကွယ်မှ အကြောင်းအရာများ ပေါ်ပေါက်လာသည့်အခါ ဝိဝါဒကွဲပြားမှုများ ပေါ်ပေါက်ခဲ့ဖူးသည်။ အမှန်စင်စစ် စစ်ပွဲကာလအတွင်း အကျဉ်းနည်းဖြင့် ကွပ်မျက်ခံလိုက်ရသည့် အရပ်ဝတ်ဝတ်ထားသူသည် အပြစ်မဲ့သည့် မိသားစုဝင်များကို အစုလိုက်အပြုံလိုက် သတ်ခဲ့သည့် စစ်ရာဇဝတ်ကောင်တစ်ဦးဖြစ်ပြီး သတင်းဓာတ်ပုံဆရာသည် သူကိုယ်တိုင် ခက်ခဲပင်ပန်းစွာ ရိုက်ကူးခဲ့သည့် ယင်းဓာတ်ပုံ၏ အမှားနှင့် အမှန်တန်ဖိုးများကို ပြန်လည်ချင့်ချိန်ရင်း များစွာတွေဝေမှု ဖြစ်ခဲ့ရသည်ဟုလည်း ဖတ်ရှုခဲ့ရဖူးသည်။

ယူနက်စကိုသည် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် အဖြစ်မှန်များ စိစစ်နိုင်ရန် နည်းလမ်းအချို့ကိုလည်း တစ်ကမ္ဘာလုံးကို ဖြန့်ဝေထားသည်ကို မြင်တွေ့ရသည်။ ယနေ့ခေတ်တွင် သတင်းတစ်ခုကို မြင်တွေ့ရပါက အဖြစ်မှန် စိစစ်နိုင်ရန်နှင့် အတည်ပြုနိုင်ရန် မြန်ဆန်သည့် နည်းလမ်းများစွာရှိနေပြီး ကိုဗစ်-၁၉နှင့် ပတ်သက်၍လည်း ဆက်စပ်သည့်သတင်းအချက်အလက် တစ်ခုရရှိသည့်အခါ မိမိကိုယ်မိမိ ပြန်လည်မေးခွန်းထုတ်သင့်ပြီး ယင်းမေးခွန်းများသည် အဖြစ်မှန်နှင့် လုပ်ကြံသတင်းများကို ဝေဖန်ပိုင်းခြားရန် အထောက်အကူပြုနိုင်ပါသည်။

**မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါကို အခြားကမ္ဘာသူ ကမ္ဘာသားများ နည်းတူ ခံစားနေရချိန်ဖြစ်ရာ ပြည်သူများအတွက် မှန်ကန်သောသတင်းအချက် အလက်များ ရရှိနိုင်မှုသည် အရေးကြီးချိန်ဖြစ်ပါသည်။ သတင်းအမှားများကို ကာကွယ်တားဆီးရန် နိုင်ငံတော်အစိုးရကလည်း နေ့စဉ်သတင်းထုတ်ပြန်ချက်များ၊ တိုက်ရိုက်ထုတ်လွှင့်ချက်များ၊ အသိပေးချက်များဖြင့် သတင်းမှန်သိရှိစေရေး ကြိုးပမ်းနေသည်ဖြစ်ရာ ခံစားချက်မျိုးစုံ၊ ရည်ရွယ်ချက်မျိုးစုံဖြင့် ပေါ်ပေါက်လျက်ရှိသည့် မှားယွင်းသောဒစ်ဂျစ်တယ်သတင်းစကားများအား မိမိတို့အသိ၊ သတိတရားဖြင့် တွန်းလှန်တိုက်ဖျက်နိုင်ပါရန် ဆန္ဒပြု**

ယင်းအချက်များကိုတော့ ဘခြောက်လုံးဟူ၍ သတင်းသမားများအားလုံး သိရှိကြမည်ဖြစ်ပြီး မှန်ကန်ပြီး ကျင့်ဝတ်စောင့်ထိန်းသည့် သတင်းသမားတိုင်းသည် ယင်းအချက်အလက်များကို မှန်ကန်ပြည့်စုံအောင်၊ တိကျခိုင်မာအောင် တင်ဆက်ကြသည်ချည်း ဖြစ်ပါသည်။

**ဘယ်သူကလဲ (Who)**

ဘယ်သူက ဒီသတင်းကို လွှင့်တင်တာလဲ။ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူမျိုးလား၊ သတင်းလွှင့်တင်သူသည် အမှီအခိုကင်း၍ ဓမ္မဓိဋ္ဌာန်ကျကျတွေးခေါ်သူ ဟုတ်နိုင်ရဲ့လား သို့မဟုတ် မိမိတစ်ဦးတည်းခံစားချက်ကို ဦးစားပေးသူလား။ သတင်းသည် သတင်းရင်းမြစ်များစွာ ကိုးကားထားသလား။ ကိုးကားသည့် သတင်းရင်းမြစ်များသည် အခြားသော သတင်းများတွင် ဖော်ပြထားမှုရှိသလား။ သတင်းကို မည်သူရေးသလဲနှင့် ရေးသားသူသည် မည်သို့သောလူမျိုးဖြစ်သလဲ။ သတင်းတွင် ပါဝင်သည့်အချက်အလက်များသည် နာမည်ကောင်းရထားသည့် အဖွဲ့အစည်းတစ်ခုခုနှင့် ဆက်စပ်ပါသလားဆိုသည်ကို သတိပြုရန် လိုအပ်ပါသည်။

**ဘယ်အကြောင်းအရာပါသလဲ (What)**

အစီအစဉ်သည် ဘယ်လိုအစီအစဉ်မျိုးလဲနှင့် မည်သည့်နောက်ခံအကြောင်းအရာ ရှိသလဲ။ မည်သို့သော သတင်းအမျိုးအစားလဲနှင့် သတင်းတုများကို လူစိတ်ဝင်စားစေရန်နှင့် ဝင်ရောက်ဖတ်ရှုစေရန် ရေးထားသည့်ပုံစံလား ဆိုသည်ကိုလည်း စိစစ်နိုင်ပါသည်။

**ဘယ်နေရာမှာပါသလဲ(Where)**

သတင်းတစ်ခုကြားရပါက ဘယ်ကနေသိရသလဲ။ ယုံကြည်စိတ်ချရသည့် သတင်းရင်းမြစ်မှသိရှိရပါသလားနှင့် သတင်းတင်ထားသည့်ဝက်ဘ်ဆိုက်သည် သရော်စာနှင့် အထွေအထွေစာများကို အသားပေးသည့် ဝက်ဘ်ဆိုက်မျိုး ဖြစ်နေသလား။ ဓမ္မဓိဋ္ဌာန်မကျသည့် မိမိတစ်ဦးတည်း ခံစားချက်ကို သိသိသာသာ ဦးစားပေးထားသော သတင်းများသာတွေ့ရသည့် ဝက်ဘ်ဆိုက်မျိုး ဖြစ်နေသလား။ အခြားမည်သည့်နေရာတွင် အဆိုပါသတင်းကို တွေ့ရသေးသလဲဆိုသည့် အချက်များနှင့်လည်း ချိန်ကိုက်နိုင်ပါသည်။

**ဘယ်အချိန်ကလဲ(When)**

မည်သည့်အချိန်က သတင်းလွှင့်တင်ခဲ့သည်၊ ကြေညာခဲ့သည်ဟူသည့်အချက်ကို သတိပြုခြင်းဖြင့်လည်း သတင်းမှန်၊ မမှန် ချိန်ကိုက်နိုင်ပါသည်။

**ဘာကြောင့်လဲ(Why)**

မည်သည့်ရည်ရွယ်ချက်ဖြင့် သတင်းကို လွှင့်တင်ခဲ့သလဲ။ ဘာကြောင့် ယခုအချိန်တွင် သတင်းကိုတိုက်ဆိုင်စွာ မြင်တွေ့ရသလဲ။ အဆိုပါအချက်သည် တစ်စုံတစ်ရာကို ဆောင်ရွက်မိစေရန် ရည်ရွယ်ချက်ရှိရှိ စေ့ဆော်တိုက်တွန်းပေးနေသည့်သဘောမျိုး ဖြစ်မလားဆိုသည်ကိုလည်း သတိပြုမိရန် လိုအပ်ပါသည်။

**ဘယ်လိုလဲ(How)**

မည်သည့်ပုံစံမျိုးဖြင့် သတင်းရေးသားထားသလဲနှင့် လိုအပ်သည်ထက် ပိုမိုနေသည့် ပုဒ်ဖြတ်ပုဒ်ရပ်များ၊ စာလုံးကြီးကြီးဖြင့် ရေးသားထားခြင်းများ တွေ့ရသလား။ လူစိတ်ဝင်စားစေရန်နှင့် တမင်သတင်းကိုကြီးအောင် ဖန်တီးထားသည့်ခေါင်းစီးများ တွေ့ရသလား။ သတင်းကို မီဒီယာများ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် တစ်ဦးဦးက သင့်ကို မသိစေချင်သည့် အကြောင်းအရာများ ဖြစ်သည်ဟု ဖော်ပြချက်များကို တွေ့ရသလားစသည်ဖြင့် မိမိကိုယ်ကို ပြန်လည်မေးခွန်းထုတ်ခြင်းအားဖြင့် သတင်းမှားများကို ကိုယ်ပိုင်အသိဖြင့် ဝေဖန်ပိုင်းခြားစေလိုကြောင်း ယူနက်စကိုက အသိပေးချက် ထုတ်ပြန်ထားပါသည်။

မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါကို အခြားကမ္ဘာသူ ကမ္ဘာသားများနည်းတူ ခံစားနေရချိန်ဖြစ်ရာ ပြည်သူများအတွက် မှန်ကန်သောသတင်းအချက်အလက်များ ရရှိနိုင်မှုသည် အရေးကြီးချိန်ဖြစ်ပါသည်။ သတင်းအမှားများကို ကာကွယ်တားဆီးရန် နိုင်ငံတော်အစိုးရကလည်း နေ့စဉ်သတင်းထုတ်ပြန်ချက်များ၊ တိုက်ရိုက်ထုတ်လွှင့်ချက်များ၊ အသိပေးချက်များဖြင့် သတင်းမှန်သိရှိစေရေး ကြိုးပမ်းနေသည်ဖြစ်ရာ ခံစားချက်မျိုးစုံ၊ ရည်ရွယ်ချက်မျိုးစုံဖြင့် ပေါ်ပေါက်လျက်ရှိသည့် မှားယွင်းသော ဒစ်ဂျစ်တယ်သတင်းစကားများအား မိမိတို့အသိ၊ သတိတရားဖြင့် တွန်းလှန်တိုက်ဖျက်နိုင်ပါရန် ဆန္ဒပြုလိုက်ရပါသည်။ ။

# ထရမ့်က ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် ကြိုးစားနေသည်ဟု ဂျိုးဘိုင်ဒင်ပြောကြား

**ဝါရှင်တန် မေ ၂၅**
ဒီမိုကရက်တစ်သမ္မတလောင်းတစ်ဦးဖြစ်သော ဂျိုးဘိုင်ဒင်က လာမည့်နိုဝင်ဘာလရွေးကောက်ပွဲကို သမ္မတထရမ့်က အချိန်ပြောင်းကျင်းပပြီး ၎င်းထပ်မံအရွေးခံရရန် ဆောင်ရွက်လိမ့်မည်ဟု ပြောကြားခဲ့သည်။

ကျွန်တော့်ထင်မြင်ချက်ကတော့ သမ္မတထရမ့်အနေနဲ့ ရွေးကောက်ပွဲကို အချိန်နောက်ဆုတ်ရအောင် ဆောင်ရွက်မယ်လို့ ခန့်မှန်းရပါတယ်ဟု ဘိုင်ဒင်က ပြောကြားသည်။

ယခုနည်းနဲ့ပဲ အောင်ပွဲခံမယ်လို့ထရမ့်က ယူဆထားပုံရပါတယ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့် အလုပ်လက်မဲ့ဦးရေ ၂၆ ဒသမ ၄ သန်းအထိ မြင့်တက်လာမှုက ထရမ့်၏ ရွေးကောက်ပွဲအောင်မြင်ရေး မျှော်လင့်ချက်များကို အခက်အခဲ တွေ့စေခဲ့သည်။

အီးမေးလ်မှတစ်ဆင့် ဆန္ဒမဲပေးခြင်းက ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးတွင် အထောက်အကူပြုသည်ဟု ယူဆကြသည်။ သို့သော် ထိုကဲ့သို့ မဲပေးခြင်းများသည် လိမ်လည်မှုကို ဖြစ်ပေါ်စေသည်ဟု ထရမ့်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အများစုတွင် သမ္မတလောင်းရွေးချယ်ပွဲများကို ရွှေ့ဆိုင်းထားကြသည်။ အိမ်ဖြူတော်တွင်ကျင်းပသော ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ရှင်းလင်းပွဲများကို ထရမ့်က မဲဆွယ်စည်းရုံးမှုများအဖြစ် ပြောင်းလဲနေသည်ဟု ဝေဖန်မှုများရှိသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- စိုးသူရ**






# အင်တာနက်ကုမ္ပဏီတစ်ခုဖြစ်သော ဂူဂဲလ်ကကြော်ငြာရှင်များကို စိစစ်အတည်ပြုမည်

**ဝါရှင်တန် မေ ၂၅**
အင်တာနက်ကုမ္ပဏီ တစ်ခုဖြစ်သော ဂူဂဲလ်က ၎င်း၏ကွန်ရက်အတွင်း ကြော်ငြာထည့်သွင်းသည့် ကြော်ငြာရှင်များကို စိစစ်အတည်ပြုသည့် အစီအစဉ်ကို ချဲ့ထွင်ဆောင်ရွက်သွားမည်ဟု မေ ၂၃ ရက်တွင် ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ဒီဂျစ်တယ်ကြော်ငြာလုပ်ငန်းကို ဦးဆောင်နေသည့် ဂူဂဲလ်ကုမ္ပဏီက ကြော်ငြာထည့်သွင်းသူများအား မှန်ကန်မှု ရှိ၊ မရှိ အတည်ပြုသည့်စနစ်ကို အမေရိကန်ပြည်ထောင်စုတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။

၂၀၁၈ ခုနှစ်ကလည်း ဂူဂဲလ်ကုမ္ပဏီသည် ၎င်း၏ကွန်ရက်တွင် နိုင်ငံရေးဆိုင်ရာ ကြော်ငြာထည့်သွင်းသူများ၏ တည်နေရာကို စိစစ်အတည်ပြုသော အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး အွန်လိုင်းပေါ်တွင် ကုထုံးအတုများနှင့် လိမ်လည်မှုများ ပေါ်ပေါက်လာပြီးနောက် ဂူဂဲလ်က ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသအဖြစ် ဂူဂဲလ်တွင် ကြော်ငြာထည့်သွင်းသူများအနေဖြင့် ကြော်ငြာများဝယ်ယူရန် စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်ပြီးမှသာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ဂူးဂဲလ်၏ ကြော်ငြာလုပ်ငန်း အကြီးအကဲ ဂျွန်ကန်ဖီးက ပြောကြားသည်။

ကြော်ငြာထည့်သွင်းသူများ အနေဖြင့် ၎င်းတို့သည် မည်သည့်နိုင်ငံမှ မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် မည်သည့်လုပ်ငန်းကို လုပ်ကိုင်ကြောင်း ကိုယ်ရေးအချက်အလက်များကို တင်သွင်းရမည်ဖြစ်သည်။ ယခုဆောင်ရွက်ချက် အောင်မြင်စေရန် နှစ်အနည်းငယ်ကြာ အချိန်ယူရမည်ဖြစ်ပြီး အင်တာနက်သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာလင့်များမှတစ်ဆင့် ကြော်ငြာရှင်များ၏ အချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- စိုးသူရ**

# ဂျပန်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁၀ ရာခိုင်နှုန်းနီးပါး ဆေးရုံများနှင့် ဆက်နွယ်မှုရှိဟုဆို

**တိုကျို မေ ၂၅**
ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများ၏ ၁၀ ရာခိုင်နှုန်းနီးပါးသည် ဆေးရုံများနှင့် အခြားဆေးဘက်ဆိုင်ရာဌာနများနှင့် ဆက်နွယ်မှုရှိပြီး ယင်းဆေးရုံနှင့် ဆေးဘက်ဆိုင်ရာ ဌာနများအတွင်း၌ ဗိုင်းရပ်စ်နှင့်ထိတွေ့ခဲ့ပုံရသည်ဟု ယုံကြည်ရကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနမှ ကောက်ယူထားသည့် စစ်တမ်း၌ ဖော်ပြသည်။

မေ ၂၂ ရက်အထိ ဂျပန်နိုင်ငံတစ်ဝန်းလုံးရှိ ဆေးဘက်ဆိုင်ရာ အဆောက်အအုံ ၆၀ ခန့်တွင် ဆေးရုံတွင်း ကူးစက်ခံရသူပေါင်း ၁၀၈၆ ဦးရှိခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁၃ ဦးသည် ဆရာဝန်၊ သူနာပြုနှင့် အခြားကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများဖြစ်ပြီး အခြား ၅၃၄ ဦးမှာ သာမန်လူနာများ ဖြစ်ကြသည်။

ဆေးရုံတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်အများဆုံးမှာ တိုကျိုမြို့ဖြစ်ပြီး ကူးစက်ခြင်းခံရသူ ၄၅၄ ဦးရှိသည်။ အိုဆာကာမြို့၌ ၁၅၅ ဦးရှိပြီး ဒုတိယအများဆုံးဖြစ်သည်။ ယင်းနောက်တွင် ဟော့ကိုင်းဒိုး၊ ဖူကူအိုကာ၊ ဟျိုးဂါးနှင့် ဆိုင်းတမခရိုင်တို့ဖြစ်သည်။

ယင်းသို့သော ဆေးရုံတွင်း ကူးစက်မှုများ နောက်ထပ်ပိုမိုများပြားလာပါက ဂျပန်နိုင်ငံ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ်အား ထိခိုက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးခဲ့သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**




ဂျပန်နိုင်ငံရှိ ဆေးရုံတစ်ရုံအား တွေ့ရစဉ်။

# သမ္မတမွန်ဂျေအင်းအား ထောက်ခံသူ ၆၀ ရာခိုင်နှုန်းကျော်ရှိဟုဆို

**ဆိုးလ် မေ ၂၅**
တောင်ကိုရီးယားနိုင်ငံတွင် ပြုလုပ်သည့် လူထုသဘောထားဆန္ဒကောက်ခံမှု စစ်တမ်းတစ်ရပ်အရ သမ္မတမွန်ဂျေအင်းအား ထောက်ခံသူ ၆၀ ရာခိုင်နှုန်းကျော်ရှိကြောင်းနှင့် ယင်းရလဒ်မှာ တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားမှုအပေါ် သမ္မတမွန်ဂျေအင်း၏ ကိုင်တွယ်ဆောင်ရွက်မှုများအား တောင်ကိုရီးယားပြည်သူများက အကောင်းမြင်အကဲဖြတ်မှု၏ ရောင်ပြန်ဟပ်မှု ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

တောင်ကိုရီးယား နိုင်ငံသားဦးရေ ၁၀၀၀ ခန့်အား မေ ၂၁ ရက်မှ ၂၃ ရက်အတွင်း ဆန္ဒသဘောထားကောက်ယူမှုကို တောင်ကိုရီးယားဂေါလပ်အဖွဲ့က ပြုလုပ်ခဲ့ပြီး ရလဒ်အား မေ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

■




# အမေရိကန် ဖျက်သင်္ဘောတစ်စင်း၌ ရေတပ်ဖွဲ့ဝင် ၁၈ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဝါရှင်တန် မေ ၂၅**
ယူအက်စ်အက်စ်ကစ်ဒ်အမည်ရှိ ဖျက်သင်္ဘောတစ်စင်း၌ ရေတပ်သား ၁၈ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကို စမ်းသပ်တွေ့ရှိရကြောင်း၊ ယင်းမှာ ပင်လယ်ပြင်အတွင်းရှိ ရေတပ်စစ်ရေယာဉ်များ၌ ဒုတိယမြောက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုဖြစ်ကြောင်း အမေရိကန်ရေတပ်မှ မေ ၂၄ ရက်တွင် ပြောကြားသည်။

ယင်းဖျက်သင်္ဘောသည် ကာရစ်ဘီယံပင်လယ်ပြင်အတွင်း၌ မူးယစ်ဆေးဝါးမှောင်ခိုကူးသန်းရောင်းဝယ်မှုများအား နှိမ်နင်းရန် သမ္မတထရမ့်အစိုးရက ဖြန့်ကြက်ထားသည့် စစ်ရေယာဉ်များနှင့် လေယာဉ်များထဲတွင် ပါဝင်သည်။

ယူအက်စ်အက်စ်ကစ်ဒ် ဖျက်သင်္ဘောတွင် ရေတပ်သား ၃၅၀ ခန့် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ အဆိုပါ စစ်ရေယာဉ်သည် ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာလာမည်ဟု အမေရိကန်ရေတပ် ပြောရေးဆိုခွင့်ရှိသူ ဂျိုနသန်ဖော့ဖ်မန်းက ပြောကြားသည်။

အမေရိကန်ရေတပ်မှ စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ပထမဆုံး ဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားသည့် စစ်ရေယာဉ်မှာ လေယာဉ်တင်သင်္ဘော သီယိုဒိုရုစဗဲ့ဖြစ်သည်။ အဆိုပါသင်္ဘောသည် အာရှပစိဖိတ်သမုဒ္ဒရာရေပြင်၌ တာဝန်ထမ်းဆောင်နေစဉ် ရေယာဉ်ပေါ်ရှိ တပ်ဖွဲ့ဝင်ဦးရေ ၈၄၀ တွင် ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

# ကိုဗစ်-၁၉ ကူးစက်လူနာများကို ပိုးသတ်ဆေးထိုးရန် ပြောကြားမှုကြောင့် သမ္မတဒေါ်နယ်ထရမ့် ဝေဖန်ခံရ

**ဝါရှင်တန် မေ ၂၅**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများကို ပိုးသတ်ဆေးထိုးရန် အကြံပြုမှုကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်မှာ ဆေးဘက်ဆိုင်ရာပညာရှင်များ၏ ဝေဖန်မှုခံနေရသည်။

ကိုရိုနာဗိုင်းရပ်စ်လူနာများကို ခရမ်းလွန်ရောင်ခြည်သို့မဟုတ် ပိုးသတ်ဆေးဖြင့် ကုသမှုမြင်တွေ့လျှင် စိတ်ဝင်စားစရာကောင်းမည်ဟု ဒေါ်နယ်ထရမ့်က မေ ၂၄ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားမှုမှာ ငေါ်၍ပြောကြားခြင်းဖြစ်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။ ဆရာဝန်များ၊ အခြားကျွမ်းကျင် သူများက အဆိုပါမှတ်ချက်စကားကို ဝေဖန်လျက်ရှိပြီး ပိုးသတ်ဆေးထိုးခြင်းက ခန္ဓာကိုယ်လည်ပတ်မှုများကို ဆိုးရွားစွာအန္တရာယ်ဖြစ်စေမည်ဟု ပြောကြားလိုက်သည်။ အိမ်တွင်းသန့်ရှင်းရေးကိရိယာထုတ်လုပ်သူများက ပိုးသတ်ဆေးမထိုးရန် ပြည်သူများသို့ တိုက်တွန်းလျက်ရှိသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ မှတ်ချက်စကားနှင့်ပတ်သက်၍ စုံစမ်းရန် ဒေသခံပြည်သူများက အရေးပေါ်ဖုန်းခေါ်ဆိုမှု အကြိမ် ၁၀၀ ကျော် ပြုလုပ်ခဲ့ကြောင်း မေရီလန်းပြည်နယ်မှ အာဏာပိုင်များက ပြောသည်။ မည်သည့်အခြေအနေမျိုးတွင်မဆို ခန္ဓာကိုယ်အတွင်းသို့ ပိုးသတ်ဆေးထိုးသွင်းမှု မပြုလုပ်သင့်ကြောင်း မေရီလန်းပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက တွစ်တာ၌ ရေးသားခဲ့သည်။

"သမ္မတကြီးခင်ဗျား။ အမေရိကန်ပြည်သူတွေရဲ့ ကျန်းမာရေးက ဟာသလုပ်စရာတစ်ခု မဟုတ်ပါဘူး" ဟု ဒီမိုကရက်တစ်ပါတီမှ သမ္မတကိုယ်စားလှယ်လောင်း ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်က တွစ်တာ၌ ရေးသားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး





## ရဲတပ်ဖွဲ့ဝင်အများအပြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရစဉ် ပီရူးပြည်ထဲရေးဝန်ကြီး ရာထူးမှနုတ်ထွက်

**လီမာ မေ ၂၅**

ပီရူးနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးသည် နိုင်ငံအတွင်းရှိ ရဲတပ်ဖွဲ့ဝင် တစ်ထောင်ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည်ဟု အရာရှိများက ပြောဆိုခဲ့ပြီးနောက် ရာထူးတာဝန်မှ ယနေ့ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီး ကားလို့စ်မိုရန်သည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ပီရူးအစိုးရက မတ် ၁၆ ရက်မှစ၍ နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့သည့် ဒုတိယမြောက် ဝန်ကြီးတစ်ဦးဖြစ်လာခဲ့ကြောင်း၊ ကားလို့စ်မိုရန်၏ ရာထူးနေရာတွင် ပီရူးအမျိုးသား ရဲတပ်ဖွဲ့မှ ဗိုလ်ချုပ်ဂါ့စ်တန်ရိုဒရီကွစ်ဇ်ကို အစားထိုးလဲလှယ်ထားကြောင်း ပီရူးသမ္မတရုံးက ပြောကြားသည်။

သို့သော် ပြည်ထဲရေးဝန်ကြီးရာထူးမှ ကားလို့စ်မိုရန် နုတ်ထွက်ရသည့်အကြောင်းကို အစိုးရအနေဖြင့် တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိကြောင်း သိရသည်။ ပီရူးရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၄၀၀၀၀ ရှိသည့်အနက် တပ်ဖွဲ့ဝင် ၁၃၀၀ ခန့်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ဆေးရုံတင်ခဲ့ရကြောင်း ပီရူးအရာရှိများက ပြီးခဲ့သည့်သီတင်းပတ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ပီရူးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၀၀၀၀ ကျော်ရှိပြီး ၆၀၀ ကျော် သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနလေ့လာချက်အရ သိရသည်။ ပီရူးအစိုးရသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန်အတွက် နိုင်ငံအတွင်း ချမှတ်ထားသော အသွားအလာကန့်သတ်မှုကို မေ ၁၀ ရက်အထိ အာဏာတည်စေမည့်အပြင် ၎င်း၏နယ်စပ်ဝင်ပေါက်များကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။ ပီရူးသမ္မတ မာတင်ဗစ်ဇ်ကာရာ လက်အောက်တွင် နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် မိုရန်သည် ပြီးခဲ့သည့် မတ် ၂၁ ရက်က ပီရူးကျန်းမာရေးဝန်ကြီး အယ်လီဇဗက်ဟီနိုစထရို ရာထူးတာဝန်မှ နုတ်ထွက်ခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီး ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ

## အိန္ဒိယနိုင်ငံတွင် ၂၄ နာရီအတွင်း ၁၀၅၄ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ ၅၂ ဦး ထပ်မံသေဆုံး

**နယူးဒေလီ မေ ၂၅**

အိန္ဒိယနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၅၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိပြီး ၅၂ ဦး ထပ်မံသေဆုံးခဲ့ရာ ယနေ့နံနက် ၈ နာရီအထိ ရောဂါကူးစက်ခံရသူပေါင်း ၂၄၅၀၆ ဦးနှင့် သေဆုံးသူ ၇၇၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၅၀၆ ဦးရှိသည့်အနက် လူနာ ၇၇၅ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့ပြီး ကျန် ၅၀၆၃ ဦးမှာ ပြန်လည်ကျန်းမာလာခဲ့သည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ နိုင်ငံခြားသား ၇၇ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၆၈ ဦးရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် မဟာရာ့ရှ်ထရာပြည်နယ်တွင် ၁၈ ဦး၊ ဂူဂျာရတ်ပြည်နယ်တွင် ၁၅ ဦး၊ မာဒဟီယာပရာဒေ့ရှ်ပြည်နယ်တွင် ကိုးဦး၊ ဒေလီဒေသနှင့် အနောက်ဘင်ဂေါပြည်နယ်တွင် သုံးဦးစီ၊ တမီလ်နာဒူးလ်ပြည်နယ်တွင် နှစ်ဦးနှင့် ပန်ဂျပ်နှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် တစ်ဦးစီ စသည်ဖြင့် ၂၄ နာရီအတွင်း အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၇၅ ဦးအနက် ၃၀၁ ဦးသည် မဟာရာ့ရှ်ထရာပြည်နယ်တွင် သေဆုံးခဲ့ပြီး အိန္ဒိယနိုင်ငံအတွင်း သေဆုံးမှုအများဆုံး ပြည်နယ်ဖြစ်လာခဲ့သည်။ ထို့အပြင် ဂူဂျာရတ်ပြည်နယ်တွင် ၁၂၇ ဦး၊ မာဒဟီယာပရာဒေ့ရှ်ပြည်နယ်တွင် ၉၂ ဦး၊ ဒေလီဒေသတွင် ၅၃ ဦး၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၂၉ ဦး၊ ရာဂျာ့စ်တာပြည်နယ်တွင် ၂၇ ဦးနှင့် တယ်လန်ဂါနာပြည်နယ်တွင် ၂၆ ဦး စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ၂၅ ဦး၊ တမီလ်နာဒူးလ်ပြည်နယ်တွင် ၂၂ ဦး၊ ကာနာတာကာပြည်နယ်နှင့် အနောက်ဘင်ဂေါပြည်နယ်တွင် ၁၈ ဦးစီ၊ ဘီဟာပြည်နယ်တွင် နှစ်ဦး၊ မီဂါလာယာ၊ ဟီမချာလ်ပရာဒေ့ရှ်၊ ဩဒီသာနှင့် အာသံပြည်နယ်တို့တွင် တစ်ဦးစီ စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် အသီးသီး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ အိန္ဒိယနိုင်ငံရှိ ပြည်နယ်နှင့် ဒေသအများအပြားသို့ ကူးစက်ပျံ့နှံ့သွားပြီး မဟာရာ့ရှ်ထရာပြည်နယ်တွင် ရောဂါကူးစက်ခံရသူ ၆၈၁၇ ဦးရှိပြီး နိုင်ငံအတွင်း ရောဂါကူးစက်မှုနှုန်း အများဆုံးပြည်နယ်ဖြစ်လာခဲ့သည်။ ထို့အတူ ဂူဂျာရတ်ပြည်နယ်တွင် ၂၈၁၅ ဦး၊ ဒေလီဒေသတွင် ၂၅၁၄ ဦး၊ ရာဂျာ့စ်တန်ပြည်နယ်တွင် ၂၀၃၄ ဦး၊ မာဒဟီယာပရာဒေ့ရှ်ပြည်နယ်တွင် ၁၈၅၂ ဦးနှင့် တမီလ်နာဒူးလ်ပြည်နယ်တွင် ၁၇၅၅ ဦး စသည်ဖြင့် ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထို့အတူ မီဇိုရမ်ပြည်နယ်နှင့် အာရူနာချာလ် ပရာဒေ့ရှ်ပြည်နယ်များတွင် တစ်ဦးစီ ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး အိန္ဒိယနိုင်ငံအတွင်း ရောဂါကူးစက်မှုနှုန်း အနိမ့်ဆုံး ပြည်နယ်များဖြစ်ကြောင်း သိရသည်။

ကိုးကား – ပီတီအိုင်၊ ဘာသာပြန် – ဂျေတီ




## ကိုရိုနာဗိုင်းရပ်စ်ပြဿနာ ကိုင်တွယ်ပုံနှင့်ပတ်သက်၍ သမ္မတကိုဝေဖန်မှုဖြင့် ဇင်ဘာဘွေအရာရှိတစ်ဦး တရားစွဲခံရ

**ဟာရာရီ မေ ၂၅**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကိုင်တွယ်ပုံနှင့်ပတ်သက်၍ ဇင်ဘာဘွေသမ္မတ အမ်မာဆင် အမ်နမ်ဂါဂွါကို ဝေဖန်မှုဖြင့် မြူနီစီပယ်အရာရှိတစ်ဦး တရားစွဲခံရကြောင်း ရှေ့နေများအသင်းက ပြောကြားသည်။ ဇင်ဘာဘွေနိုင်ငံ အရှေ့ပိုင်းရှိ ချီပင်းမြို့မှ ဒေသန္တရကောင်စီဝင်နှင့် အတိုက်အခံ ဒီမိုကရက်တစ်အပြောင်းအလဲ လှုပ်ရှားမှုအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ခရစ်စ်ပန်ရမ်ဘူကို ရဲများက ခေါ်သွားကြောင်း ဇင်ဘာဘွေလူ့အခွင့်အရေးရှေ့နေများ (ZLHR) က သောကြာနေ့ညပိုင်းက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ထို့နောက် ၎င်းသည် သမ္မတ အမ်နမ်ဂါဂွါကို စော်ကားမှုနှင့် သမ္မတ၏အာဏာကို ပျက်ပြားစေမှုဖြင့် တရားစွဲခံရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ မြူနီစီပယ်အရာရှိ ရမ်ဘူသည် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါပြဿနာ ကိုင်တွယ်ဖြေရှင်းရာတွင် သမ္မတ အမ်နမ်ဂါဂွါကို တောင်အာဖရိက သမ္မတ ဆိုင်ရီလ်ရာမာဖိုဆာနှင့် နှိုင်းယှဉ်၍ စော်ကားပြောဆိုမှုများကို WhatsApp မှတစ်ဆင့် ဒေသအတွင်းရှိ အုပ်စုတစ်ခုသို့ ပေးပို့ခဲ့သည်ဟု ရဲများက ယုံကြည်ကြောင်း ZLHR အဖွဲ့က ပြောကြားသည်။

တောင်အာဖရိကသမ္မတ ရာမာဖိုဆာက စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူဖို့အတွက် ရမ်ငွေ ဘီလီယံ ၅၀၀ (ဒေါ်လာ ၂၆ ဘီလီယံ) အကူအညီ ပေးမည်ဟု ကြေညာခဲ့ကြောင်း၊ ရာမာဖိုဆာ၏ ကိုရိုနာဗိုင်းရပ်စ်ပြဿနာ ကိုင်တွယ်ပုံကို ED ၏ ကိုင်တွယ်ပုံနှင့် နှိုင်းယှဉ်ပါက မိမိတို့အနေဖြင့် နိုင်ငံ့ခေါင်းဆောင်အဖြစ် အရူးတစ်ယောက်ကို ရရှိထားသည်ကို သံသယဖြစ်ဖွယ်မရှိကြောင်း အဆိုပါအရာရှိက ရေးသားခဲ့သည်ဟု ZLHR အဖွဲ့၏ ကြေညာချက်၌ ကိုးကားဖော်ပြသည်။ အတိုကောက်စာလုံး ED သည် ဇင်ဘာဘွေသမ္မတ၏ နာမည်အပြည့်အစုံဖြစ်သည့် အမ်မာဆင်ဒမ်ဘက်ဇိုအမ်နမ်ဂါဂွါကို ရည်ညွှန်းသည်။

ဇင်ဘာဘွေနိုင်ငံ၏ စီးပွားရေးသည် နှစ်ပေါင်းများစွာ ကျဆင်းနေခဲ့ပြီး နိုင်ငံ၏ကျန်းမာရေးစနစ်သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုပြဿနာကို မဖြေရှင်းနိုင်မည်ကို လူအများက စိုးရိမ်လျက်ရှိသည်။ ယခုအချိန်အထိ ဇင်ဘာဘွေနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၉ ဦးနှင့် သေဆုံးသူ ၄ ဦးရှိကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – အောင်ဇော်လင်း

## တူရကီနိုင်ငံတွင် ၂၄ နာရီအတွင်း ၃၁၂၂ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ ၁၀၅ ဦး ထပ်မံသေဆုံး

**အန်ကာရာ မေ ၂၅**

တူရကီနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၂၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၄၉၁၂ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

ထို့အတူ တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း လူနာ ၁၀၉ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၆၀၀ ရှိလာကြောင်း ဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

သို့သော် တူရကီနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် လူနာ ၂၁၇၃၇ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ကျန်လူနာ ၁၇၉၀ သည် အထူးကြပ်မတ်ကုဌာနတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

တူရကီနိုင်ငံတွင် ပထမဦးဆုံး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူကို မတ် ၁၁ ရက်တွင် စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကတည်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၄၉၁၂ ဦးရှိလာကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ

# ပါကစ္စတန်က သင်္ဘောဖျက်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**အစ္စလာမ္မာဘတ် ဧပြီ ၂၅**
ပါကစ္စတန်နိုင်ငံသည် ၎င်း၏ သင်္ဘောဖျက်ဒုံးကျည်များကို မြောက်အာရေဗျပင်လယ်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပါကစ္စတန်ရေတပ်က ကြေညာချက်တစ်ရပ်တွင် ယနေ့ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်များကို စစ်သင်္ဘောများနှင့် စစ်လေယာဉ်များမှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် ပစ်မှတ်များကို တိကျစွာထိမှန်ခဲ့ကြောင်း ပါကစ္စတန်ရေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။



ပါကစ္စတန်ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ဇာဖာမာမွတ်အာဘာစီသည် အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့ပြီး စစ်ဆင်ရေးဆိုင်ရာ ပါကစ္စတန်ရေတပ်၏ကြိုတင်ပြင်ဆင်မှုအပေါ် အားရကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

တစ်ဆက်တည်းမှာပင် ပါကစ္စတန်ရေတပ်ဦးစီးချုပ်က ပါကစ္စတန်နိုင်ငံအပေါ် မည်သည့်ရန်စကျူးကျော်မှုကိုမဆို ပါကစ္စတန်ရေတပ်အနေဖြင့် ထိုက်ထိုက်တန်တန် လက်တုံ့ပြန်နိုင်တော့မည်ဖြစ်ကြောင်း၊ ပါကစ္စတန်ရေတပ်အနေဖြင့် ယခုကဲ့သို့ သင်္ဘောဖျက်ဒုံးကျည်များအား အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်မှုသည် ပါကစ္စတန်ရေတပ်၏ စစ်ဆင်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှု၏ သက်သေအထောက်အထားပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ပါကစ္စတန်ရေတပ်သည် ယမန်နှစ် ဒီဇင်ဘာလက မြောက်အာရေဗျပင်လယ်တွင် ၎င်း၏ အမျိုးမျိုးသော သင်္ဘောဖျက်ဒုံးကျည်များကိုလည်း စစ်သင်္ဘောများနှင့် စစ်လေယာဉ်များမှတစ်ဆင့် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇျောတိ**

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၂၆၉၃ | ၉၅၆ | ၁၂ |
| အင်ဒိုနီးရှား | ၈၆၀၇ | ၁၀၄၂ | ၇၂၀ |
| ဖိလစ်ပိုင် | ၇၂၉၄ | ၈၇၂ | ၄၉၄ |
| မလေးရှား | ၅၇၄၂ | ၃၇၆၂ | ၉၈ |
| ထိုင်း | ၂၉၀၇ | ၂၅၄၇ | ၅၁ |
| ဗီယက်နမ် | ၂၇၀ | ၂၂၅ | ၀ |
| မြန်မာ | ၁၄၄ | ၁၀ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၀ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၇ | ၀ |
| လာအို | ၁၉ | ၇ | ၀ |

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်း ၁၁၀၁ ဦးရှိလာ

**မနီလာ ဧပြီ ၂၅**
ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့် ကျန်းမာရေးဝန်ထမ်း ၁၁၀၁ ဦး ရှိလာပြီဖြစ်ကြောင်း ဖိလစ်ပိုင် လက်ထောက်ကျန်းမာရေးဝန်ကြီး မာရီယာ ရိုဆာရီယို ဗာဂျီရီက ယနေ့ အတည်ပြုပြောကြားခဲ့သည်။



အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသည့် ကျန်းမာရေး ဝန်ထမ်းများတွင် ဆရာဝန် ၄၃၄ ဦး၊ သူနာပြု ၄၀၀၊ လက်ထောက်သူနာပြု ၅၅ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာရှင် ၃၂ ဦးနှင့် ဓာတ်မှန်ပညာရှင် ၂၁ ဦးတို့ ပါဝင်သည်။

**၂၆ ဦးသေဆုံး**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းကြောင့် ဆရာဝန် ၂၀ နှင့် သူနာပြုခြောက်ဦးအပါအဝင် ကျန်းမာရေး ဝန်ထမ်း ၂၆ ဦး သေဆုံးခဲ့သည်ဟု လက်ထောက် ကျန်းမာရေးဝန်ကြီး မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားခဲ့သည်။

**အတည်ပြု**

ဖိလစ်ပိုင်နိုင်ငံအတွင်း ဗိုင်းရပ်စ်စတင်တွေ့ရှိသည့် ဇန်နဝါရီ ၃၀ ရက်မှစပြီး လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၂၉၄ ဦးရှိပြီး သေဆုံးသူ ၄၉၄ ဦးရှိကာ ပြန်လည်ကျန်းမာလာသူ ၇၉၂ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ လက်တွေ့စမ်းသပ်မှု ဒုတိယအဆင့်သို့ ရောက်ရှိ

**ပေကျင်း ဧပြီ ၂၅**
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖော်ထုတ်ရန်အတွက် ကမ္ဘာ့နိုင်ငံအများအပြားက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ သုတေသီများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ လက်တွေ့စမ်းသပ်မှု အခြေအနေသည် ဒုတိယအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားဆေးဘက်ဆိုင်ရာအဖွဲ့လက်အောက်ရှိ ဝူဟန်ဇီဝဗေဒအင်စတီကျူနှင့် တရုတ်သိပ္ပံအကယ်ဒမီလက်အောက်ရှိ ဝူဟန်ဗိုင်းရပ်ပိုးမွှားအင်စတီကျူတို့မှ သုတေသီများက ဗိုင်းရပ်စ်ကာကွယ်ဆေးဆိုင်ရာ လက်တွေ့စမ်းသပ်မှုများကို ဧပြီ ၁၂ ရက်မှစပြီး လုပ်ဆောင်လျက်ရှိသည်။

ဧပြီ ၂၃ ရက်အထိ လူ ၉၆ ဦးကို အသက်အရွယ်အလိုက် အုပ်စုသုံးစုခွဲခြားသတ်မှတ်ခဲ့ပြီး စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့သည်။ စမ်းသပ်မှု၏ ရလဒ်ထွက်ပေါ်မှု အခြေအနေများမှာ ကောင်းမွန်မှုရှိပြီး စမ်းသပ်ခံလူနာများ၏ ကျန်းမာရေးအခြေအနေကို စောင့်ကြည့်နေဆဲဖြစ်သည်။

တရုတ်အမျိုးသားဆေးဘက်ဆိုင်ရာထုတ်ကုန်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့က တရုတ်သုတေသီများ၏ ဗိုင်းရပ်စ်ကာကွယ်ဆေးဖော်ထုတ်မှုဆိုင်ရာ လက်တွေ့စမ်းသပ်မှု ပထမအဆင့်နှင့် ဒုတိယအဆင့်များကို အတည်ပြုခဲ့သည်။

အဆိုပါကာကွယ်ဆေးဖော်ထုတ်မှုဆိုင်ရာ လက်တွေ့စမ်းသပ်မှုသည် တတိယအဆင့်သို့ မကြာမီအချိန်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်းနှင့် လက်တွေ့စမ်းသပ်မှုတတိယအဆင့် အောင်မြင်စွာ အဆုံးသတ်နိုင်ရန် အချိန်တစ်နှစ်ခန့် ကြာမြင့်ဖွယ်ရှိသည်ဟု တရုတ်သုတေသီတစ်ဦးက ဆိုသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**


# ဂျပန်နိုင်ငံတွင် ဆူမိုနပန်းသမား ငါးဦးနှင့် မန်နေဂျာတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**တိုကျို ဧပြီ ၂၅**
ဂျပန်နိုင်ငံတွင် ဆူမိုနပန်းအဖွဲ့တစ်ဖွဲ့မှ မန်နေဂျာ တစ်ဦးနှင့် ဆူမိုနပန်းသမား ငါးဦးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဂျပန်ဆူမိုနပန်းအဖွဲ့က ယနေ့ အတည်ပြုပြောကြားခဲ့သည်။

မန်နေဂျာ တာကာဒါဂါဝါသည် ဖျားနာမှုဝေဒနာခံစားရပြီးနောက် ဧပြီ ၂၃ ရက်တွင် ရောဂါရှိ၊ မရှိ စစ်ဆေးမှုခံယူခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ဧပြီ ၂၄ ရက်တွင် သိရှိခဲ့သည်။ အလားတူ ဆူမိုနပန်းသမား ငါးဦးတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ဆေးရလဒ်များအရ သိရသည်။ ၎င်းတို့အားလုံးသည် ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။

ဧပြီ ၁၀ ရက်တွင် ဆူမိုနပန်းသမားတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ဆူမိုနပန်းအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ လက်ရှိအချိန်အထိ ဆူမိုနပန်းသမား ခြောက်ဦးနှင့် မန်နေဂျာ တစ်ဦးတို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည်ဟု ဆူမိုနပန်းအဖွဲ့က ဆိုသည်။

ဆူမိုနပန်းသမားများ ရောဂါကူးစက်ခံထားရသည့်အတွက် အခြားနပန်းသမားများကိုလည်း နောက်ထပ် ၁၄ ရက်အထိ နပန်းလေ့ကျင့်မှုများ ရပ်နားထားရန် ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဆူမိုနပန်းသမားများလေ့ကျင့်သောနေရာများကို ပိုးသတ်ဆေးများ ဖျန်းမည်ဖြစ်ပြီး နပန်းသမားများကိုလည်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ လိုက်နာရန် ကျန်းမာရေးဝန်ထမ်းများက ဆော်ဩထားသည်။



နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ စတင်ပျံ့နှံ့လာခဲ့ပြီးနောက် ဆူမိုနပန်းအဖွဲ့က ဆူမိုနပန်းနောက်ဆုံးပွဲစဉ်များကို မတ်လအတွင်းက အိုဆာကာမြို့၌ ပွဲကြည့်ပရိသတ်များ တက်ရောက်ခြင်းမရှိဘဲ ကျင်းပခဲ့ကြောင်း သိရသည်။ ထို့ပြင် ဧပြီလအတွင်း တိုကျိုမြို့၌ ကျင်းပမည့် ဆူမိုနပန်းပွဲစဉ်များကိုလည်း မေ ၂၄ ရက်တွင် ရွှေ့ဆိုင်းကျင်းပရန် နပန်းအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အကောင်းပကတိ ကမ္ဘာကြီး ပြန်လည်ကျန်းမာစေ

ကိုရင်ဩ

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်တာကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့သူ ထပ်မံပေါ်ပေါက်လာခြင်းမရှိတော့သဖြင့် “လူမှုရေး ခွာဟမှု” ပြုလုပ်ထားခြင်းကို တစ်ဆင့်စီဖြေလျှော့ပေးလျက်ရှိသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ စနိုးစနောင့်ဖြစ်စေသော သတင်းများစွာအနက်မှ မင်္ဂလာအပေါင်းခညောင်းသော သတင်းတစ်ပုဒ်အဖြစ် စိတ်သန္တာန်ဝယ် မှတ်ယူမိရင်း စိမ်ပြေနပြေအမြိုင့်သားတွေးတောဆင်ခြင်နေမိလေ၏။

ဧပြီ ၂၃ ရက်အထိ ရောဂါပိုးတွေ့သူ ၂၆၈ ဦးရှိသော ဗီယက်နမ်နိုင်ငံတွင် ၂၂၃ ဦးမှာ ရောဂါပျောက်ကင်း၍ နာလန်ထူလာခဲ့ပြီး ဆေးရုံမှ ဆင်းနိုင်ခဲ့ပြီဖြစ်သည်။

### ခွင့်ပြုပေး

“လူမှုရေး ခွာဟမှု” (ခပ်ခွာခွာနေခြင်း) ဖြေလျှော့မှုအရ မြို့တော်ဟန္နိုင်းနှင့် ဟိုချီမင်းစီးတီးတို့အကြားပြည်တွင်းလေကြောင်းခရီးစဉ်များကို တိုးချဲ့ပျံသန်းရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့၏။

ဗီယက်နမ်နိုင်ငံ၌ ဘေးအန္တရာယ်ကြီးမားနေဆဲဒေသအချို့တွင် ကန့်သတ်ချက်များ ဆက်လက်ရှိနေသော်လည်း ဖော်ပြပါ မြို့ကြီးနှစ်မြို့တွင် “လူမှုရေး ခွာဟမှု” ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးခဲ့သည်။

ထိုစဉ်အတွင်း ဗီယက်နမ်လုပ် ကိုဗစ်-၁၉ စမ်းသပ်ရေးကိရိယာများ (ဝါ) Test kits သည် ဥရောပ၏ စံနှုန်းများနှင့် ကိုက်ညီမှုရှိသည်ဟု သက်သေခံချက်ရရှိလိုက်ရာ ယင်းကိရိယာများကို ဥရောပဈေးကွက်သို့ တင်ပို့ရန် လမ်းပွင့်သွားပြီဖြစ်သည်။

အိမ်နီးချင်းတရုတ်နိုင်ငံတွင် ကပ်ရောဂါဆိုးမွှေနှောက်ချိန် ဖေဖော်ဝါရီလအစောပိုင်းမှစ၍ ပြည်ပလေကြောင်းခရီးစဉ်များကို အဝင်၊အထွက် ပိတ်ပင်ခြင်းဖြင့် လည်းကောင်း၊ ကြည်းကြောင်း အဝင်၊ အထွက်ဂိတ်များကို ပိတ်ပင်ခြင်းဖြင့်လည်းကောင်း ရန်သူကိုဗစ်ပိုးကို လက်ဦးမှုယူခဲ့သော ဗီယက်နမ်နိုင်ငံသည် ပြည်သူလူထုအတွင်း ဗိုင်းရပ်စ်ရောဂါ ရှာဖွေထောက်လှမ်းမှုကိုလည်း ဖိဖိစီးစီး လုပ်ဆောင်ခဲ့ရာ ကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်များကို လက်ဝယ်ပိုင်ပိုင် ရရှိခြင်းအဖြစ် ကျွန်ုပ်မှတ်သားရ၏။

### ထိန်းထိန်းသိမ်းသိမ်း

သို့ဖြစ်စေကာမူ ကျန်းမာရေးအရ “ခြေချုပ်ချမှု” ဆိုင်ရာ ကန့်သတ်ချက်များကို အလောတကြီး မရုပ်သိမ်းကြဘဲ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဧပြီလ အစောပိုင်းကပင် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းခဲ့ပြီးဖြစ်သည်။

စင်ကာပူ၊ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)ကဲ့သို့သော ကမ္ဘာ့နိုင်ငံအချို့တွင် ရောဂါပိုးကူးစက်မှုနှုန်းတန့်နေခဲ့ပြီးနောက် ဖြေလျှော့မှုများ ပြုလုပ်ခဲ့ရာမှ ရောဂါပြန်လည်ကူးစက်မှု “ဒုတိယလှိုင်း” ရိုက်ပုတ်မှုနှင့်တွေ့ကြုံလာရနိုင်သည်ကို အခါမလပ် ဂရုစိုက်မှုပြုသင့်ပေသည်။

၁၉၁၈ခုနှစ်က ကမ္ဘာ့ကပ်ရောဂါအဖြစ် တုပ်ကွေးကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်တွင် “လှိုင်း”များစွာ ရိုက်ပုတ်မှုရှိခဲ့ပြီး လူပေါင်း သန်း ၅၀ ကျော် သေဆုံးရမှုကို သာဓကအဖြစ် ညွှန်းဆိုနိုင်ပေလိမ့်မည်။


PHOTO CREDIT: BOSTONGLOBE

၁၉၅၇ ခုနှစ်နှင့် ၁၉၆၈ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သော တုပ်ကွေးကပ်ရောဂါ ကျရောက်ခဲ့စဉ်ကလည်း ကူးစက်ပျံ့နှံ့မှု “လှိုင်း”များစွာ ဖြစ်ပေါ်ခဲ့ကာ ၂၀၀၉ ခုနှစ် H1N1 တုပ်ကွေးကူးစက်မှုဖြစ်စဉ်အတွင်း ဗိုင်းရပ်စ်ပိုး ပြန်လည်ခေါင်းထောင်လာမှုများကို တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။

### ထူးခြားဆန်းပြားသော ရလဒ်များ

ထိုစဉ်အတွင်း သိပ္ပံပညာရှင်များက ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကုသနိုင်ရေးအတွက် အထူးပြုလေ့လာလျက်ရှိကြရာဝယ် ထူးခြားဆန်းပြားသော ရလဒ်များကို ရှာဖွေတွေ့ရှိရသည်ဟု ကျွန်ုပ်လေ့လာမိ၏။

**ကိုရိုနာဗိုင်းရပ်စ်သည် မျိုးဗီဇမျိုးကွဲပေါင်း ၃၀ ထက် မနည်း ပြောင်းလဲသွားခဲ့ပြီဟု ဟန်ကျိုးမြို့ရှိ ရှီအန်း တက္ကသိုလ်မှ သုတေသီများ၏ လေ့လာချက်သစ်တစ်ရပ် တွင် ဖော်ပြထားလေသည်။ ယခုကဲ့သို့ ဗိုင်းရပ်စ်၏ မျိုးဗီဇ ပြောင်းလဲမှု အထွေထွေအထူးထူး ဖြစ်ရခြင်းကြောင့် ကုထုံးတွေ့ရှိရေးတွင် အခက်အခဲများ တွေ့ကြုံလာရနိုင်**

ကိုရိုနာဗိုင်းရပ်စ်သည် မျိုးဗီဇမျိုးကွဲပေါင်း ၃၀ ထက် မနည်း ပြောင်းလဲသွားခဲ့ပြီဟု ဟန်ကျိုးမြို့ရှိ ရှီအန်း တက္ကသိုလ်မှ သုတေသီများ၏ လေ့လာချက်သစ်တစ်ရပ်တွင် ဖော်ပြထားလေသည်။ ယခုကဲ့သို့ ဗိုင်းရပ်စ်၏ မျိုးဗီဇ ပြောင်းလဲမှု အထွေထွေအထူးထူး ဖြစ်ရခြင်းကြောင့် ကုထုံးတွေ့ရှိရေးတွင် အခက်အခဲများ တွေ့ကြုံလာရနိုင်သည် ဆို၏။

ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ကြောင့် ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုများ အချိန်ကြာမြင့်စွာ ဆက်လက်ဖြစ်ပေါ်နိုင်သေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO အကြီးအကဲ တက်ဒရို့စ် အက်ဒါနွန် ဂဲဘရီယဲစစ်က ဆွစ်ဇလန်နိုင်ငံ ဂျီနီဗာမြို့၌ ဧပြီ ၂၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အတိအလင်း သတိပေးခဲ့ပုံကို ကျွန်ုပ်မှတ်သားရ၏။

### ပရိယာယ်တစ်ထောင်

ပရိယာယ်တစ်ထောင်၊ မာယာတစ်သိန်း၊ အပလိန်း အနန္တ ကိန်းဝပ်နေသော ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ သူ၏စိုးရိမ်မှုကို WHO အကြီးအကဲက ဖွင့်ဟခဲ့သည်။

ဥရောပအနောက်ပိုင်းဒေသတွင် ရောဂါကူးစက်မှုတည်ငြိမ်နေခြင်း သို့မဟုတ် လျော့ကျလာခြင်း ရှိလင့်ကစား အာဖရိကတိုက်၊ အမေရိကတိုက်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ရောဂါပိုးတွေ့ရှိသူ ဦးရေ နည်းပါးသော်လည်း ကူးစက်မှု မြင့်တက်လာနိုင်ကြောင်း ဂဲဘရီယဲစစ်က ပြောကြားသည်။

ကမ္ဘာ့နိုင်ငံအများစုသည် ရောဂါကူးစက်မှု၏ ကနဦးအဆင့်များတွင်သာရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့တွင် ဆက်လုပ်စရာ အများအပြားရှိနေပြီး ကိုရိုနာဗိုင်းရပ်စ်သည် ကျွန်တော်တို့နှင့်အတူ အချိန်ကြာမြင့်စွာ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း သူကသတိပေးရာ “ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ရသည်” ဆိုသော ပုံပြင်တစ်ပုဒ်ကို ကျွန်ုပ်ပြန်လည်သတိရမိရင်း သေးငယ်သောအမှုကို မဖြေရှင်းနိုင်လျှင် ပြဿနာကြီးစွာ တက်တတ်သည်ဆိုသော သဘောတရားကို ဆင်ခြင်မိ၏။

ထိုစဉ်အတွင်း WHO ၏ အမှုဆောင် ညွှန်ကြားရေးမှူး မိုက်ကယ်အိပ်ချ်အိုက ကျန်းမာရေးစနစ် ညံ့ဖျင်းသော နိုင်ငံများ အထူးဂရုပြုသင့်ပုံကို အလေးအနက် သတိပေးခဲ့သည်။

### လက်တွဲဆောင်ရွက်

WHO ရန်ပုံငွေအများဆုံး ထည့်ဝင်နေသော အမေရိကန်ပြည်ထောင်စုသည် ရန်ပုံငွေထည့်ဝင်မှု ရပ်ဆိုင်းထားရေး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အမေရိကန် အစိုးရအဖွဲ့က ပြန်လည်စဉ်းစားပေးရန်နှင့် WHO နှင့်အတူ လူ့အသက်ပေါင်းများစွာကို ဆက်လက်ကယ်တင်နိုင်ရေးအတွက် လက်တွဲဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း ဂဲဘရီယဲစစ်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါအပေါ် တုံ့ပြန်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ဝေဖန်ခဲ့သည်။ ကပ်ရောဂါဖြစ်ပွားနေချိန် မိမိတို့အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် လက်တွဲလုပ်ကိုင်သွားကြရန်လည်းကောင်း၊ ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံရေးနှင့် မရောယှက်ရန်လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြန်လည်တုံ့ပြန်ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး ဆေးဝါးထုတ်လုပ်မှုများနှင့် ကာကွယ်ဆေးရှာဖွေဖော်ထုတ်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် ကမ္ဘာ့ခေါင်းဆောင်များက ဧပြီ ၂၄ ရက်တွင် တိုက်တွန်းခဲ့ကြသည်။

### ကတိကဝတ်ပြု

ကမ္ဘာ့ကပ်ရောဂါဆိုးအတွက် သမိုင်းဝင်၊ သမိုင်းတွင်ရစ်မည့် ပူးပေါင်းဆောင်ရွက်မှုဟု အမည်ပေးထားသော နိုင်ငံတကာ အစည်းအဝေးတစ်ရပ်ကို ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်ခဲ့ရာတွင် ပြင်သစ်၊ ဂျာမနီနှင့် တောင်အာဖရိက စသည့်နိုင်ငံများမှ ခေါင်းဆောင်များက ရောဂါရှာဖွေဖော်ထုတ်ရေး၊ ကုသရေးနှင့် ကာကွယ်ရေး လုပ်ငန်းတို့တွင် နိုင်ငံများ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရန် ကတိကဝတ်ပြုခဲ့ကြလေသည်။

ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါဖော်ထုတ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ယူရို ၇ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၀ ဘီလီယံ) ရန်ပုံငွေ ထူထောင်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ ဦးတည်ဆောင်ရွက်လျက်ရှိကြလေသည်။

ယင်းဗီဒီယိုကွန်ဖရင့်တွင် အာရှ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အမေရိကတိုက်တို့မှ ခေါင်းဆောင်များလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

### ပဟေဠိဆန်လှသော

ယခုအချိန်တွင် ပဟေဠိဆန်လှသော ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှု ရပ်တန့်မည့်အချိန်ကို ကမ္ဘာ့လူသားတိုင်းက မျှော်လင့်စောင့်စားလျက်ရှိကြပေမည်။

ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့မြို့ကြီး၊ မြို့ငယ်များတွင် အသွားအလာ ကန့်သတ်ပိတ်ပင်ကာ ဒေသတစ်ခုတွင် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ပေမည်။

သို့ရာတွင် ရာသီအလိုက်ရောဂါကူးစက်မှုမျိုးလည်း ရှိနိုင်ပေရာ ဗိုင်းရပ်စ်ရောဂါပိုးကို မိမိတို့ လျှော့တွက်ထား၍ မဖြစ်နိုင်ချေ။ ကာကွယ်ဆေးနှင့် ကုသဆေးဝါးများ အမြန်ဆုံးရရှိနိုင်ရန် သိပ္ပံပညာရှင်များက အစွမ်းကုန်ကြိုးပမ်းနေကြသည့်တိုင်အောင် ရောဂါကူးစက်မှု လုံးဝရပ်ဆိုင်းမည့်အချိန်ကို အတိအကျ ခန့်မှန်းရန်မှာ လွန်စွာခက်ခဲပါလိမ့်မည်။ ပရိယာယ်တစ်ထောင်၊ မာယာတစ်သိန်း၊ အပလိန်း အနန္တ ကိန်းဝပ်နေသော ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ ကပ်ရောဂါဘေးမှ ကင်းဝေးရေးတွင် လူတိုင်း၏ အသိတရားနှင့် သတိတရားတို့ တိုးတက်မြင့်မားရန် အထူးလိုအပ်ပုံကို ကျွန်ုပ်တွေးတောမိရင်း “အကောင်းပကတိ ကမ္ဘာကြီး ပြန်လည်ကျန်းမာစေ” ဟု ကျူးရင့်မိပါသတည်း။ ။

SOURCE: Daily News Updates

# ကိုဗစ်- ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၅-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်အဖြစ် ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၈၂)ခုနှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၀) ခု စုစုပေါင်း (၁၃၂)ခုတို့တွင် COVID–19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၅-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၄) ဦးရှိပြီဖြစ်ပါသည်။

၃။ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာအမှတ် (၀၂၇) သည် ရောဂါသက်သာ ကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာများကို စစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် COVID–19 ရောဂါပိုး မတွေ့ရှိရတော့သဖြင့် ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၀)ဦး (ဆေးရုံမှ ဆင်းခွင့်ရရှိပြီးသူ – ၉ ဦး)ရှိပြီ ဖြစ်ပါသည်။ သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။

၄။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၃၀)ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာ(၁၃၀)ဦး အနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁)ဦးရှိကာ ကျန်(၁၂၇)ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ (၂၄-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီမှ (၂၅-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၁၀)ဦး ရှိပါသည်။

**COIVD–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

**ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု**

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | တောင်ဥက္ကလာအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၃၉ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၆ |
| ၄ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၅ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| ၆ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၂ |
| ၇ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၂ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၁၀ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၁ | ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့ | ၁ |
| ၁၂ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | ၁ |
| | စုစုပေါင်း | ၁၃၀ |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (ပထမအသုတ်)**
**(၂၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၁၃၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID–19 (SARS–CoV–2) မတွေ့ရှိ (negative) | (၁၃၂) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရခိုင်ပြည်နယ် Coronavirus Disease – 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၀) ကျင်းပ

စစ်တွေ မေ ၂၅

ရခိုင်ပြည်နယ် Coronarvirus Disease – 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၀)ကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronavirus Disease – 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် ကော်မတီများဖွဲ့စည်းဆောင်ရွက်ချိန်မှစတင်ပြီး ယနေ့အထိ ကော်မတီနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါဖြစ်ပေါ်လာသည့်နောက်ပိုင်းမှစတင်ကာ မိမိတို့နိုင်ငံတွင်လည်း ပြည်ထောင်စုအဆင့်မှစတင်၍ အဖွဲ့အစည်းများဖွဲ့စည်းပြီး အမြန်ဆုံးတုံ့ပြန်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မိမိတို့ပြည်နယ်အနေဖြင့် ဗဟိုက ညွှန်ကြားချက်များနှင့်အညီ ပြည်နယ်မှ အဖွဲ့အစည်းများဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လုပ်ဆောင်ရွက်မည့်အခြေအနေများကို ကျယ်ကျယ်



ပြန့်ပြန့် ဆွေးနွေးပေးစေလိုကြောင်း၊ မိမိတို့ပြည်နယ်တွင်း လုပ်ငန်းကော်မတီများကိုလည်း ပြည့်ပြည့်စုံစုံဖွဲ့စည်းထားပြီးလည်းဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် အကောင်အထည်ဖော် လုပ်ဆောင်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ ကော်မတီများအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ လက်ရှိလုပ်ကိုင်နေသည့်၊ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်လိုကြောင်း၊ ဆွေးနွေးချက်များကို ပေါင်းစပ်ပြီး လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များ၊ တိုးတက်မှု ဆုတ်ယုတ်မှုများကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုလျှင် ကောင်းမွန်စွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်–၁၉ နှင့်ပတ်သက်ပြီး အားလုံး စေတနာထားကာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် Coronavirus Disease – 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များက Coronavirus Disease – 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ နှီးနွှယ်ဌာနများ၊ ပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေများနှင့် ကော်မတီ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး အသိပညာပေးလုပ်ငန်းများအား ယခင်ထက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ ပြည်နယ်အတွင်း ဆေးဝါးများပြတ်လပ်မှုမရှိစေရေးအတွက် ပြည်တွင်း၌ ရရှိနိုင်သော ဆေးဝါးများကို ဗဟိုကော်မတီနှင့်ချိတ်ဆက်ပြီး ဖြည့်ဆည်းနိုင်အောင် ဆောင်ရွက်ရန်နှင့် ကော်မတီများအနေဖြင့် လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးကို လုပ်ဆောင်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့် ရေကိုအသုံးပြု၍ လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ ဆက်သွယ်မေးမြန်းနိုင်

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုသည့် မေးခွန်းများကို မိမိတို့ မိုဘိုင်းဖုန်းမှတစ်ဆင့် National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန် သိရှိအောင် ကျန်းမာရေးဗဟုသုတတွေ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိသွားအောင် ရည်ရွယ်ပြီး Call Center ကို ဖွင့်လိုက်တာပါ။ ပြည်သူတွေ မေးလာတဲ့ မေးခွန်းတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

Call Centre တွင် ဆေးသုတေသနဦးစီးဌာနမှ ဆရာဝန် ၄၅ ဦးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၉ ဦးတို့က အဖွဲ့ရှစ်ဖွဲ့ခွဲကာ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ တာဝန်ချိန်နှစ်ပိုင်းခွဲ၍ တာဝန်ချိန်တစ်ပိုင်းစီတွင် ကြီးကြပ်သူအပါအဝင် ဆရာဝန် ရှစ်ဦးတို့က တာဝန်ယူဖြေကြားပေးလျက်ရှိကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"၂၀၁၉ နံပါတ်ကို နှိပ်လိုက်ရင် ပိုက်ဆံပေးစရာမလိုဘဲ အခမဲ့ခေါ်ဆို မေးမြန်းစုံစမ်းနိုင်ပါတယ်။ ဆေးသုတေသနဦးစီးဌာနက ကျန်းမာရေးဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံဆရာဝန်အသင်းက စေတနာ့ဝန်ထမ်းဆရာဝန်တွေ ပူးပေါင်းပြီး ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေကို ဖြေကြားပေးနေပါတယ်။ ကျေးလက်ဒေသတွေကလည်း မေးမြန်းနိုင်တဲ့အတွက် ဒီလုပ်ဆောင်ချက်က ထိရောက်အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေ မေးမြန်းတဲ့အခါ ဒီဘက်က ပြန်ဖြေတဲ့သူတွေကလည်း ဆရာဝန်တွေဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ယုံကြည်မှုက နဂိုကတည်းက ရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို Call Center ကနေ ရရှိပြီးဖြစ်ပါတယ်။ Call Center ဖွင့်တာက ပြည်သူတွေအတွက် အကျိုးရှိတယ်လို့ ယုံကြည်ပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

အဆိုပါ National COVID-19 Call Center ကို မေ ၉ ရက်မှ စတင်ကာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလေးလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ဖွင့်လှစ်လိုက်ပြီး ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အများပြည်သူ သိရှိလိုသည်များကို ဖြေကြားပေးနေကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။



ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း



ဒေါက်တာမျိုးမျိုးမွန်

ယခု Call Center သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ လူနာများရှာဖွေကုသခြင်း စသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်စေရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

Call Center သို့ ပြည်သူလူထုမှမေးမြန်းမှု များပြားသည့်အတွက် ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော ပြည်သူလူထု အမေးများနိုင်သည့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များအား စက်မှအလိုအလျောက် ဖြေကြားခြင်းရှိသလို ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲနံပါတ်-၀ သို့ ခေါ်ဆိုနိုင်ပြီး လူတစ်ဦးလျှင် အချိန်ခြောက်မိနစ်ခန့် မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများက မေးကြပါတယ်။ ခေါ်ဆိုခက အခမဲ့ဆိုတော့ တော်တော်များများမေးကြပါတယ်။ အခုလို Call Center လုပ်ပေးတဲ့အတွက် ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ဘယ်ကိုမေးရမှန်းမသိတဲ့သူတွေ၊ တချို့သော သတင်းအမှားတွေ ပြန့်နေတာနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြနေသူတွေအတွက် အခုချိန်မှာ အပြင်ထွက်ပြီး ဆေးခန်းတွေ လိုက်ရှာပြီးမေးဖို့ကလည်း အခက်အခဲရှိကြတော့ အခုဆရာဝန်နဲ့ တိုက်ရိုက်မေးမြန်းရတဲ့အတွက် အများကြီးအကျိုးရှိကြမှာပါ။ အမေးများတာက ကာကွယ်ခြင်းနဲ့ ထိန်းချုပ်ခြင်းအကြောင်းတွေ အမေးများပါတယ်။ ရောဂါကူးစက်ပုံနည်းလမ်းတွေလည်း အမေးများတယ်။ အချိန်နဲ့အမျှ ဖြစ်နေတာလည်းတွေ မေးကြတယ်။ ဒီအချိန်မှာ ဖျားတာနာတာဖြစ်နေရင် ဘာလုပ်ရမလဲဆိုတာမျိုးလည်း စိုးရိမ်ပြီးမေးကြတာရှိပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒ သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မျိုးမျိုးမွန်က ပြောသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး "၂၀၁၉" သို့ခေါ်ဆိုပြီး လိုင်းခွဲနံပါတ်-၁ တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲနံပါတ်-၂ တွင် ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ်-၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ်-၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲနံပါတ်-၅တွင် နောက်ဆုံးရ ကိုဗစ်-၁၉ ပိုးတွေ့လူနာအရေအတွက်အကြောင်းတို့အား လိုင်းခွဲနံပါတ်ငါးခုမှ အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

"ကွန်မတို့မှာ အခက်အခဲတချို့ရှိပါတယ်။ အများစုကတော့ သိချင်လို့ မေးမြန်းကြတယ်။ နှောင့်ယှက်တဲ့ ဖုန်းခေါ်ဆိုမှုတွေလည်းရှိပါတယ်။ ဘယ်လောက်ထိ နှောင့်ယှက်သလဲဆိုရင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြီး ပြောတာတွေရှိတယ်။ သီချင်းတောင်းသလို ရီစရာလုပ်တာတွေပါတယ်။ တစ်ဦးချင်း ဒါမှမဟုတ် အုပ်စုလိုက်ဖွဲ့ပြီး ရီစရာဟာသလုပ်တာတွေ၊ မသက်ဆိုင်တဲ့ အကြောင်း ပြောတာတွေပါပါတယ်။ ကလေးတွေကနေ အကြိမ်ကြိမ် ခေါ်နေတာတွေလည်း ရှိပါတယ်။ တချို့က ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုသွားတယ်။ ကြာတော့ စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်။ မေတ္တာရပ်ခံချင်တာက ဒီလိုအချိန်မှာ ဖြေဆိုရတဲ့သူတွေအတွက် အခက်အခဲတွေ့ရပါတယ်။ မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန၊ ကူးစက်ရောဂါဗေဒ သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မျိုးမျိုးမွန်က ပြောသည်။

Call Centre တွင် ဖြေကြားပေးမည့် ဆရာဝန်များအား တာဝန်ချထားခြင်းမပြုမီ လူထုနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း နည်းလမ်းများကို ဒေါက်တာသန်းထွန်းစိန် ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးသုတေသနဦးစီးဌာနကလည်းကောင်း၊ Call Centre နည်းပညာဆိုင်ရာ အကြောင်းအရာများကို ဦးထွန်းထွန်းနိုင် Blue Ocean Investment Limited က လည်းကောင်း၊ လူထုကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဒေါက်တာသန်းနိုင်စိုး ညွှန်ကြားရေးမှူး ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လည်းကောင်း အသီးသီး ဆွေးနွေးပို့ချပေးခဲ့ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

National COVID-19 Call Centre အကောင်အထည်ဖော်နိုင်ရန် Call Centre ဆိုင်ရာနည်းပညာများကို Blue Ocean Investment Limited ကလည်းကောင်း၊ မေးမြန်းလိုသူများ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, Telenor, Ooredoo, Mytel တို့က လည်းကောင်း ဝန်ဆောင်မှုပေးကြပြီး လိုအပ်သော ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ တာဝန်ကျဆရာဝန်များအား ကျွေးမွေးစရိတ်တို့ကို UNICEF အဖွဲ့က ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

## ဆီဆိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

**ဆီဆိုင် မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် မေ ၂၅ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့အဝင်ပေါက်၌ ဝင်/ထွက်သွားလာသော မိဘပြည်သူများအား နေ့စဉ်မပြတ် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်း၊ မှတ်တမ်းကောက်ယူခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်လဝကဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့က မြို့အဝင်ပေါက်တွင် ဝင်/ထွက် သွားလာသော မိဘပြည်သူများအား လက်ဆေးဆပ်ပြာရည်ဖြင့် စနစ်တကျ လက်ကိုဆေးကြောပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များတိုင်းတာ စစ်ဆေးပေးခြင်း၊ ရပ်ဝေးမှ ဝင်ရောက်လာသည့် ပြည်သူများအား မှတ်တမ်းကောက်ယူခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် လူထူထပ်သောနေရာများ မသွားရန်၊ အရေးကြီးကိစ္စမှလွဲ၍ အိမ်အပြင်မထွက်ရန်၊ မဖြစ်မနေ အပြင်ထွက်ရပါက နှာခေါင်းစည်းတပ်ရန်၊ အိမ်ပြန်ရောက်ပါက လက်ကို မကြာခဏဆေးရန် စသည်တို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။



ထို့နောက် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် ဖွင့်လှစ်ထားရှိသော ကျန်းမာရေး စောင့်ရှောက်ရေးစခန်းများဖြစ်သည့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ Quarantine ခံယူနေသူများအား အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးပေးခြင်းနှင့် အာဟာရအဖြစ် ကြက်ဥများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၅**

Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

**○ ကျောဖုံးမှ**

ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့ခဲ့သူများ၏ နေအိမ်ပတ်ဝန်းကျင်များနှင့် ဘုန်းတော်ကြီးကျောင်းတို့အား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်ရာတွင် မတ္တရာမြို့နယ် နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မတ္တရာ)တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် အသွားအလာကန့်သတ်စောင့်ကြည့်မည့် ပညာရေးကောလိပ် (ပုသိမ်) နှင့် နည်းပညာတက္ကသိုလ်(ပုသိမ်) သို့ သွားရောက် ကြည့်ရှုစစ်ဆေး

ပုသိမ် မေ ၂၅

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ယနေ့ နံနက်တွင် နေရပ်ပြန် ဝန်ထမ်းများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများ အသွားအလာကန့်သတ်စောင့်ကြည့်မည့်နေရာထားရှိမည့် ပညာရေးကောလိပ် (ပုသိမ်)နှင့် နည်းပညာတက္ကသိုလ်(ပုသိမ်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းကျန်းမာရေးဦးစီးဌာန Regional Facility Quarantine တာဝန်ခံ ဒေါက်တာမြတ်မင်းစိုးက ပညာရေးကောလိပ်တွင် အမျိုးသမီးဝန်ထမ်းများအတွက် ပမ္မဝတီဆောင်၌ နှစ်ယောက်ခန်း ၆၈ ခန်း၊ အမျိုးသားဝန်ထမ်းများအတွက် နှစ်ယောက်ခန်း ၄၄ ခန်း စီစဉ်ထားရှိမှု၊ ယခုလက်ရှိဝန်ထမ်းများအနေဖြင့် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၇ ဦး ပေါင်း ၂၈ ဦးတို့အား အသွားအလာကန့်သတ်စောင့်ကြည့်နေမှု၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအတွက် ချယ်ရီဆောင်တွင် နှစ်ယောက်ခန်း ၇၄ ခန်း ပြင်ဆင်ထားရှိမှုအခြေအနေများ၊ အစိုးရနည်းပညာတက္ကသိုလ်(ပုသိမ်) ၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအား ကံ့ကော်ဆောင်တွင် တစ်ယောက်ခန်း ၇၅ ခန်း စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အဆိုပါနေရာများအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **ကိုတွတ် (ပြန်/ဆက်)**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၂၅၆ | ၁၄၄ |

| ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ | သေဆုံးသူ |
|---|---|
| ၉ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၆၅၀

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ/ ပြန်လည်သက်သာ/ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၂ | ၇ | ၄ |
| ၂ | ပဲခူး | ၇ | - | ၁ |
| ၃ | စစ်ကိုင်း | ၆ | - | - |
| ၄ | ချင်း | ၅ | - | - |
| ၅ | ရှမ်း(ရှေ့) | ၃ | - | - |
| ၆ | မန္တလေး | ၃ | ၁ | - |
| ၇ | ရှမ်း (တောင်) | ၂ | - | - |
| ၈ | ရှမ်း (မြောက်) | ၂ | - | - |
| ၉ | နေပြည်တော် | ၁ | ၁ | - |
| ၁၀ | မွန် | ၁ | ၁ | - |
| ၁၁ | မကွေး | ၁ | - | - |
| ၁၂ | ကချင် | ၁ | - | - |
| | စုစုပေါင်း | ၁၄၄ | ၁၀ | ၅ |

အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ရောဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ ၂၅-၄-၂၀၂၀ ရက်ည(၈)နာရီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲနမူနာများကို ဘေးကင်းလုံခြုံစွာရယူနိုင်ရန် ရောဝတီဖောင်ဒေးရှင်းက Protective Chamber များလှူဒါန်း



ရန်ကုန် မေ ၂၅

နိုင်ငံအနှံ့အပြားရှိ ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကိုဗစ်–၁၉ ဓာတ်ခွဲနမူနာများကို ဘေးကင်းလုံခြုံစွာရယူနိုင်ရန် ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ Protective Chamber အလုံး ၅၀ ကို ယနေ့တွင် ရောဝတီဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်မိသားစုနှင့် ရောဝတီဖောင်ဒေးရှင်းအမှုဆောင် ပါမောက္ခ ဒေါက်တာဇော်ဝေစိုး တို့က ဆေးတက္ကသိုလ် (၁) ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမြင့်မြင့်ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံသို့ ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ Protective Chamber အလုံး ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါ Protective Chamber များကို မြန်မာနိုင်ငံ အလှူမိနီယမ်အသင်းက အကျိုးအမြတ်မယူဘဲ အမြန်ဆုံးပြီးစီးစေရန် ပူးပေါင်းကူညီ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်းက လှူဒါန်းသည့် Protective Chamber များကို ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ခုတင် (၅၀၀) အထူးကုဆေးရုံကြီး(ရန်ကုန်)၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး၊ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး၊ သန်လျင်အထွေထွေရောဂါကု ဆေးရုံကြီး၊ လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး၊ ကိုဗစ်–၁၉ ကုသရေးဌာန(ဖောင်ကြီး)၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာန၊ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဒေါ်ခင်ကြည်ဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် အခြားလိုအပ်သည့် ဆေးရုံကြီးများတွင် အသုံးပြုသွားမည်ဖြစ်သည်။

**သတင်း– ဖိုးသော်ဇင်**
**ဓာတ်ပုံ– ကိုမိုး**

## ကျောင်းကုန်းမြို့၌ အခြေခံလူတန်းစားများအား ဆန်လှူဒါန်း

ကျောင်းကုန်း မေ ၂၅

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သီတာဦးပဲမျိုးစုံနှင့်အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးမိသားစုက ကာလဒါနအလှူအဖြစ် ဆန်လှူဒါန်းမှုကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ကျောင်းကုန်းမြို့နယ်အား လုံခြုံရေးတာဝန်ယူထားသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၉၅ ဦး၊ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများဖြစ်သည့် အမှတ်(၂)ရပ်ကွက်မှ ၃၈၅ ဦး၊ အမှတ်(၄)ရပ်ကွက်မှ ၄၇၀၊ မိုးပြာကျေးရွာမှ ၁၇၀ နှင့် သဲကုန်းကျေးရွာမှ ၁၇၀ စုစုပေါင်း ၁၂၉၀ အား ဆန် (၅) ပြည်စီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တာချီလိတ် မေ ၂၅**
တာချီလိတ်မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊



ရေကြောင်းရဲတပ်ဖွဲ့(ကိုယ်စား) ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)တပ်ဖွဲ့ဝင် မိသားစုများက လှူဒါန်းသည့် ကူးစက်ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို မေ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့(ကိုယ်စား) ရေကြောင်းရဲတပ်ဖွဲ့ခွဲ (ဝမ်ပုံ)မှ ဝမ်ပုံရေကြောင်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲဝင်းနောင်နှင့် တာဝန်ရှိသူများက တာချီလိတ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်သလို ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံ ၁၅စုံ၊ လေကာမျက်မှန် ၁၅ ခု၊ ပါးစပ်နှင့် နှာခေါင်းစည်း အခု ၁၅၀၀၊ နှာခေါင်းစည်း(KN 95) အခု ၁၀၀၊ အပူချိန်တိုင်းကိရိယာ သာမိုမီတာ သုံးခု၊ ပိုးသတ်ဆေးရည် လီတာ ၁၀၀၊ အရက်ပြန် ၁၀ လီတာ၊ လက်အိတ် အခု ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်**
**(တာချီလိတ်)**

## ကျန်းမာရေးဝန်ထမ်းများအား စားဆီထောက်ပံ့ပေးအပ်

**ဆီဆိုင် မေ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲက စားဆီများ လာရောက်ထောက်ပံ့ပေးခဲ့သည်။

ထိုကဲ့သို့ ထောက်ပံ့ရာတွင် ဆီဆိုင်မြို့ ဟိုခဲရပ်ကွက်မှ အလှူရှင် ဦးမြင့်ဝင်း မိသားစုက ဆီဆိုင်ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်း ၃၅ ဦးအတွက် တစ်ဦးလျှင် နေကြာဆီ ၅၀ ကျပ်သားကို လာရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**





## ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးများပက်ဖျန်း

**ကျောက်ပန်းတောင်း မေ ၂၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအဖြစ် မေ ၂၄ ရက် နံနက် ၈ နာရီက ကျောက်ပန်းတောင်းမြို့မရဲစခန်း၊ မြို့နယ်မှူးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်း၊ စာကြည့်တိုက်နှင့်ရုံးအဝင်/အထွက်နေရာများတွင် ပိုးသတ်ဆေးပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးဇော်ဌွေး၏ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးဝင်းမိုးကျော်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် မြို့မရဲစခန်းရုံးခန်း၊ အချုပ်ခန်းနှင့် ဝန်ထမ်းအိမ်ရာများ၊ မြို့နယ်မှူးရုံးခန်းနှင့်အိမ်ရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ရုံးခန်း၊ ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်တို့အပြင် ပရိဘောဂပစ္စည်းများနှင့်ရုံးအဝင်/အထွက်နေရာများအားလည်းကောင်း ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကျောက်ဆည်မြို့ရှိ ပျံကျဈေးသစ်၌ ဈေးသည်များအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**ကျောက်ဆည် မေ ၂၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ကွင်းတွင် မေ ၂၄ ရက် နံနက် ၄ နာရီမှစတင်၍ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ယခင်ကအေးမြကြည်လင်ဈေးကြီးဘေးပတ်လည်တွင် အခြေခံစားသောက်ကုန်များရောင်းချနေသည့် ပျံကျဈေးသည်များအား နေရာသစ်အဖြစ် မြေကွက်များတွင် စားသောက်ကုန်များ စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုဈေးသစ်တွင် နှာခေါင်းစည်းမပါသည့် ဈေးသည်များအား စည်ပင်သာယာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုရေးအသင်းများ စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ လိုက်နာကြရန်နှိုးဆော်ပြီး နှာခေါင်းစည်းများ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး မြို့နယ်များ၌ ပိုးသတ်ဆေးဖျန်း



**ဒီးမော့ဆို**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်မဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် နံနက် ၈ နာရီခွဲက နေရာခြောက်နေရာ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဘာသာရေးအဆောက်အအုံဖြစ်သော ဒီးမော့ဆိုနှစ်ခြင်းဘုရားကျောင်း၊ St,Joseph ကက်သလစ်ဘုရားကျောင်း၊ ငြိမ်းချမ်းရေးသခင်မဘုရားကျောင်း၊ St,Chario Salerio Centere ကက်သလစ် သီလရှင်ကျောင်း၊ St,Joseph ချမ်းမြေ့ရိပ်သာ (လူအိုရုံ)နှင့် နေရပ်ပြန်ပြည်သူများ Facility Quarantine ထားရှိသည့် အခြေခံပညာအထက်တန်းကျောင်း(ဒီးမော့ဆို) တို့အား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

**ရွှေဘို**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် နံနက် ၉ နာရီက ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအေးမြင့် ဦးဆောင်၍ ရွှေဘိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆာမူအဲလ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရာအိမ်မှူးတို့သည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် အမှတ် ( ၁၀) ရပ်ကွက် စိန်ဘုရားရပ်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

**ရန်ကုန်**
ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်တွင် မေ ၂၄ ရက် ညနေပိုင်းက ပိုးသတ်ဆေးနှင့် ဆပ်ပြာရည်ဖျန်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ဆေးဖျန်းခြင်းကို ရန်ကုန်အနောက်ပိုင်း ခရိုင်မီးသတ်တပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်နှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ရပ်ကွက်များရှိ လမ်းများ၊ အဆောက်အအုံများ၊ ဈေးများ၊ အသွားအလာကန့်သတ်ထားသည့်နေရာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ကားမှတ်တိုင် စသည့်နေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်ဆူးသစ်(ပြန်/ဆက်)**

## မောက်မယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မောက်မယ် မေ ၂၅**
ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းတို့က ဦးဆောင်၍ မောက်မယ်နမ့်ယွမ်းဂေါက်ကွင်းတွင် ယာယီဖွင့်လှစ်ထားသည့်ပျံကျဈေး၌ ဈေးရောင်းဈေးဝယ်သူများအား မေ ၂၄ ရက် နံနက်ပိုင်းက နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာရည်နှင့် ကာဘော်လစ်ဆပ်ပြာများကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်



များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်**
**(မောက်မယ်)**

## မိုးညှင်း၊ လားရှိုး၊ မိုင်းယောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့နယ် လွဲမွန်ကျေးရွာအုပ်စု နန့်မီးလောင်ကျေးရွာ သင်္ချိုင်းအနီး အောင်မင်းဦးမောင်းနှင်၍ မသန်းထွေး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာနေ မသန်းညွန့်၏ နေအိမ်အားရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီက လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု နမ့်ကျန်ကျွတ်ကျေးရွာနေ မရန်ရှန်းလျန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၇ ကီလိုနှင့် ငွေကျပ် ၁၀၀၀၀၀ တို့ကိုလည်းကောင်း၊

ထို့အတူ ညနေ ၄ နာရီတွင် မိုင်းယောင်းမြို့နယ် မုန်းလိုက်ချောင်းတံတားထိပ်တွင် စိုင်းအွန်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု မိုင်းခွန်ကျေးရွာနေ အိုက်ယီကျောက်၏ နေအိမ်ကိုရှာဖွေရာ ငွေကျပ် ၅၀၀၀၀ နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မသန်းထွေး၊ အောင်မင်းဦး၊ မသန်းညွန့်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

## ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်၌ မီးလောင်မှုဖြစ်

**ပခုက္ကူ မေ ၂၅**

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် သီရိမာလာလမ်း၌ မေ ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပန်ကာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၃)ရပ်ကွက် သီရိမာလာလမ်းနေ ဒေါ်ခင်စိန်၏နေအိမ်တွင် ပန်ကာဖွင့်ထားခဲ့ရာမှ အပူလွန်ကဲပြီး အနီးရှိ စောင်ထုပ်များမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မီးလောင်ရာသို့ ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဒေသခံပြည်သူများက မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ် ၂၄ စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ခင်စိန်အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၈ စီး၊ သွင်းကုန် ၆၉၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန်အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၇၅ သန်းတန်ဖိုးရှိ Brand New Desktop Casing Only (17)Uနှင့် Brand-FENGD Power Supply (600W)(10)U အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကသာမြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ် ၃၅ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ကသာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းအတွင်း မေ ၂၃ ရက်က တရားမဝင် ကျွန်းသစ်လုံးများနှင့် သစ်ခွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကသာမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်ကိုကို ဦးစီးသောအဖွဲ့သည် ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းအတွင်း၌ တရားမဝင်သစ်စက်လည်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ အကွက်အမှတ်(၈၁)အတွင်းမှ တရားမဝင် ကျွန်းသစ် ၃၅ လုံး (၁၅ ဒသမ ၂၇၀ တန်)နှင့်အတူ သစ်ခွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် တရားမဝင်သစ်ခွဲစက် ပြုလုပ်သူများအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**



## ပြင်ဦးလွင်မြို့နယ်အတွင်း တရားမဝင်သစ်များနှင့် သစ်စက် သိမ်းဆည်းရမိ

**ပြင်ဦးလွင် မေ ၂၅**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ သယ်ဆောင်ရောင်းဝယ်ခြင်းများ လျှော့နည်းရေး စီမံဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သော ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်ကပျူးကျေးရွာအနီး စပယ်ကြီးချောင်းနှင့်ဝါးတောပြန့်ချောင်းကြားတောတွင်းနှစ်နေရာတွင် တရားမဝင်ကျွန်းခွဲသား တစ်တန်ခန့်၊ ကျွန်းသစ်လုံး ၁၂ တန်ခန့် စုစုပေါင်း ကျွန်းခွဲသားနှင့် သစ်လုံး ၁၃ တန်ခန့်နှင့်အတူ တရားမဝင်သစ်ခွဲစက်တစ်လုံး တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသောသစ်များအား ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်၍ သစ်ခိုးထုတ်သူများအားဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ပြင်ဦးလွင်မြို့နယ် နယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ဖားကန့်၌ တောဆင်ရိုင်းနင်း၍ လူနှစ်ဦးသေဆုံး

**ဖားကန့် မေ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု တောမော်ကျေးရွာနှင့် ခြောက်မိုင်ခန့်အကွာ တောအတွင်း၌ ညအိပ်ထင်းရှာသူလေးဦး နေထိုင်ရာတဲအတွင်းသို့ မေ ၂၄ ရက် နံနက် ၁ နာရီခန့်က တောဆင်ရိုင်းသုံးကောင်ဝင်နင်းမှုကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

တဲအတွင်း အိပ်စက်နေသော အမျိုးသားလေးဦးအား တောဆင်ရိုင်းဝင်နင်းမှုကြောင့် ဦးမောင်အိုက်နှင့် ဦးမင်းရွှေတို့မှာ နေရာတွင်သေဆုံးခဲ့ပြီး ဦးလောပေါနှင့် ဦးမောင်တူးတို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ မိုးကြိုးထိမှန်ပြီး နွားလေးကောင် သေဆုံး

**ကျွန်းလှ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာအုပ်စု အောင်းပင်ကျေးရွာအနီး၌ မေ ၂၄ ရက် ည ၈ နာရီခန့်က ဦးရောင်ရှောင်၏ တောထဲကောက်ရိုးစင်အောက်တွင် ချည်ထားသော ခိုင်းနွားနှစ်ကောင်နှင့် နွားမနှစ်ကောင် စုစုပေါင်း နွားလေးကောင် မိုးကြိုးထိမှန် သေဆုံးသွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။


**မျိုးဝင်းညို(ကျွန်းလှ)**

## မင်းဘူးမြို့ရှိ ထောက်ရှာပင်ကမ်းနီရေနံမြေ အမှတ်(၁) ကျောက်တန်းရေတင်စက်အနီးတွင် တောမီးလောင်မှုဖြစ်

**မင်းဘူး မေ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ထောက်ရှာပင်ကမ်းနီရေနံမြေ အမှတ်(၁) ကျောက်တန်းရေတင်စက်အနီးတွင် ယမန်နေ့မွန်းလွဲ ၂ နာရီက ကိုင်းတောငါးဧကခန့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။


ဖြစ်စဉ်မှာ မင်းဘူးမြို့နယ် မီးသတ်စခန်း၏ တောင်ဘက် ငါးမိုင်ခန့်အကွာ မင်းဘူးမြို့ရှိ ထောက်ရှာပင်ကမ်းနီရေနံမြေ အမှတ်(၁)၊ ကျောက်တန်းရေတင်စက်အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသဖြင့် မီးလောင်ရာနေရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ထွန်းဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ထောက်ရှာပင်နယ်မြေ မီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဖြိုးဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ထောက်ရှာပင် ကမ်းနီရေနံမြေမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး စုစုပေါင်း သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ မီးသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲ၌ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။




**မောင်မောင်(မင်းဘူး)**















## ဘုတလင်မြို့နယ် မြောက်တောကျေးရွာ၌ စနစ်တကျ လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ဘုတလင် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် Tech Friend ကုမ္ပဏီတို့ ပူးပေါင်းပြီး မြောက်တောကျေးရွာ ကွင်းအမှတ် ၂၂၂(က) မယ်ဟန်သီကွင်းတွင် စနစ်ကျ လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းထံမှ သိရသည်။

စနစ်တကျ လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၁ သန်းဖြင့် Tech Friend ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက် ခြောက်စီးနှင့် Tech Friend ကုမ္ပဏီမှ မြေထိုး၊ မြေကော်ယာဉ် လေးစီးတို့ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

“စနစ်တကျ လယ်ယာမြေဧက ၁၀၀ ကို လယ်တစ်ဧကတစ်ကွက်လျှင် အလျား ၃၆၃ ပေ၊ အနံ ပေ ၁၂၀ နှုန်းဖြင့် အကွက်ဖော်နေပါတယ်။ တစ်ဧကကို ကုန်ကျစရိတ်အနေနဲ့ ကျပ် ၇၄၁၀၀၀ ကုန်ကျမှာ ဖြစ်ပါတယ်။ စနစ်တကျ လယ်ယာမြေမှာ ရေသွင်း၊ ရေထုတ်မြောင်းတွေပါရှိတဲ့အတွက် ရေကို လိုအပ်သလို သွင်းထုတ်နိုင်ပါတယ်။ ဒါ့အပြင် လယ်ကွက် အတွင်းမှာရှိတဲ့ ရေအနည်းအများကိုလည်း ထိန်းညှိပေးနိုင်တဲ့အတွက် စပါးပင်ပွားကို မျှတစွာ ရရှိနိုင်လို့ သီးနှံအထွက်နှုန်း တိုးတက်စေနိုင်ပါတယ်”ဟု မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက ပြောသည်။

စနစ်တကျ လယ်ယာမြေဧက ၁၀၀ တွင် သုံးပေအကျယ်ရှိသည့် ရေသွင်းမြောင်းများ၊ ရေထုတ်မြောင်းများနှင့် ၁၆ ပေအကျယ်ရှိသည့် ကုန်ထုတ်လမ်းများကို အလျားလိုက် တစ်လမ်းနှင့် ထောင့်ဖြတ်လမ်း သုံးလမ်းပါရှိသည့်အတွက် လယ်ယာများသို့ ရေသွင်းရေထုတ်ရာတွင် အဆင်ပြေစေပြီး တောင်သူများ၏ စိုက်ပျိုး၊ ရိတ်သိမ်းစနစ်ကို ပိုမိုကောင်းမွန်စေသောကြောင့် ကုန်ထုတ်စွမ်းအား တိုးမြှင့်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ပခုက္ကူမြို့တွင် စားသုံးသူများအဆင်ပြေရေး ကြက်သွန်နီများ ဈေးနှုန်းသတ်မှတ်

**ပခုက္ကူ မေ ၂၅**

ကိုဗစ်-၁၉ ရောဂါကြောင့် ကြက်သွန်နီရောင်းဝယ်မှုနည်းပါးသော်လည်း အရောင်းအဝယ်များ ဖြစ်ထွန်းနေဆဲဖြစ်ကြောင်း ပခုက္ကူမြို့ ကြက်သွန်ပွဲရုံများမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းသို့ ကူးစက်ဖြစ်ပွားလာသောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့် ပန်ကြားချက်များ၊ မြို့နယ်အတွင်း ဒေသန္တရအမိန့်များနှင့် ညွှန်ကြားချက်များကြောင့် ဈေးများယာယီပိတ်ထားခြင်းများ ပြုလုပ်ခဲ့ကြပြီး အရောင်းအဝယ်နည်းပါးခဲ့ကြောင်း၊ သို့သော် တစ်ပိုင်တစ်နိုင် အခြေခံစားသောက်ကုန်များ စိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိသားစုစားဝတ်နေရေးအတွက် လာရောက်တင်သွင်းသည့် ကြက်သွန်များကို ဆက်လက်ဝယ်ယူပေးနေရကြောင်း၊ ထိုသို့ဝယ်ယူရာတွင် ကြက်သွန်နီပိဿာချိန်ပေါင်း ၁၀၀၀၀ မှ ၁၂၀၀၀ခန့် နေ့စဉ်ဝင်ရောက်လာလျက်ရှိရာ ကြက်သွန်နီကို အများဆုံးဈေး တစ်ပိဿာကို ငွေကျပ် ၄၉၀ နှုန်းနှင့် အနည်းဆုံးဈေး တစ်ပိဿာကို ငွေကျပ် ၄၇၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း၊ ပခုက္ကူမြို့တွင် ကြက်သွန်ပွဲရုံ ၂၀ ကျော်ရှိကြောင်း၊ အများအားဖြင့် ယောနယ်ဒေသများနှင့် မုံရွာ၊ ပုလဲမြို့များမှ လာရောက်တင်သွင်းကြပြီး လက်ကားရောင်းဝယ်ရေးအဖြစ် တရုတ်၊ ရန်ကုန်၊ ဟသ်ာတစသည့် ပြည်တွင်း ပြည်ပများသို့ တင်ပို့ရောင်းချကြကြောင်း ပခုက္ကူမြို့ သန်းတစ်ရာကြက်သွန်ပွဲရုံမှ ဦးသိမ်း၏ ပြောပြချက်အရ သိရသည်။

ထို့ပြင် ပခုက္ကူမြို့ မြို့မဈေးတောင်ဘက် ရွှေတောင် ကြက်သွန်ပွဲရုံမှ ကိုမင်းနိုင်က ကိုဗစ်-၁၉ ရောဂါကြောင့် အရောင်းအဝယ်နည်းပါးကာ ကုန်စည်ဒိုင်လည်းပိတ်ထားသောကြောင့် စားသုံးသူများ အဆင်ပြေစေရေးအတွက် ကြက်သွန်နီအကြီး/အသေးပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ရောင်းချပေးနေရကြောင်း၊ ဈေး၌ လာရောက်ဝယ်ယူသည့်ပြည်သူများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ပြီး တစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်အကွာတွင် နေရာယူ၍ ဝယ်ယူအားပေးကြရန်နှင့် လူစုလူဝေးဖြင့် လာရောက်ဝယ်ယူအားပေးခြင်းများ မပြုလုပ်ကြရန်တို့ကို ပြောကြားသည်။

**ဆလိုင်းကိုကီး**



## မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်သို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**မြို့သစ် မေ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာ၏မြောက်ဘက် တဝက်စမ်းတဲတိုက်၊ အင်တိုင်းရှည်တဲတိုက်၊ မြေနီအင်တဲတိုက်တို့ရှိ အိမ်ခြေ ၁၀၀ ဝန်းကျင် လူဦးရေ ၅၀၀ ခန့်အား အလှူရှင် ဒေါက်တာအောင်ဖြိုးဟိန်းနှင့် ချိတ်ဆက်ကာ မကွေးမြို့နယ် ကြာကန်ကျေးလက်မြေပရဟိတအဖွဲ့က မေ ၂၄ ရက် နံနက်ပိုင်းတွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာရဲ့မြောက်ဘက်မှာရှိတဲ့ တဲတိုက်တွေက စုစုပေါင်း အိမ်ခြေ ၁၀၀ ဝန်းကျင် လူဦးရေ ၅၀၀ ကျော်ရှိတဲ့ အရပ်ဒေသကို ဒေါက်တာအောင်ဖြိုးဟိန်းက သောက်သုံးရေများကို လှူဒါန်းပေးထားတာပါ။ ဒီအရပ်ဒီဒေသလေးမှာ လက်ရှိသောက်သုံးရေက ပြတ်လပ်၊ စက်ရေတွင်းကမရှိ၊ ရာသီဥတုက ပူပြင်းတာကြောင့် ရေကန်မှာ ရေကမရှိ၊ အချို့တဲတိုက်တွေမှာ စမ်းတွင်းရေတောင် မရှိသလို တဝက်စမ်းတဲတိုက်မှာတော့ စမ်းရေကို အလှည့်ကျနဲ့စောင့်ခပ်မှ မိသားစုတစ်စုကို သုံးရက်မှ သောက်ရေငါးပုံးပဲ ရကြပါတယ်။ ဒီလို သောက်သုံးရေရှားပါးပြတ်လပ်တဲ့ အရပ်ဒေသကို လှူဒါန်းပေးတဲ့ အလှူရှင်မိသားစုအားလုံး ကျန်းမာချမ်းသာပါစေ"ဟု ကြာကန်ကျေးလက်မြေမှ ကိုဇော်မင်းထိုက်က ပြောသည်။



အဆိုပါ တဲတိုက်နေ ဒေသခံများက အလှူရှင်များကဖြစ်စေ၊ သက်ဆိုင်ရာ တာဝန်ရှိသူများကဖြစ်စေ စက်ရေတွင်းတစ်တွင်း အမြန်တူးဖော်ပေးစေလိုကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။

"ကျွန်တော်တို့မြို့သစ်နယ်ကရေရှားပါတယ်။ အခုလိုအလှူရှင်တွေနဲ့ချိတ်ဆက်ပြီး သောက်သုံးရေလှူဒါန်းပေးတဲ့အတွက် ကိုဇော်မင်းထိုက်နဲ့ရေအလှူရှင်များကို ကျေးဇူးတင်ပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**အောင်ရွှေထွန်း**

## ပန်းဘဲတန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)တွင် ပင်စင်လစာ စနစ်တကျ ထုတ်ပေးလျက်ရှိ

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ မေ ၂၁ ရက်မှစ၍ ပင်စင်လစာများထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာထုတ်ပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပင်စင်လစာလာရောက်ထုတ်ယူသူများအား လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာအဝေးထားရှိကာ စနစ်တကျ ပင်စင်လစာထုတ်ယူနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပင်စင်လစာလာရောက်ထုတ်ယူကြသော မိဘပြည်သူများ အမြန်ထုတ်ယူနိုင်ရေးအတွက် ဘဏ်ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်လစာထုတ်ယူသူ စုစုပေါင်း ၁၆၈၉ ဦးရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နေခြည်**
**(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့နယ်တွင် စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေး

**ပင်လည်ဘူး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေများပြတ်လပ်မှုမရှိစေရန် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် စင်လောင်ကျေးရွာနှင့် ကပ္ပန္နတ်ကျေးရွာတို့တွင် တွင်းနက်တွင်း ပေ ၄၀၀၊ အချင်း လေးလက်မ၊ ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန်၊ ရေတင်စက်ရုံ၊ ရေပိုက်များ တူးဖော်ပြီးစီးမှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်နှင့် ဝန်ထမ်းအဖွဲ့တို့က မေ ၂၄ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်၌ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် စင်လောင်ကျေးရွာ၊ မြေကုလားကျေးရွာ၊ ငွေးချိုကျေးရွာ၊ သင်ပေါင်းကျင်းကျေးရွာ၊ ကြူတောကိုင်းကျေးရွာ၊ ဝါးယူးသာကျေးရွာ၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကပ္ပန္နတ်ကျေးရွာနှင့် နတ်ကြီးကုန်းကျေးရွာ စုစုပေါင်းကျေးရွာ ရှစ်ရွာတို့တွင် တွင်းနက်များ တူးဖော်ပေးလျက်ရှိသည်။

အဆိုပါတွင်းနက်တူးဖော်ခြင်းလုပ်ငန်းများကို YCEG ကုမ္ပဏီမှ တာဝန်ယူကာ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလပိုင်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် စင်လောင်ကျေးရွာ၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်ဆောင်ရွက်သည့် ကပ္ပန္နတ်ကျေးရွာတို့တွင် တွင်းနက်တွင်းများပြီးစီး၍ ကျေးရွာပြည်သူများ ခပ်ယူအသုံးပြုနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ဗဟိုစံပြငါးဈေးကြီး၌ ရေလမ်းမှဝင်ရောက်လာသောငါးများသာ ရောင်းချခွင့်ပြု



**ရန်ကုန် ဧပြီ ၂၅**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကာလအတွင်း လူစုလူဝေး မဖြစ်စေရန် ရည်ရွယ်ကာ ဗဟိုစံပြငါးဈေးကြီးသို့ ယခင်က ကုန်းလမ်း၊ ရေလမ်းနှစ်မျိုးမှ ဝင်ရောက်လာသော ငါးများကို ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့သော်လည်း ယခုအခါ ရေလမ်းကြောင်းမှ စက်လှေများဖြင့် ဝင်ရောက်လာသော ငါးများကိုသာ ရောင်းချခွင့်ပြုထားသည်။

အဆိုပါ ဈေးကြီးအတွင်း လူစုလူဝေးဖြစ်ပေါ်မှု လျော့နည်းစေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်ခန်းမ၌ ဧပြီ ၂၀ ရက်တွင် ဈေးသာယာရေးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါအတိုင်း ရောင်းချမှုကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဧပြီ ၂၄ ရက်မှာ ဗဟိုစံပြငါးဈေးကြီးထဲကို သား/ငါးကုန်စည် တင်ဆောင်လာတဲ့ ကားတွေကို အဝင်မခံတော့ဘူး။ ရေလမ်းကလာတဲ့ ကုန်တွေပဲလက်ခံမယ်လို့ အမိန့်စာထွက်လာတယ်။ ဒီဈေးကြီးမှာ ကုန်စည်စီးဆင်းမှုက နေ့စဉ် ရေချိုငါးပိသာ ချိန် လေးသိန်းမှ ငါးသိန်း အရောင်းအဝယ်ရှိပါတယ်။

နယ်ကပို့တာလည်း ပိဿာကုန်ချိန် တစ်သိန်းခွဲနဲ့ နှစ်သိန်းကြားရှိတယ်။ ရေလမ်းက အခုအမိန့်ထုတ်ပြီးချိန်မှာစက်လှေတစ်စင်းကို ကုန်ချိန် ၈၀၀၀ နဲ့ နေ့စဉ် ငါးစင်းနဲ့ ကုန်ချိန် ၄၀၀၀၀ လောက်ပဲဝင်တယ်။ တကယ်လိုအပ်ချက်က ကုန်ချိန် လေးသိန်းနဲ့ ငါးသိန်းကြားလည်ပတ်မှုနဲ့ဆို ၁၀ ဆမက ကွာနေပြီး ကုန်စည်စီးဆင်းမှုက အလွန်ကိုကွာခြားနေတယ်။ စက်လှေကနေ ပါလာတာလေးပဲပို့ရတော့ ဈေးက ရပ်တန့်သွားပါပြီ။ ကုန်စည်စီးဆင်းမှုမရပ်တန့်အောင် ဈေးကို ပိတ်ပါလို့လည်းမပြောဘူး"ဟု ဗဟိုစံပြငါးဈေးသာယာရေးကော်မတီ တွဲဖက်ဘဏ္ဍာရေးမှူးဦးကျော်သူက ယနေ့ နံနက်ပိုင်းတွင် ယင်းဈေး၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

ကော်မတီအနေဖြင့် ဈေးပိတ်ချိန် ည ၇နာရီမှ နံနက် ၄ နာရီကြား နယ်ငါးအအေးခန်းကားများ ဝင်ရောက် ငါးချခွင့်ပေးရန်မေတ္တာရပ်ခံတင်ပြထားကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် လူစုလူဝေးဖြစ်ပွားမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဗဟိုစံပြငါးဈေးကြီး၌ လူစုလူဝေးများလျော့နည်းစေရန်နှင့် ကုန်စည်ပြတ်လပ်မှုမရှိစေရေးတို့အတွက် ဈေးဝယ်ယာဉ်နှင့် Jetty အအေးခန်းယာဉ်များဝင်ရောက်ခြင်းကို ဧပြီ ၂၄ ရက် နံနက် ၅ နာရီမှစတင်ကာ ကန့်သတ်လိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ကုန်စည်စီးဆင်းမှုကို မထိခိုက်စေရန်လည်းဆောင်ရွက်စေလိုကြောင်း၊ အရှင်းပိတ်သိမ်းလိုက်ခြင်း မဟုတ်ကြောင်းသိရသည်။ ယင်းအတွက် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၌ ဝင်ပေါက်/ထွက်ပေါက်များတွင် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေးကော်မတီဝင်များ စုပေါင်းကာ ငါးကား၊ ရေခဲတင်ကားများကို ငါး၊ ပုစွန် ကုန်စည်မပါဘဲ အဝင်ခံပြီး စစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက်ပိုင်းတွင် ကျင်းပသောရှင်းလင်းပွဲမှ သိရသည်။

ယခုအခါတွင် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၌ နယ်မှလာရောက်ကြသော ပွဲကျဈေးသည်နှင့် အကျိုးဆောင်များမပါ အမာခံသားငါးများ ရောင်းဝယ်ဖောက်ကား ဖြန့်ချိနေသော မွေးမြူရေးနှင့်ကန်ငါးရောင်းချသည့်ဒိုင် ၅၀ ခန့်အပါဝင် ငါးဒိုင်စုစုပေါင်း ၁၄၆ ဒိုင်ရှိကြောင်း၊ နေ့စဉ် ငါး၊ ပုစွန် ကုန်ချိန် ပိဿာ ငါးသိန်းခန့် ဖြန့်ဖြူးရောင်းချနေသော သားငါးဈေးကြီးဖြစ်ကြောင်း၊ မြန်မာပြည် နယ်စပ် မြဝတီမြို့မှဝင်ရောက်နေသောပွဲကျဈေးသည်နှင့် ကုန်စည်များကို ရွှေပိတောက်ငါးဈေးသို့ ရွှေ့ပြောင်းလိုက်ကြောင်း ယနေ့ရှင်းလင်းပွဲမှသိရသည်။

**မြင့်မောင်စိုး**

## ချောင်းဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေ

**ချောင်းဦး ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ မြို့နယ်ပြည်သူ့အားကစားကွင်း ယာယီဈေးတွင် ဖွင့်လှစ်ရောင်းချနေသည့်ဈေးသည်များနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေး၍ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းနှင့်အဖွဲ့ဝင်များက ဈေးရောင်းသူများနှင့် ဈေးဝယ်ရန် လာရောက်ကြသည့် ပြည်သူများအား အပြင်ထွက်ပါက နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာကြရန်၊ လက်ကို အမြဲဆေးကြောရန်၊ စနစ်တကျ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန် အသိပညာပေးပြီး ဈေးအတွင်း ဝင်ရောက်လာသူများအား အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ လက်ဆေးပြီးမှ ဈေးအတွင်း ဝင်ရောက်စေခြင်းနှင့် နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပြီး တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ဖွင့်လှစ်ထားသော ယာယီဈေးတွင် ဖွင့်လှစ်ရောင်းချနေသည့် ဈေးသည်များနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းအခု ၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း ချောင်းဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်က ပြောကြားသည်။

**အိအိအောင်(ချောင်းဦး)**



## ရေတာရှည်မြို့ဈေးအတွင်း ကိုဗစ်- ၁၉ ရောဂါ ပညာပေးခြင်းနှင့် ကုန်ဈေးနှုန်းများတည်ငြိမ်ရေး ဆောင်ရွက်

**ရေတာရှည် ဧပြီ ၂၅**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးနှင့် ကုန်ဈေးနှုန်းများ တည်ငြိမ်မှန်ကန်စွာ ရောင်းချနိုင်ရေးအတွက် တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဧပြီ ၂၄ ရက် နံနက်ပိုင်းက ရေတာရှည်မြို့ဈေးကြီးနှင့် ပွဲကျဈေးသည်များ၊ ဈေးဝယ်လာကြသူများအား ကိုဗစ်-၁၉ ရောဂါထိန်းချုပ် ကာကွယ်ကုသရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ပြီး ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေများအရ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများအား ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ ဆောင်ရွက်နေသည်ကိုတွေ့ရှိပါက ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်နိုင်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်အတူ ဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ယူသူများ နှာခေါင်းစည်းအကာအကွယ်များတပ်ဆင်၍ သတ်မှတ်ထားသောနေရာများတွင် စနစ်တကျရောင်းချနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များအား ဆန်နှင့် ဆီ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ဖွဲ့ဝင်များအား ဆန်နှင့် ဆီ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦးက မြို့နယ်ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ တာဝန်အရအပြင်ထွက်သည့်အခါ နှာခေါင်းစည်းများတပ်ဆင်ကြရန်နှင့် စနစ်တကျလက်ဆေးကြရန် မှာကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင် အရာရှိ၊ အခြားအဆင့်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၁၇ ဦးတို့အား ဆန်နှင့် ဆီတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦးနှင့် မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး စိုးဝင်းတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်နိုင်**
**(သန်လျင်)**



## ကဝမြို့နယ်၌ သောက်သုံးရေ ဂါလန် ၂၈၀၀ လှူဒါန်း

**ကဝ ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကန်တော်ကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက သောက်သုံးရေဂါလန်၂၈၀၀ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဇင်ဦးနှင့် ဝန်ထမ်းများက အဆိုပါ ကျေးရွာရှိအိမ်ခြေ ၂၆၆ လုံး၊ လူဦးရေ ၁၅၆၀ကျော်အတွက် ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၂၈၀၀ကို ကျေးရွာအရောက် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလှောင်ဆည်ရေဖြင့်စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မဲဇလီရေလှောင်ဆည်ရေဖြင့် တောင်သူများ စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာမှ နွေနှမ်းစိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

ယခုနှစ် နွေနှမ်းစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ အချိန်မီသီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နွေစပါးသီးနှံစိုက်ပျိုးတောင်သူများအား ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးမှတစ်ဆင့် ဖြန့်ဝေပေးခဲ့ပြီး နွေနှမ်းစိုက်ပျိုးတောင်သူများအား မတ် ၁ ရက်တွင် မြောက်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေများ ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သူများ စိုက်ပျိုးရေ အပြည့်အဝရရှိစေရေးအတွက် ရေဖြန့်ဝေပေးသည့် ရေလက်တံမြောင်းများ ကောင်းမွန်ရေးအတွက် ဆည်ရေလုပ်သားများအဖွဲ့က ရေလက်တံမြောင်းများအတွင်း ပိတ်ဆို့နေသော ရေမိတ်များနှင့် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ရှင်းလင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

“ ကျွန်တော်တို့ မြို့နယ်အတွင်းက ဒေသခံတောင်သူတွေဟာ မဲဇလီရေလှောင်ဆည်ရေနဲ့ နှစ်စဉ် နွေနှမ်းတွေ စိုက်ပျိုးကြပါတယ်။ နှမ်းသီးနှံဟာ ကျွန်တော်တို့မြို့နယ်မှာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုရှိလည်း ရှိပါတယ်။ ခုဆိုရင် တောင်သူတွေ မဲဇလီရေလှောင်ဆည်ရေနဲ့ စိုက်ပျိုးတဲ့နှမ်းတွေဟာ ပွင့်ဖူးတွေဆင် သီးရှဉ်းတွေ ဝင်နေကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးတဲ့နှမ်းမျိုးတွေကတော့ စမုံနက်နှမ်း၊ သိပ္ပံနှမ်းနက်နဲ့ ဆင်းရတနာ-၄ (နှမ်းဖြူမျိုး)တွေကို စိုက်ပျိုးကြပြီး အများဆုံးစိုက်ပျိုးတဲ့နှမ်းမျိုးကတော့ စမုံနက်နှမ်းမျိုးပဲဖြစ်ပါတယ်။ စမုံနက်နှမ်းက ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေ အကျိုးအမြတ် ပိုမိုရရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့ ဖလံတောကျေးရွာနဲ့ မုန်တောကြီးကျေးရွာတွေက တောင်သူတွေဟာ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြို့နယ်အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ တောင်သူ့ရေးရာဖွံ့ဖြိုးရေးအဖွဲ့(OAFADG)ရဲ့ နည်းပညာပံ့ပိုးကူညီမှုနဲ့ အလေးထားစိုက်ပျိုးတာဖြစ်လို့ ထွက်ရှိတဲ့နှမ်းဟာ တခြားကျေးရွာတွေထက် ပိုပြီးကောင်းမွန်တဲ့အတွက် ဈေးကွက်မှာလည်း ဈေးပိုရရှိပါတယ်။ ဒီနှစ်မှာလည်း တောင်သူတွေ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ယခင်နှစ်တွေကလို ဈေးနှုန်းကောင်းဖို့အတွက်ကိုပဲ တောင်သူတွေ မျှော်လင့်နေကြပါတယ်” ဟု ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာမှ နွေနှမ်းစိုက် တောင်သူတစ်ဦးက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၁၉ – ၂၀၂၀ နွေသီးနှံစိုက်ပျိုးရာသီမှာ မဲဇလီရေလှောင်ဆည်ရေဖြင့် ပွင့်ဖြူမြို့နယ်အတွင်း နွေနှမ်းစိုက်ပျိုးဧက ၄၀၀၇၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ထားရှိကြောင်းနှင့် နွေစပါးစိုက်ပျိုးဧက ၁၄၃၈၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရကာ တောင်သူများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အပြည့်အဝရရှိစေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆည်ရေလုပ်သားများအဖွဲ့က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရန် လေးနှစ်အတွင်း မကွေးတိုင်းဒေသကြီး၌ သစ်ပင်ခြောက်သိန်းခန့် စိုက်ပျိုးခဲ့

**မကွေး ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၌ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဗဟိုပြုလုပ်ငန်း အစီအစဉ်များဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရန် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ လေးနှစ်အတွင်း သစ်ပင်ခြောက်သိန်းခန့် စိုက်ပျိုးခဲ့ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

လေးနှစ်တာကာလအတွင်း အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဖြင့် အထူးစိမ်း တစ်အုပ်တစ်မ အပင် ၃၉၇၅၀၊ ကွက်လပ်ဖြည့် အပင် ၇၃၂၀၀၊ ဖြည့်စွက် အပင် ၂၇၀၀၀၊ ကွန်တိုဘောင် အပင် ၅၀၀၊ တောထိန်းကွက်လပ်ဖြည့် ၇၇၄၂၅ ပင် စုစုပေါင်း ၂၁၇၈၇၅ ပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေဖြင့် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင်ကျွန်း သုံးပင်၊ သစ်မာ အပင် ၂၀ နှုန်းဖြင့် စုစုပေါင်း ၃၃၆၆၁၂ ပင်၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းဖြင့် သစ်ပင် ၄၂၀၀၀ တို့ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

“ ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ကမ္ဘာ့လေထုညစ်ညမ်းတာနဲ့ ရာသီဥတုပူပြင်းတာကို ကာကွယ်နိုင်ဖို့က သစ်ပင်စိုက်ပျိုးတဲ့ နည်းတစ်ခုပဲ ရှိပါတယ်။ လာမယ့်မိုးရာသီမှာ စိုက်ဧက ၁၉၀၀ ထူထောင်ပြီး ပျိုးပင်ပေါင်း ၁၂၄၄၂၅ ပင် စိုက်ပျိုးပါမယ်။ စိုက်ခင်းအကြိုလုပ်ငန်းတွေကို ဆောင်ရွက်ထားပြီးပါပြီ” ဟု မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစွန်ထွေးက ဆိုသည်။



လေးနှစ်တာကာလအတွင်း ကျေးရွာသုံးစိုက်ခင်း ၃၃၈၈ ဒသမ ၄၇ ဧက၊ ရေဝေရေလဲစိုက်ခင်းဧက ၁၈၁၀၊ တောင်တန်းစိုက်ခင်းဧက ၁၇၅၀၊ အခြားစိုက်ခင်း ဧက ၇၄၀ စုစုပေါင်း ၇၆၈၈ ဒသမ ၄၇ ဧကကို အကောင်အထည်ဖော်ခဲ့ပြီး သဘာဝတောကျန်ဧက ၈၀၀၀၀ ကိုလည်း ထိန်းသိမ်းထားရှိခဲ့ကြောင်း ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဇုန်ဖြစ်သည့် ပခုက္ကူမြို့နယ်(တန့်ကြည်တောင်)၊ ချောက်မြို့နယ် (ရွှေပုံတောင်)၊ ရေနံချောင်း ( Greening Complex Zone)၊ တောင်တွင်းကြီးမြို့နယ် (ဗိသနိုး) တို့တွင် နိုင်ငံတကာနှင့်ပူးပေါင်း၍ Climate Change Center(CCC)လုပ်ငန်းများကို ငွေကျပ်သန်း ၇၀၀ အသုံးပြုလုပ်ဆောင်နေကြောင်း ညွှန်ကြားရေးမှူး ဦးစွန်ထွေးထံမှ သိရသည်။

**ဇေယျာတု**
**(မကွေး)**

# မင်းဘူးမြို့နယ်ရှိ ကျေးရွာလေးရွာ သောက်သုံးရေရရှိရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မင်းဘူး ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း ကျေးရွာလေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာအသုံးပြုနိုင်ရန်နှင့် နွေရာသီကာလ သောက်သုံးရေရှားပါးမှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုင်ရှင်ကျေးရွာတွင် အနက်ပေ ၂၈၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းကိုလည်းကောင်း၊ ကမ်းနီကျေးရွာတွင် အနက်ပေ ၃၄၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းကိုလည်းကောင်း၊ ပိုက်သင်ကျေးရွာတွင် အနက်ပေ ၃၄၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းကိုလည်းကောင်း၊ ဇီးဖြူကုန်းကျေးရွာတွင် အနက်ပေ ၂၄၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၅၀၇ သန်းဖြင့် တင်ဒါအောင်မြင်သော လင်းမြတ်မင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်သွယ်အကူအညီတောင်းခံနိုင်**

"ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်လို့ စိုင်ရှင်ကျေးရွာ၊ ကမ်းနီကျေးရွာ၊ ပိုက်သင်ကျေးရွာနဲ့ ဇီးဖြူကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၉၇၀ ၊ လူဦးရေ ၄၃၀၀ နဲ့ ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေ ဖူလုံစွာအသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်"ဟု မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောကြားသည်။

မင်းဘူးမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၅၀ ရှိပြီး ယင်းကျေးရွာများတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ပါက မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း–၀၆၅ ၂၁၅၆၄၊ ၀၉ ၂၅၆၂၃၀၉၀၇၊ ၀၉၄၀၁၅၁၉၇၈၄ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သူရိန်(မင်းဘူး)**

# စေတုတ္တရာမြို့နယ်၌ ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်

**စေတုတ္တရာ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကျွဲ၊ နွားများ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဧပြီ ၂၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွဲ၊ နွားများ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဖိုးကျော်မင်း ဦးဆောင်ကာ စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဧပြီ ၂၀ ရက်မှစတင်ကာ ကာကွယ်ဆေးများကို ကွင်းဆင်းထိုးနှံပေးခဲ့ရာ ကျောက်ပုံ၊ ခဲပျစ်၊ မုံညင်း၊ ညောင်ကုန်း၊ ဝင်လိုနှင့် ခိုနန်းကျေးရွာများရှိ ကျွဲ၊ နွားကောင်ရေ ၈၀၀ နှင့် စွယ်အင်းအုပ်စုရှိ ကျေးရွာများတွင် ကျွဲ၊ နွား ကောင်ရေ ၂၀၀ စုစုပေါင်း ကောင်ရေ ၁၀၀၀ အား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသေးသည့် ကျေးရွာများသို့လည်း ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ဆက်လက်၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖိုးကျော်မင်းထံမှ သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

# ကျေးလက်ရေပေးရေးလုပ်ငန်း စစ်ဆေး

**စဉ့်ကူး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းကို တင်ဒါအောင်မြင်သော ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညီနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါကျေးလက်ရေပေးရေးလုပ်ငန်းတွင် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းတို့ပါဝင်ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးသွားပါက ခတက်ချဉ်ကျေးရွာပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## သရုပ်ဆောင်တစ်ဦးအဖြစ် ပြန်လည်လှုပ်ရှားမယ့် ကင်မရွန်းဒီရက်ဇ်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့ Charlie's Angels မှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့တဲ့ မင်းသမီး ကင်မရွန်းဒီရက်ဇ်ဟာ ရုပ်ရှင်မရိုက်ဖြစ်ခဲ့တာ ငါးနှစ်ခန့်ကြာခဲ့ပေမယ့် မကြာမီမှာ ရုပ်ရှင်သစ်နဲ့အတူ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ကင်မရွန်းဒီရက်ဇ်ရဲ့ မိတ်ကပ်ပညာရှင်တစ်ဦးဖြစ်သူ ဂူစီဝက်စ်မန်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ မင်းသမီးအနေနဲ့ ရုပ်ရှင်သစ်မှာ ပါဝင်သွားနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ကင်မရွန်းက အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူထားကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ နှစ်နှစ်ခန့်ရှိပြီဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ ရုပ်ရှင် Annie ဟာ ကင်မရွန်းနောက်ဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဖြစ်တာကြောင့် ယခုနှစ်အတွင်း ကင်မရွန်းရုပ်ရှင်ရိုက်ဖြစ်မယ်ဆိုပါက အဆိုပါ ရုပ်ရှင်ဟာ ငါးနှစ်တာအတွင်း ရိုက်ကူးခဲ့တဲ့ သူ့ရဲ့ ပထမဆုံးရုပ်ရှင်လည်း ဖြစ်လာမှာပါ။

## အမေရိကန်ဒေါ်လာ ၃၆ သန်းကျော် တန်ဖိုးရှိတဲ့နေအိမ်ကို ဝယ်ယူခဲ့တဲ့ ခိုင်လီဂျန်နာ

အသက်အငယ်ဆုံးသော အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ကျော်ကြားသူ ခိုင်လီဂျန်နာဟာ လတ်တလောမှာ လော့စ်အန်ဂျလိစ်ရဲ့ အချက်အချာကျတဲ့နေရာမှာ နေအိမ်တစ်လုံး ဝယ်ယူခဲ့ပါတယ်။ သူ့ရဲ့ အိမ်ဟာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ငါးသန်း တန်ဖိုးရှိကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ် ခိုင်လီဂျန်ဟာ အဆိုပါ နေအိမ်ကို ဈေးဆစ်ဝယ်ယူခဲ့တာပါ။ ယခင်က အဆိုပါ နေအိမ်ရဲ့ ရောင်းဈေးမှာ အမေရိကန်ဒေါ်လာ ၄၅ သန်း ဖြစ်ပါတယ်။ နေအိမ်ဝယ်ယူလိုက်တဲ့ သတင်းနဲ့ပတ်သက်ပြီး ခိုင်လီဂျန်နာရဲ့ မန်နေဂျာက လက်ရှိအချိန်အထိ အတည်ပြုပေးခြင်းမရှိသေးပေမယ့် ခိုင်လီဂျန်နာက နေအိမ်သစ်မှာ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။




## ကိုရိုနာဗိုင်းရပ်စ်ကုသဆေး သုတေသနလုပ်ငန်းတွေမှာ တွမ်ဟန့်နဲ့ ရီတာဝေလ်ဆန်တို့ရဲ့ သွေးကို အသုံးပြုမည်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တွမ်ဟန့်နဲ့ ရီတာဝေလ်ဆန်တို့ရဲ့သွေးကို လတ်တလောမှာ ပြုလုပ်လျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ကုသရေးသုတေသနလုပ်ဆောင်မှုတွေမှာ အသုံးပြုသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တွမ်ဟန့်နဲ့ ရီတာဝေလ်ဆန်တို့ဟာ ကျော်ကြားတဲ့ သူတွေအနက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ပထမဆုံး ထုတ်ဖော်ပြောကြားခဲ့သူတွေလည်း ဖြစ်ပါတယ်။ ဩစတြေးလျကို ရောက်ရှိနေစဉ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲဟာ ကုသမှုတွေ ခံယူခဲ့ပြီးနောက် ပြန်လည်ကျန်းမာလာချိန်မှာ လော့စ်အန်ဂျလိစ်ကို ပြန်လည်ရောက်ရှိလာခဲ့တာပါ။

လော့စ်အန်ဂျလိစ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက်မှာ တွန်ဟန့်နဲ့ ရီတာဝေလ်ဆန်တို့က ကိုရိုနာဗိုင်းရပ်စ်အတွက် ဆေးဝါးထုတ်လုပ်မှုတွေ တိုးတက်လုပ်ဆောင်နိုင်ဖို့ရာ သူတို့ရဲ့ သွေးကို ဆေးဘက်ဆိုင်ရာ လေ့လာမှုတွေ ပြုလုပ်ရာမှာ အသုံးပြုနိုင်ဖို့ စာရင်းပေးသွင်းခဲ့ကြောင်း သိရပါတယ်။

## ဗွီရဲ့ တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်



ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဗွီဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာ ဗွီဟာ အွန်လိုင်းကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်ခဲ့ကာ ထုတ်လွှင့်မှုအတွင်း သူ့ရဲ့ တေးသီချင်းသစ်ကို ဖျော်ဖြေခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၃ ရက်မှာ ဗွီဟာ သူ့ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခုကို သူ့ရဲ့ VLive show ကနေတစ်ဆင့် ပြုလုပ်ခဲ့ပါတယ်။ ဒီထုတ်လွှင့်မှုအတွင်း ပရိသတ်တွေကို တေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့တဲ့ ဗွီဟာ တေးသီချင်းသစ်တစ်ပုဒ်ကိုလည်း ထည့်သွင်းဖျော်ဖြေပေးခဲ့ကြောင်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**




## တေးဗီဒီယိုသစ်ကို ဂျယ်ဂျူကျွန်းမှာ သွားရောက်ရိုက်ကူးနေတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ ဂျယ်ဂျူကျွန်းကို ထွက်ခွာခဲ့တာ တွေ့ရပါတယ်။ အဆိုပါကျွန်းမှာ အဖွဲ့ရဲ့ တေးဗီဒီယိုသစ် ရိုက်ကူးဖို့အတွက် ယခုလို သွားရောက်တာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၄ ရက်မှာ အဖွဲ့ဝင်ကိုးဦးပါဝင်တဲ့ TWICE အဖွဲ့ဝင်တွေကို ဂင်မ်ပိုအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ရောက်ရှိလာတာ တွေ့ရပါတယ်။ အဖွဲ့ဝင်တွေဟာ ဂျယ်ဂျူကျွန်းကို ထွက်ခွာမှာဖြစ်ပြီး အဲဒီမှာ အဖွဲ့ရဲ့ တေးဗီဒီယိုသစ် ရိုက်ကူးဖို့ရာ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

TWICE ဟာ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တေးဂီတလှုပ်ရှားမှုသစ်နဲ့ပတ်သက်ပြီး အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် အဖွဲ့ဝင်တွေအားလုံး ဆံပင်အရောင်တွေ ပြောင်းလဲပြင်ဆင်ထားတာကို တွေ့ရပါတယ်။

## အေဗရယ်လက်ဗင်းရဲ့ တေးသီချင်းသစ်မှ အမြတ်ငွေများကို ကျန်းမာရေးဝန်ထမ်းများအား လှူဒါန်းမည်



ကျော်ကြားတဲ့ ရော့ခ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အေဗရယ်လက်ဗင်းဟာ လတ်တလောမှာ သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးသီချင်းထုတ်လွှင့်မှုမှ ရရှိလာမယ့် အမြတ်ငွေများကို လတ်တလော ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းတွေကို လှူဒါန်းသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ် တေးသံရှင် အေဗရယ်လက်ဗင်းက ကိုရိုနာတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ရှေ့တန်းကနေ ပါဝင်လုပ်ဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် ရည်ရွယ်ထားတဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်း We Are Warriors ကို မေ ၂၄ ရက်မှာ စတင်ထုတ်လွှင့် ပေးခဲ့တာဖြစ်ပါတယ်။ ဒီတေးသီချင်းထုတ်လွှင့်ပြီးနောက် အဆိုပါတေးသီချင်းမှ ရရှိလာမယ့် အမြတ်ငွေတွေကို ကမ္ဘာတစ်ဝန်းမှာ တိုက်ပွဲဝင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် လှူဒါန်းသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

တေးသီချင်း ထုတ်လွှင့်မှုနဲ့အတူ အေဗရယ်လက်ဗင်းက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ "လွန်ခဲ့တဲ့ သီတင်းပတ်တွေအတွင်း ကမ္ဘာကြီး ကမောက်ကမတွေဖြစ်ခဲ့ပြီး လူတိုင်းဟာ တိုက်ပွဲဝင်သံချပ်ကာဝတ်စုံတွေဝတ်ဆင်ကာ နေ့တိုင်း တိုက်ပွဲဝင်ခဲ့ကြတာကိုလည်း တွေ့မြင်နေရပါတယ်။ ရိုးရှင်းတဲ့ လုပ်ဆောင်မှုမျိုးဖြစ်တဲ့ မေးလ်ပို့တာမျိုးဟာ သူရဲကောင်းတစ်ဦးရဲ့ လုပ်ဆောင်မှုမျိုးဖြစ်လာခဲ့ပါတယ်။ နေ့ချင်းညချင်း လူတိုင်းဟာ စစ်မြေပြင်ကို ထွက်ဖို့ စေခိုင်းခံခဲ့ရပါတယ်။ နေ့ချင်းညချင်း လူတိုင်းဟာ စစ်သူကြီးတွေဖြစ်လာပါတော့တယ်"လို့လည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် အေဗရယ်လက်ဗင်းက သူဟာ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးမှာ တစ်တပ်တစ်အား ပါဝင်လိုကြောင်း၊ စတူရီယိုအတွင်းမှ ပါဝင်လုပ်ဆောင်သွားဖို့ ဆုံးဖြတ်ခဲ့ပြီးနောက် သူ့ရဲ့ တေးသီချင်းသစ်ကို လက်ရှိ အဖြစ်အပျက်တွေနဲ့ ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ခဲ့ကာ ယခုလို ထုတ်လွှင့်နိုင်ခဲ့တာဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

## အနုပညာသက်တမ်း ရှစ်နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ ကင်ဂိုအွန်း

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ကင်ဂိုအွန်းဟာ လတ်တလောမှာ ဇာတ်လမ်းတွဲရုပ်ရှင် The King: Eternal Monarch မှာ မင်းသားလီမင်ဟိုနဲ့တွဲဖက်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ မင်းသမီးဟာ လတ်တလောမှာ အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တာ ရှစ်နှစ်ပြည့်ခဲ့ပြီဖြစ်ကာ နှစ်ပတ်လည်နေ့မှာ ကင်ဂိုအွန်းက သူ့ရဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကင်ဂိုအွန်းဟာ ၂၀၁၂ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ ရုပ်ရှင် A Muse မှာ ပါဝင်ခဲ့ကာ သရုပ်ဆောင်လောကအတွင်း စတင်ဝင်ရောက်လာသူပါ။ မေ ၂၅ ရက်မှာ ပြည့်ခဲ့တဲ့ သူ့ရဲ့ အနုပညာခရီး ရှစ်နှစ်ခန့်ကာလအတွင်း ဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်များစွာမှာ ပါဝင်ခဲ့ပြီး ခေါင်းဆောင်မင်းသမီးအဖြစ် ဇာတ်လမ်းတွဲတွေမှာပါဝင်ခဲ့ကာ အောင်မြင်မှုတွေလည်း ရရှိခဲ့သူ ဖြစ်ပါတယ်။

# ပရဟိတညီအစ်ကိုမောင်နှမများ အိမ်မပြန်ဘဲ သတ်မှတ်နေရာများ၌ နေထိုင်ကာ ပြည်သူ့အကျိုးဆောင်ရွက်

**ရန်ကုန် မေ ၂၅**

ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ စားသောက်မှု အဆင်ပြေစေရန် အိမ်တိုင်ရာရောက်စနစ်ဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် အကျိုးအမြတ်မယူဘဲ လိုက်လံပို့ဆောင်ပေးနေသည့် လူထုအခြေပြုပရဟိတအဖွဲ့တစ်ခုဖြစ်သည့် We Love Yangon မှ လုပ်အားပေး ပရဟိတညီအစ်ကိုမောင်နှမများအားလုံး အိမ်သို့မပြန်စေဘဲ အဖွဲ့ကစီစဉ်ပေးသည့် သတ်မှတ်နေရာများတွင်သာနေထိုင်ကာ ပြည်သူ့အကျိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်တားဆီးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ကန့်သတ်စောင့်ကြည့်သည့်သဘောမျိုးမဟုတ်ဘဲ Camp သွင်းလိုက်သည့် သဘောမျိုးသာ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း We Love Yangon မှ EC Member ကိုစန်းမောင်မောင်က ရှင်းပြသည်။

"အခုရက်ပိုင်းကတော့ Camp သွင်းလိုက်တယ်။ Camp သွင်းတယ်ဆိုတာ ကျွန်တော်တို့အားလုံး အိမ်မပြန်ကြတော့ဘူး။ Camp သွင်းတာကိုလည်း လူတွေကို သဲသဲကွဲကွဲသိစေချင်ပါတယ်။ တချို့လူတွေက Camp သွင်းလိုက်တာကို Quarantine ဝင်တယ် ထင်နေကြတယ်။ ရပ်ကွက်တွေထဲကို ပြန်တာလည်း မဖြစ်အောင် အဓိကကတော့ ပိုးရှိခဲ့တယ်ဆိုရင်တောင် ကိုယ့်ဆီက သူ့မကူးအောင်၊ သူ့ဆီက ကိုယ့်မကူးအောင် ကန့်လိုက်တဲ့ သဘောပါ။ နေရာတစ်နေရာကို ရွေးလိုက်ပြီးတော့ ကျွန်တော်တို့ဆီက Volunteer တွေကို အဲဒီမှာပဲ နေစေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။



ယင်းသို့ Camp သွင်းဆောင်ရွက်ရာတွင် နေရာလေးနေရာရှိပြီး တစ်နေရာလျှင် လူဦးရေ ၅၀ နှင့် ၆၀ ကြား ယောကျ်ားလေး၊ မိန်းကလေး သပ်သပ်စီခွဲခြားကာ ထားရှိကြောင်း၊ လက်ရှိတွင် Volunteer ဦးရေ ၃၀၀ ခန့်ရှိရာ ၎င်းတို့၏ သွားလာမှု၊ စားသောက်မှု၊ ကျန်းမာရေးကိစ္စရပ်များအားလုံးကို အပြည့်အဝ ဆောင်ရွက်ပေးထားကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

"သူတို့အတွက် ဖြည့်ဆည်းပေးမှုအနေနဲ့ YRTA က ဖယ်ရီလေးစီးပို့ပေးပါတယ်။ ဖယ်ရီနဲ့ပဲ ကျွန်တော်တို့စုရပ်တွေကို လာခိုင်းတယ်။ ညနေကျရင်လည်း ဖယ်ရီကားနဲ့ပဲ သူတို့အိပ်တဲ့နေရာကို ပြန်ပို့ပေးပါတယ်။ အစားသောက်အနေနဲ့ကတော့ မနက်စာ၊ နေ့လယ်စာ၊ ညစာ အပြည့်အဝကျွေးပါတယ်။ ယူနီဖောင်းတွေ ပေးတယ်။ ဆေးပစ္စည်းတွေလည်း ထားပေးထားပါတယ်။ ကျွန်တော်တို့ထဲမှာ ကြက်ခြေနီသင်တန်းပြီးပြီးသားသူတွေလည်း ပါတယ်။ အကယ်၍ တစ်ယောက်ယောက်နေမကောင်းဖြစ်ရင် ကုပေးလို့ရအောင်၊ ဆေးခန်းပြပေးဖို့လိုရင်လည်း ပြပေးလို့ရအောင် ဆောင်ရွက်ပေးထားပါတယ်"ဟု ကိုစန်းမောင်မောင်က ပြောသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-We Love Yangon**

**❖ ကိုဗစ်-၁၉ ရောဂါမှ**

အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးလိုက်လံနှိုးဆော်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် ရောဂါကူးစက်မှုကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ၊ နံရံကပ်စာစောင်များ၊ ရုပ်ရှင်၊ ဂီတပညာရှင်များ၏ အသိပညာပေး ပိုစတာများကို မော်တော်ယာဉ်ဖြင့် လိုက်လံပြသခြင်းနှင့် အသိပေးနှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပေးလိုက်လံနှိုးဆော်ခြင်းကို မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ရောဂါကူးစက်မှုမဖြစ်ပွားစေရန်အတွက် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာနေသင့်ကြောင်း၊ လက်ကို မကြာခဏဆေးသင့်ကြောင်း၊ ပြည်သူများက မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့်သတင်းပို့ရမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေများကို သိရှိလိုက်နာရန် လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများကို ကြိုတင်ကာကွယ်ခြင်းဖြင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်တို့အား လိုက်လံအသိပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ပင်လောင်း မေ ၂၅**

ပင်လောင်းမြို့နယ် ဗန်းမောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနရှေ့ စစ်ဆေးရေးစခန်းတွင် ယနေ့နံနက်ပိုင်းက ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ဌာနဆိုင်ရာအဖွဲ့တို့မှ ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပေးပြီး ကိုယ်ရေးမှတ်တမ်းများ ကောက်ယူခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပင်လောင်းမြို့အဝင်၌ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့တပ်ပေးခြင်း၊ ယာဉ်ပေါ်အတက်/အဆင်းတိုင်း လက်သန့်ဆေးရည်ဖြင့် ဆေးကြောခြင်း၊ ယာဉ်ပေါ်ရှိ ထိုင်ခုံများတွင် ခရီးသည်များ နေရာယူရာ၌ သတ်မှတ်အကွာအဝေးရှိစေခြင်း၊ ယာဉ်များတစ်ခေါက်ပြေးဆွဲပြီးတိုင်း ယာဉ်အား ပိုးသတ်ဆေးဖျန်းခြင်း စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ပမှ ပြန်လာသူများကို ကန့်သတ်စောင့်ကြည့်ရန် နေရာလေးခု စီစဉ်ပေးထား

**ပေါင် မေ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း မေ ၃၀ ရက်နောက်ပိုင်းမှာ ပြန်လာမည့်ပြည်တော်ပြန် ၅၀၀ ကို ကန့်သတ်စောင့်ကြည့်ထားရန်အတွက် နေရာလေးခု စီစဉ်ပေးထားကြောင်း ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ပေါင်မြို့နယ်မှာ ပြည်တော်ပြန်များအတွက် နေရာလေးခု စီစဉ်ပေးထားတယ်။ အဲဒီနေရာလေးခုမှာ လူဦးရေ ၅၀၀ နေထိုင်ဖို့ စီစဉ်ပေးထားတယ်။ နောက်ပြီးတော့ ပေါင်မြို့ အထကမှာ လူဦးရေ ၂၀၀ နဲ့ ကျန်တဲ့ ကျောင်းသုံးကျောင်းမှာတော့ လူဦးရေ ၁၀၀ စီစဉ်ပေးထားပါတယ်။ ရောက်လာတဲ့သူတွေအတွက် နေဖို့ထိုင်ဖို့ရယ်၊ အိပ်ရာခင်း တွေရယ် စီစဉ်ပေးနေပါတယ်။ မြို့နယ်မှာရှိတဲ့ လူမှုကူညီရေးအသင်းအဖွဲ့တွေနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တွေက တစ်ကျောင်းစီတာဝန်ယူပြီး ဒီနေ့ကစပြီး ပိုးသတ်ဆေးဖျန်းပေးနေတယ်" ပေါင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကိုကိုက ပြောသည်။

"ပြည်တော်ပြန်တွေ Quarantine ထားဖို့ ပိုးသတ်ဆေးဖျန်းတယ်။ သန့်ရှင်းရေးလုပ်ပါတယ်။ စာသင်ခန်းတစ်ခန်းကို လူခြောက်ယောက်ထားဖို့ စီစဉ်ထားတယ်။ လူ ၂၀၀ ထားဖို့အတွက် ဒီမှာ ဆေးလာဖျန်းတယ်။ အခန်း ၃၆ ခန်းပါ"ဟု ပေါင်မြို့နယ် မွန်မြတ်စေတနာလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမင်းမင်းဦးက ပြောသည်။

ပေါင်မြို့နယ်တွင် ပြည်တော်ပြန်များအတွက် ပေါင်မြို့ အထကတွင် လူဦးရေ(၂၀၀)၊ အထက(ခွဲ)ကဒါမင်းတန်း၊ အထက ပေါင်(ကျွဲခြံ)၊ အထက ဇင်းကျိုက်ကျောင်းတို့တွင် လူဦးရေ ၁၀၀ စီ နေထိုင်နိုင်ရန် စီစဉ်ပေးထားပြီး မွန်ပြည်နယ်တစ်နယ်လုံးမှာတော့ ပြည်တော်ပြန် ၁၀၀၀၀ ခန့်ကို Quarantine ထားရန်အတွက် မေ ၃၀ ရက်မတိုင်မီ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**



# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျစိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် (၂၃)မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

အသင်းစုချုပ်(ပုသိမ်) - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) - ဖုန်း ၀၉၇၉၅၀၈၇၄၄၀၊

| | | |
|---|---|---|
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး(အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၇၉၂၀၃၀၆၀၇ |
| ဟသ်္သာတ | - ဒေါ်သန်းသန်းဌေး(မန်နေဂျာ) | -၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက်(စာရေး - ၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး(အတွင်းရေးမှူး) | -၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး(မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင်(အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး(ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင်(အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း(စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

## မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ တစ်ခါသုံးနှာခေါင်းစည်းနှင့် အဝတ်နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်

**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာန၏ ၂၃ ရက်နေ့ ညပိုင်း ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည့် မတ္တရာမြို့နယ်တွင် အသုံးပြုရန် တစ်ခါသုံးနှာခေါင်းစည်း တစ်ထောင်နှင့် အဝတ်နှာခေါင်းစည်း လေးထောင်အား ဧပြီ ၂၄ ရက်က မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ထောက်ပံ့ပေး အပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အသီးသီးမှာရှိတဲ့ စည်ပင်သာယာရေး အဖွဲ့တွေကို တစ်ခါသုံးနှာခေါင်းစည်းတွေ ဝယ်ယူပြီးအချိုးကျ ထောက်ပံ့ခဲ့တဲ့အပြင် အဝတ်နှာခေါင်းစည်းတွေကိုလည်း ချုပ်လုပ်ပြီးထောက်ပံ့ပေးခဲ့ပါတယ်။ လက်ရှိမှာလည်း ရောဂါပိုးတွေ့ရှိတဲ့ မတ္တရာမြို့နယ်အတွက် တစ်ခါသုံးနှာခေါင်းစည်းတွေနဲ့ အဝတ်နှာခေါင်းစည်းတွေကို ထပ်မံလှူဒါန်းပေးအပ်တာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၂ မြို့နယ်မှ



စည်ပင်သာယာရေးအဖွဲ့များသို့ ပထမအကြိမ်အဖြစ် တစ်ခါသုံးနှာခေါင်းစည်းများနှင့် အဝတ်နှာခေါင်းစည်း တစ်သောင်းတစ်ထောင်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် တစ်ခါသုံး နှာခေါင်းစည်းနှင့် အဝတ်နှာခေါင်းစည်း နှစ်သောင်းနှစ်ထောင်ကျော်ကို ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ဧပြီ ၁၃ ရက် မှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ် တားဆီးနိုင်ရေးအတွက် ဈေးရောင်းချသူများနှင့် လာရောက်ဈေးဝယ်သူများအားလုံး ဈေးအတွင်းသို့ နှာခေါင်းစည်းမတပ်ဆင်ဘဲ ဝင်ရောက်ခွင့်မပြုရန် Mask Campaign ပြုလုပ်၍ စည်းကမ်းသတ်မှတ်ခဲ့သည့်အပြင် နှစ်ဆန်းတစ်ရက်နောက်ပိုင်းမှစ၍ နှာခေါင်းစည်းတပ်ဆင်ခြင်း မရှိဘဲပြင်ပ၌ သွားလာသူများအား ဥပဒေအရအရေးယူရန် ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါ အစီအစဉ် မစတင်မီကာလ၌ မန္တလေးမြို့အတွင်းရှိ အသွားအလာများပြားသည့် နေရာများတွင် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သည့် ပြည်တွင်းဖြစ် နှာခေါင်းစည်းများချုပ်လုပ်ကာ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



## တနင်္သာရီ၌ နှာခေါင်းစည်းတပ်ဆင်၍ ခရီးသွားလာမှု ရှိ၊ မရှိ ပူးပေါင်းအဖွဲ့ဖြင့် ပညာပေးဆောင်ရွက်

**တနင်္သာရီ ဧပြီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက် ၇ နာရီခွဲမှစ၍ မဖြစ်မနေ ကိစ္စရပ်များဖြင့် အပြင်ထွက်သွားလာနေကြသော ခရီးသွားပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်၍ သွားလာခြင်း ရှိ၊ မရှိကို အချက်အချာကျသော နေရာများတွင် စောင့်ကြပ်စစ်ဆေးပေးပြီး အကြောင်းအမျိုးမျိုးကြောင့် နှာခေါင်းစည်းမရှိသော ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

တနင်္သာရီမြို့၏ အချက်အချာနေရာဖြစ်သော တနင်္သာရီ တံတားထိပ်၊ မြို့အဝင်လမ်းများနှင့် ဗောဓိကမ်းကူးတို့ဆိပ်တို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲခေါင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီခိုင်နှင့် ဝန်ထမ်းများက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ဖြင့် မဖြစ်မနေကိစ္စရပ်များဖြင့် ခရီးထွက်ခွာသွားလာနေသော ခရီးသွားများအား နှာခေါင်းစည်းတပ်ဆင် အသုံးပြုခြင်း ရှိ၊ မရှိကို စစ်ဆေးပေးသည်။ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းအား မဖြစ်မနေ တပ်ဆင်ပြီးမှ နေအိမ်ပြင်ပသို့ထွက်ခွာကြရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ကော့ကရိတ် ဧပြီ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ပြည်သူများသို့ အသိပညာပေးခြင်း များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနတို့သည် ကော့ကရိတ်မြို့ နန်းကော်တိုး ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ နန်းကော်တိုးကျေးရွာရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် "မိမိကစကာကွယ်ပါ" လက်ကမ်းစာစောင်များကို အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခြင်း၊ အသိပညာပေးပိုစတာချိတ်ဆွဲခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများလိုက်နာဆောင်ရွက်ရမည့် ဆောင်ရန် ရှောင်ရန်အချက်များကို အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခင်မျိုးဝင်း(ခရိုင်ပြန်ဆက်)

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေးပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျ ဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့ တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

facebook

## ဓာတ်ပုံနှင့် ဗီဒီယိုတွင်ပါဝင်သည်များကို ကြိုတင်အသိပေးပါ




Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



## မိုင်းယောင်းမြို့နယ်အတွင်း ပိုးသတ်ဆေးဖျန်း

**မိုင်းယောင်း ဧပြီ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

**ပိုးသတ်ဆေးဖျန်း**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကြက်ခြေနီအသင်းက ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

## ရှန်ဟိုင်း 8 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် (ခ) မောင်မောင် တတိယဆုရရှိ



**ရန်ကုန် မေ ၂၅**

မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် မေ ၁၉ ရက်မှ ၂၄ ရက်အထိ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် Shanghai Feng Yun Club 8 Ball အကျော့ပေး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆု ရရှိခဲ့သည်။

ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် ယင်းပြိုင်ပွဲတွင် တရုတ်ကစားသမားများနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တတိယဆုရခဲ့ခြင်း ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် တတိယဆုရခဲ့သောကြောင့် ဆုကြေးအဖြစ် မြန်မာငွေ ကျပ်သိန်း ၂၀ ရခဲ့ပြီး ချန်ပီယံဖြစ်သည့် ကစားသမားမှာမူ ဆုကြေး ငွေကျပ်သိန်း ၁၀၀ ရရှိခဲ့သည်။ ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် မေ ၂၈ ရက်တွင် စတင်ယှဉ်ပြိုင်ရမည့် Chinese 8 Ball ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး မေလ ဒုတိယပတ်နောက်ပိုင်း ဒုတိယမြောက် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲလည်းဖြစ်သည်။

ဘုန်းမြင့်ကျော်သည် မတ်လ တတိယပတ်တွင် တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် လေးလကြာကျင်းပနေသည့် Chinese 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေပြီး မေ ၂၈၊ ၂၉ ရက်တွင် ပွဲစဉ်များ စတင်ကစားရမည်ဖြစ်ကာ ဩဂုတ်လတွင် ပြီးဆုံးမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်**

**ဓာတ်ပုံ–Ko Ar Ti Facebook**

## ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး ဂျရူးကို စာချုပ်သစ်ချုပ်ဆိုမည်

ပြင်သစ်တိုက်စစ်မှူး ဂျရူးဟာ မကြာသေးတဲ့ကာလအတွင်းက ချယ်လ်ဆီးအသင်းကနေ ထွက်ခွာပြီး အခြားကလပ်အသင်းတွေဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တာ ဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ စတမ်းဖို့ဒ်ဘရစ်ချ်မှာပဲ ဆက်နေမယ်လို့ ပြောကြားထားပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ကလည်း ဂျရူးကို အသင်းမှာ ဆက်ထားဖို့ စီစဉ်ထားတဲ့အတွက် နောက်ထပ်တစ်နှစ်စာချုပ် သက်တမ်းတိုးချုပ်ဖို့ရှိနေတယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး ဂျရူးဟာ အသက် ၃၃ နှစ်ရှိပြီဖြစ်ပြီး ချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းက ဇွန် ၃၀ ရက်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ တိုက်စစ်မှူး ဂျရူးဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဘောလုံးပွဲတွေ ရပ်နားခဲ့ရတဲ့အချိန်မှာ ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပေမယ့် အဲဒီပွဲစဉ်ငါးပွဲမှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူရရှိနိုင်မယ့် နာပိုလီတိုက်စစ်မှူး ဒရိုင်းမာတင်ကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒရိုင်းမာတင်ဟာ အခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲမှာ ခြောက်ဂိုးသွင်းပြီး လေးဂိုးဖန်တီးပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ အာဆင်နယ်တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့ စောင့်ကြည့်မှုတွေပြုလုပ်လျက်ရှိပြီး အူဘာမေယန်ရဲ့ စာချုပ်သက်တမ်းဟာ လာမယ့်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ အူဘာမေယန်ကလည်း ကလပ်အသင်းအများစုရဲ့ ခေါ်ယူဖို့ စိတ်ဝင်စားခြင်းကိုခံထားရတာကြောင့် အာဆင်နယ်အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ငြင်းဆိုထားတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်က ဒရိုင်းမာတင်နဲ့ အူဘာမေယန်တို့ကို ခေါ်ယူဖို့ ဆန္ဒရှိနေပေမယ့် အသင်းအတွက်အားထားရတဲ့ တိုက်စစ်မှူး ဂျရူးကိုလည်း စာချုပ်သစ်ချုပ်ဆိုသွားမယ်လို့ ဆိုပါတယ်။



## ဘာစီလိုနာက ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ အင်န်ဒွန်ဘီလီကို စပါးအသင်းက ရောင်းချသွားဖို့ မရှိဟုဆို

စပါးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီကို စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် စပါးအသင်းကတော့ ရောင်းချသွားဖို့မရှိဘူးလို့ ပြောကြားထားပါတယ်။

အင်န်ဒွန်ဘီလီရဲ့ ပြင်သစ်အသင်းကစားဖော်တွေဖြစ်တဲ့ အမ်တီတီနဲ့ နယ်ဆင်ဆီမီဒိတို့နှစ်ဦးဟာ နူးကမ့်မှာ ရောက်ရှိနေတာဖြစ်လို့ အင်န်ဒွန်ဘီလီကလည်း ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ အင်န်ဒွန်ဘီလီဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက လိုင်ယွန်အသင်းကနေ စပါးအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၅၈ သန်းနဲ့ ရောက်ရှိလာခဲ့သူဖြစ်ပြီး စပါးအသင်းနဲ့ ပထမရာသီမှာ ဒဏ်ရာပြဿနာရရှိနေခဲ့လို့ ပုံမှန်ကစားခွင့် ပျောက်ခဲ့ရသူလည်းဖြစ်ပါတယ်။

စပါးအသင်းနည်းပြ မော်ရင်ဟိုကတော့ ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီကို ရောင်းချဦးမှာမဟုတ်သေးဘဲ အသင်းမှာ ရင်းနှီးမြှုပ်နှံထားဖို့လည်း ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ အင်န်ဒွန်ဘီလီဟာ စပါးအသင်းရဲ့ ဈေးအကြီးဆုံးနဲ့ ခေါ်ယူထားတဲ့ လူငယ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

**ငွေကြယ်–ရေးသားသည်**

## ကော်တင်ဟိုကို ခေါ်ယူမည်ဆိုပါက ပူလီဆစ်အား ချယ်လ်ဆီးအသင်း ဆုံးရှုံးရဖွယ်ရှိနေ



ပူလီဆစ်

ချယ်လ်ဆီးအသင်းဟာ ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ကော်တင်ဟိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ကော်တင်ဟိုကို ခေါ်ယူမယ်ဆိုရင် ပူလီဆစ်အား ဆုံးရှုံးရဖွယ်ရှိနေတယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

ဘာစီလိုနာအသင်းကလည်း ကော်တင်ဟိုကို ရောင်းချဖို့အသင့်ရှိနေကြောင်း ပြောကြားထားတဲ့အပြင် ကော်တင်ဟိုရဲ့ ကိုယ်စားလှယ်ဖြစ်သူကလည်း ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားဖို့ရှိတယ်လို့ ဖွင့်ဟလာတဲ့အတွက် ချယ်လ်ဆီးအသင်းမှာ ကော်တင်ဟိုကို မြင်တွေ့ရဖို့ ရှိနေတာဖြစ်ပါတယ်။

အမေရိကန်ကွင်းလယ်တိုက်စစ်ကစားသမား ပူလီဆစ်ဟာ ပြီးခဲ့တဲ့နွေရာသီက ပြောင်းရွှေ့ကြေးပေါင် ၅၈ သန်းနဲ့ ချယ်လ်ဆီးအသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ လေးနှစ်ကျန်ရှိနေသေးတာဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းအနေနဲ့ ကော်တင်ဟိုကို ခေါ်ယူခဲ့မယ်ဆိုရင် စတမ်းဖို့ဒ်ဘရစ်ချ်နဲ့ လမ်းခွဲမယ်လို့ အရိပ်အမြွက်ပြောကြားခဲ့ဖူးသူလည်းဖြစ်ပါတယ်။

ပူလီဆစ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ခြောက်ဂိုးသွင်းပြီး ခြောက်ဂိုးဖန်တီးပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကော်တင်ဟို ချယ်လ်ဆီးအသင်းဆီ ရောက်လာခဲ့ရင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးဖို့လည်းရှိနေတယ်လို့ ပူလီဆစ်က မျှော်လင့်ထားတာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းက နေမာနဲ့ မာတီနက်ဇ်တို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် ကော်တင်ဟိုကို ဝယ်ရင်းဈေးထက် လျှော့ချပြီး ရောင်းချမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပြီး ချယ်လ်ဆီးအသင်းကလည်း ပေါင်သန်း ၈၀ လောက်ပဲပေးဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ကော်တင်ဟိုဟာ လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့စဉ်က ပေါင် ၁၄၂ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။




### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–မြို့သစ်(ခ)၊ မြေကွက်အမှတ်–၃၀(က)၊ မြေအကျယ်(အလျား ပေ၂၀ x အနံ ပေ၆၀ ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ/၂)လမ်း၊ အမှတ် –၃၅(က) ဟုခေါ်တွင်သည့် (၃)ထပ် RC အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ၁။ ဦးမင်းမင်းစိုးနိုင် [၁၂/အစန(နိုင်)၁၆၀၁၂၆]၊ ၂။ ဒေါ်အေးပိုပိုနိုင် [၁၂/အစန(နိုင်)၁၈၁၇၂၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်မြေနှင့် အိမ်တန်ဖိုး၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ**
**(စဉ်–၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၉၆၆၉၀၀၄၊ ၀၉–၅၁၅၁၈၃၃**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၂၇၉)၊ ဇင်္ဂမလမ်း၊ (၆/အနောက်ရပ်ကွက်)တွင်ရှိသော တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးမောင်လှ[၁၂/လမတ(ဧည့်)၀၀၀၅၈၉]ထံမှ ဒေါ်ဝမ်ကျင်းချင်(ခ)ဒေါ်ဝမ်လောက်မေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝမ်ကျင်းချင်(ခ)ဒေါ်ဝမ်လောက်မေ**
**ဖုန်း–၀၉–၄၅၄၆၉၃၅၇၈**

## ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှော့လာစို့

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျော်ဦး(သံတွဲ)

**B.E. (Civil)**

**ဒု-ညွှန်မှူး(ငြိမ်း)**

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၇၁)နှစ်**

သံတွဲမြို့၊ ရွာသစ်ရပ်နေ(ဦးသိန်းမောင်-ဒေါ်သန်းမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်နွဲ့နွဲ့အေး၏ ခင်ပွန်း၊ မသန္တာဦး၊ ကိုမိုးဇက်၊ (ကိုအောင်ကိုကိုဦး)တို့၏ ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုး၊ သူငယ်ချင်း ကိုကျော်ဦး ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဇနီး ဒေါ်ခိုင်နွယ်ဦးမိသားစု**

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဦးဝင်း

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၄)၊ ငါးလွှာ၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းနေ ဦးမောင်မောင်ဝင်း-ဒေါ်မြတ်မြတ်စံ၊ (ဦးမောင်မောင်အောင်)-ဒေါ်သန်းမြင့်မော်၊ ဒေါ်နီမာဝင်း၊ ဦးရွှေဘို-ဒေါ်စုစုပိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ဦး

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်ဖိုး)-ဒေါ်ရှုရင်တို့၏သားကြီး၊ (ဦးဘင်ကင်း-ဒေါ်နု)တို့၏သားသမက်၊ ဦးစိန်ဝင်း-ဒေါ်တင်ဝင်း၊ ဦးမောင်မောင်၊ ဦးငွေဝင်း-ဒေါ်မာမာအေး၊ ဦးအောင်ဝင်း-ဒေါ်အေးအေးမြင့်၊ (ဦးခင်စိုး)-ဒေါ်ခိုင်ဝါတို့၏ယောက်ဖ၊ ဒေါ်စန်းစန်းဝင်း၊ (ဦးအောင်မြင့်)-ဒေါ်ခင်သန်းလင်း၊ ဦးအောင်တင်-ဒေါ်နွယ်နီစိုး (ခ) မချင်းချင်း၊ ဦးမျိုးညီ-ဒေါ်ထူးထူးအောင်တို့၏ခဲအို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၃၀)နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ဦးသန်းမင်းလင်း (ခ) Kevin Lin & Joyce Fronds Lin၊ ဦးအောင်ဇာခိုင်-ဒေါ်အေးအေးမော်၊ ဦးစည်သူထွန်းတို့၏ဖခင်၊ Kiara Jade Lin ၊ Jacob Jeremiah Lin တို့၏အဘိုး ဦးတင်ဦးသည် ၂၂-၄-၂၀၂၀ရက် ည ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ ရက် မွန်းလွဲ ၁:၄၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းဝင်း (သူရဲသမိန်) (၇၂)နှစ်

**ပေါင်းလောင်းအသင်း**

**စိတ်ပညာကျောင်းသူဟောင်း (၁၉၆၉)**

(ဦးသာဟန်-ဒေါ်နှင်းရှင်)တို့၏သမီး၊ (ဦးထွန်းရှင်-ဒေါ်ပို)တို့၏ သမီးချွေးမ၊ (ဦးဆန်း)၏ဇနီး၊ (ဦးအောင်ဖေ-ဒေါ်သိန်းကြွယ်)၊ (ဦးအုန်း-ဒေါ်သိန်းနွဲ့)၊ (ဦးကျော်သိန်း-ဒေါ်တင်)၊ (ဦးစံသိန်း-ဒေါ်စန်းမြင့်)၊ (ဦးမြင့်သိန်း-ဒေါ်စန်းတင့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂) ရပ်ကွက်၊ စံရိပ်ငြိမ်(၅)လမ်း၊ အမှတ်(၄၆)နေ ကပ္ပတိန်ဇော်ထွန်း-ဒေါ်ခင်ကေသီဆန်း(Mercure Yangon Kaba Aye)၊ (မောင်သစ်လွင်မောင်)တို့၏မိခင်ကြီး၊ မောင်ဝေယံထွန်း၊ မောင်တေဇထွန်းတို့၏အဘွားသည် ၂၅-၄-၂၀၂၀(စနေနေ့) နံနက် ၅:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းဝင်း (ကျွဲပွဲ)

**အသက် (၆၅) နှစ်**

**မေမြို့ T.H.S (1973), E.T.E.C (Civil), HGP ဥက္ကဋ္ဌ၊**

**ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ အုတ်တွင်းမြို့နယ်၊**

**ဥက္ကဋ္ဌ၊ အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊**

**မေမြို့ T.H.S အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

မေမြို့ T.H.S ကျောင်းသားဟောင်းများ၏ လေးစားရပါသော ဆရာ/ဆရာမများ၏အကျိုးကို အထူးကြိုးပမ်းခဲ့ပါသော ဦးသိန်းဝင်း (၁၉၇၃) သည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၉:၁၅ နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းမြတ်သော ဘုံဘဝသို့ အမြန်ဆုံးရောက်ရှိပါစေ။

**မေမြို့ T.H.S ဆရာ/ ဆရာမများ၊ ကျောင်းသားဟောင်းများနှင့်**

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အဖွဲ့**

**ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်း**

**ပါးစပ်ခြင်းအပ်၍ ပြုစုနည်း**

လေမှုတ်သွင်းခြင်းကို(၆)ကြိမ်တိတိအမြန်ပြုလုပ်ပါ။

ထို့နောက်(၆)စက္ကန့်စီခြား၍ သူနာအသက်မြန်မြန်ပြန် ရှူလာသည့်တိုင်(သို့)ဆရာဝန်ရောက်လာသည့်တိုင်ဆက်လက်ပြုလုပ်ပါ။



## ဒုတိယဗိုလ်မှူးကြီးထွေးမောင်(ငြိမ်း)

**ကြည်း ၁၁၁၆၅၊ OTS အမှတ်စဉ်(၃၆)**

**အသက် (၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရတနာမွန် (၃)လမ်း၊ ရတနာမွန် အိမ်ရာ၊ တိုက် (၁၆)၊ အခန်း(၂၀၁)နေ (ဦးဘိုးကျင်-ဒေါ်မယ်အုံ)တို့၏သား၊ (ဒေါ်မြစန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇော်ထွေး-ဒေါ်ဆွေဇင်ထွန်း၊ ဒုတိယဗိုလ်မှူးကြီး ရဲဇော်ထွေး-ဒေါက်တာဝင်းပပအောင်၊ ဦးမိုးဇော်ထွေး-ဒေါ်အိသွယ်မိုးတို့၏ဖခင်၊ မချိုလဲ့နွယ်နှင့် မောင်မျိုးသန့်စင်တို့၏အဘိုးသည် ၂၅-၄-၂၀၂၀ရက်(စနေနေ့) ညနေ ၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)၌ ဇရာပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ ရက်(တနင်္လာနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးရဲဇော်ထွေး - ဒေါက်တာဝင်းပပအောင် တို့၏ ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးထွေးမောင်(ငြိမ်း)သည် ၂၅-၄-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**

**တပ်မတော်နည်းပညာတက္ကသိုလ်**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)**

## ဒေါ်ခင်သန်းစု (B.Sc, Dip Ed)

**အသက်(၈၃)နှစ်**

**စီမံကိန်းမှူး(ငြိမ်း) ပညာရေးစီမံကိန်းဌာနခွဲ**

**အခြေခံပညာဦးစီးဌာန**

**အထပြ(ငြိမ်း) အထက(၁) ကမာရွတ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း(အထက်)၊ အမှတ်(၄၂၁)နေ ဦးဘိုကြီး၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ဝင်းခိုင်-ဒေါ်ဇင်ဝါမေ၊ ဒေါ်ခင်လေးဖြူ၊ ဦးသန်းထွန်းနိုင်-ဒေါ်မြသီတာတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၅-၄-၂၀၂၀ ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၂၀ (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြသိန်း

**မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်း နာယက**

**မြန်မာနိုင်ငံအလှမွေးဒေါင်းငါးအသင်းနာယက**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ် (၁၀/၁၀)နေ ဒေါ်ဝင်းဝင်းကြူ၏ ခင်ပွန်း၊ (ဦးဂျိစီရိုင်း-ဒေါ်ဆာ) တို့၏သား၊ (ဦးကျော်ကျော်သိန်း)-ဒေါ်အေးစန္ဒာဝင်းရိုန်၊ ဦးကောင်းထူးသွင်-ဒေါ်ယဉ်ယဉ်သိန်း၊ ဦးလှိုင်ဘွားအောင်-ဒေါ်အေးအေးမြိုင်တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၂၀ (စနေနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### Brenda Millman (Gyi)

**United Nations Headquarters (Rtd)**

**အသက်(၆၉)နှစ်**

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်နေ Mr.Martin Millman ၏ ဇနီး Brenda သည် ၂၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Sweetie, Cynthia**

**နှင့် သူငယ်ချင်းများ**

**၁၉၆၈-၇၂ (သချာ)**

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19)**

**ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး**

## ဦးစံသိန်း (ကျုံပျော်) ရှမ်းလမ်းဈေး

**အသက်(၉၆)နှစ်**

ကျုံပျော်မြို့နေ (ဦးမောင်လှ-ဒေါ်စိန်မေ)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း (ဗဟိုလမ်း)၊ အမှတ်(၉၀)နေ (ဒေါ်ယဉ်နု)၏ခင်ပွန်း၊ ဒေါ်နွဲ့နွဲ့(အထက-၂၊ စမ်းချောင်း-ငြိမ်း)၊ ဦးသန်းထွန်း-ဒေါ်စိန်စိန်မြင့်၊ (ကိုစန်းလှိုင်)၊ မစန်းစန်းမြင့်၊ (ကိုမြင့်လွင်)၊ (ကိုအေးလွင်)၊ ကိုအောင်လှိုင်၊ မရီရီငွေးတို့၏ မွေးသဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ၉၆ ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးပေါ်ထွန်း

**အသက်(၈၆)နှစ်**

**('ပန်းရိုးမ' လျှပ်စစ်နှင့်ကုန်မာရောင်းဝယ်ရေး)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၁၃၈) (ပထမထပ်)၊ ရွှေတိဂုံဘုရားလမ်းတွင်နေထိုင်သော (ဦးထွန်းတင်-ဒေါ်အေးတင်)တို့၏သားကြီး၊ ဒေါ်ညွန့်စိန်(ပန်းရိုးမ လျှပ်စစ်နှင့် ကုန်မာရောင်းဝယ်ရေး)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးတင်ထွန်းဦး-ဒေါ်မိုးမိုးသန့်၊ (ရဲအုပ်သိန်းဝင်းနိုင်-ဒေါက်တာစိုးစိုးသန့်)၊ (ကိုမြတ်မိုးထွန်း)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဒေါက်တာဆုလဲ့ဇင်၊ မရွှန်းလဲ့ဖြူ၊ မရွှေယမင်းဦး၊ မဆောင်းနှင်းဖြူတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၅-၄-၂၀၂၀ ရက် (စနေနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၄-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲပိုင်းတွင် နေပြည်တော် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**အာနိစ္စ**

ကြီးမြန်

သစ်ပင်

စိုက်ပျိုး

လျှင်

စွမ်းအင်

လည်း

ရ

ပြည်

လည်း

လှ

## Captain ဦးလှဦး

**အသက်(၆၇)နှစ်**

**(75/Eco)**

**MT SINGA BERLIAN**

မော်လမြိုင်မြို့၊ မောင်ငံအလယ်တန်းရပ်နေ (ဦးတင်ဦး-ဒေါ်လှသိန်း)တို့၏သားကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးထူးစိန်-ဒေါ်ဖွားညွန့်)တို့၏ သားသမက်၊ E-3၊ ဓမ္မဒါနလမ်း၊ နတ်ချောင်း တာမွေမြို့နယ်နေ ဒေါ်ယုဇန (79/ Eco)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုဝေနွယ် (Bo Aung Kyaw-MPT)၏ ကျေးဇူးရှင်ဖခင် ဦးလှဦး(75/Eco)သည် ၂၅-၄-၂၀၂၀ ရက် နံနက် ၈ နာရီတွင် မလေးရှားနိုင်ငံ၌ MT SINGA BERLIAN သင်္ဘောပေါ်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းဆွေ

**အလုပ်ရုံစုမှူး(ငြိမ်း)၊ အင်ဂျင်နီယာအလုပ်ရုံ မြန်မာ့မီးရထား**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၁၀)၊ ဘောက်ထော်မီးရထားဝင်းနေ (ဦးနီ-ဒေါ်ချစ်ချစ်)တို့၏ သား၊ ကိုအောင်ကျော်စိုး-မညိုညိုသင်း(မြန်မာ့မီးရထား)၊ ကိုကျော်ဇေယျာထွန်း-မစုစုဖြိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဟိန်းရှင်းသန့်၊ မောင်အောင်မြင့်မိုရ်၊ မောင်သျှိုင်းဇေခန့်၊ မထားယွန်းအိမ်တို့၏အဘိုး၊ (ဒေါ်ခင်ထားကြွယ်)၏ ချစ်လှစွာသော ခင်ပွန်း ဦးသိန်းဆွေသည် ၂၅-၄-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာမကြီး ဒေါ်မြသီတာဝင်း

**အသက်(၇၈)နှစ်**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ/ကျောင်းသားဟောင်းများအသင်း၏ ကန်တော့ခံဆရာမကြီး ဒေါ်မြသီတာဝင်းသည် ၂၃-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဆရာမကြီး၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒ**

**ကျောင်းသူ/ကျောင်းသားဟောင်းများ၏**

**လူမှုကူညီစောင့်ရှောက်မှုအသင်း**

**လျှပ်စစ်ဓာတ်အား(၄၈)ဗို့သည်လူကိုသေစေနိုင်ပါသည်။**

**လျှပ်စစ်ပစ္စည်းများကို သတိထားကိုင်တွယ်အသုံးပြုကြခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းနိုင်ပါသည်။**

ရေစိုလက်၊ရေစိုဖိနပ်စီး၍ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ် မသုံးရ။



# မင်္ဂလာဒုံ၊ တာမွေနှင့် ဗိုလ်တထောင်မြို့နယ်တို့အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်၌ အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၄၃/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပြန့်နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သောမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) မင်္ဂလာဒုံမြို့နယ်၊
(ခ) တာမွေမြို့နယ်၊
(ဂ) ဗိုလ်တထောင်မြို့နယ်။

၃။ အဆိုပါ မြို့နယ် ၃ မြို့နယ်ရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)

(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၅-၄-၂၀၂၀ ရက်၊ ည ၁၀:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မတ္တရာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**မတ္တရာ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်မှ စတင်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့မရဲစခန်း၊ မြို့တွင်း လမ်းမကြီးဘေးဝဲယာ၊ လူအသုံးပြုမှုများသောနေရာများ၊ လမ်းများ၊ လူနာအမှတ် ၁၃၂ ၏ နေအိမ် ပတ်ဝန်းကျင်နှင့် ကံသာရပ်ကွက်အတွင်း၊ မြို့မဈေး၊ ယာယီပျံကျဈေး၊ ရပ်ကွက်များအတွင်း အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူများ ထားရှိသည့် ဘုန်းတော်ကြီးကျောင်း၊

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ○

## ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းများ ကျေးရွာများအထိ အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်လျက်ရှိ



**ယင်းမာပင် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ကျန်းမာရေးအသိပညာများကို ကျယ်ပြန့်စွာ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အရှိန်အဟုန်မြှင့် လိုက်လံအသိပေး နှိုးဆော်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းမာပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့အဝင်အထွက်တွင် ကိုယ်ပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ အဝင်အထွက်စာရင်း မှတ်တမ်းကောက်ယူခြင်းနှင့်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**

အီကွေဒေါက ပေးတဲ့ သင်ခန်းစာနှင့် သတင်းမှားများကို ကာကွယ်ပါ
ဆောင်းပါး စာမျက်နှာ » ၁၀

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ လက်တွေ့စမ်းသပ်မှု ဒုတိယအဆင့်သို့ ရောက်ရှိ
စာမျက်နှာ » ၁၃

အကောင်းပကတိ ကမ္ဘာကြီး ပြန်လည်ကျန်းမာစေ
ဆောင်းပါး စာမျက်နှာ » ၁၄

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

**နိုင်ငံတော်အစိုးရ၏**
**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

### ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



ကြေးမုံ
အထူးကဏ္ဍ
မေ ၂၄၊ ၂၀၂၀ (တနင်္ဂနွေနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များ

**ဆောင်းပါး - ခင်ရတနာ၊ ဇင်ဦး၊ ဓာတ်ပုံ - သော်တာဝင်း(အလုပ်သမား)**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဌာန၏ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။**

နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း အလုပ်သမားရေးရာကိစ္စရပ်များကို အထူးအလေးပေးဆောင်ရွက်သကဲ့သို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာများကိုလည်း ပြုပြင်ပြောင်းလဲမှုများစွာဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

**အလုပ်အကိုင်များ တိုးတက်ဖော်ထုတ်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်တွင်း အလုပ်အကိုင် ပိုမိုရရှိစေရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှ တစ်ဆင့် လူဦးရေ ၁၁၇၈၃၀၆ ဦးကို အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် စတုတ္ထ(၁)နှစ်တာအတွင်း တတိယ(၁)နှစ်တာကာလကထက် လူဦးရေ ၆၅၀၀၀ ကျော်ကို အလုပ်အကိုင် ပိုမိုရရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

ပြည်ပအလုပ်အကိုင်များ ပိုမိုရရှိစေရန်အတွက် ပြည်ပနိုင်ငံ ကိုးခုသို့ ၂၀၁၉ ခုနှစ်အတွင်း အလုပ်သမား ၂၉၁၂၇၄ ဦးအထိ စေလွှတ်နိုင်ခဲ့သည့်အတွက် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက လူဦးရေ၆၃၀၀၀ ကျော်တိုးတက်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

အလုပ်သမားရေးရာကိစ္စရပ်များ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် တစ်နှစ်တာအတွင်း ၁၇၇ ဖွဲ့ခန့် ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့ပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ ပူးပေါင်း၍ အလုပ်ရှာဖွေသူနှင့် အလုပ်ရှင်တို့ တွေ့ဆုံပြီး တစ်နေရာတည်းတွင် One Stop Service ဖြင့် ရွေးချယ်ခန့်ထားပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ (Job Fair) ကျင်းပခြင်းဖြင့် အလုပ်အကိုင် ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

(၁)နှစ်တာအတွင်း အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို မြို့ ရှစ်မြို့၌ ကျင်းပပေးခဲ့ခြင်းကြောင့် လူဦးရေ ၂၂၅၉ ဦးခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ မြို့အသီးသီးတွင် အလုပ်အကိုင်ပြပွဲများ ဆက်လက်ကျင်းပသွားရန်ရှိကြောင်း စတုတ္ထ (၁)နှစ်တာအတွင်း ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းပြသည်။

**ရွှေ့ပြောင်းအလုပ်သမားများ စနစ်တကျစေလွှတ်**

ထို့ပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာန၊ အမျိုးသားအဆင့်ရဲဌာနတို့ဖြင့် နှစ်နိုင်ငံ **"ကျွမ်းကျင်လုပ်သားနေထိုင်ခွင့်ပုံစံဖြင့် နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာစနစ်အား စနစ်တကျလည်ပတ်ဆောင်ရွက်မှု"** နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံမူဘောင်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုစာချွန်လွှာ(MOC)ကို ၂၀၁၉ ခုနှစ် မတ်လ ၂၈ ရက်တွင် ရေးထိုးနိုင်ခဲ့သည့်အပြင် ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၍ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများနှင့် အခွင့်အလမ်းများအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဂျပန်နိုင်ငံမှာရှိတဲ့ သက်ကြီးရွယ်အိုနဲ့ နာမကျန်းသူတွေ စောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်စေလွှတ်ခွင့်ပြုခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ၉၆၂ ဦး စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ စင်ကာပူနိုင်ငံကို အိမ်တွင်း အထောက်အကူလုပ်သားတွေ စေလွှတ်နိုင်ရေးအတွက် ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နဲ့ စင်ကာပူအေဂျင်စီအဖွဲ့ချုပ်တို့ အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဖို့ပြင်ဆင်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**လုံခြုံစိတ်ချ ရွှေ့ပြောင်းအလုပ်သမားဘဝ**

ရွှေ့ပြောင်းအလုပ်သမားများ ကူညီထောက်ပံ့ရေးဗဟိုဌာန(MRC)ရုံးများကို ၂၀၁၉ ခုနှစ်အတွင်း တာချီလိတ်မြို့နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဟသ်ာတမြို့တို့တွင် ရုံးသစ် တစ်ရုံးစီကို ILO နှင့် IOM တို့နှင့် ပူးပေါင်းဖွင့်လှစ်ပေးခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးသွားရောက်ကြသည့် မြဝတီ၊ မြစ်ကြီးနားနှင့် မြိတ်မြို့တို့တွင် IOM နှင့် ပူးပေါင်းကာ ဖွင့်လှစ်နိုင်ခဲ့သည်။ ဆက်လက်၍ လွိုင်ကော်၊ အောင်လံနှင့် မိုးညှင်းမြို့များ၌ ILO နှင့် ပူးပေါင်းဖွင့်လှစ်ရန် လျာထားသည်။

လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် ဝန်ကြီးဌာနသည် အသိပညာပေးခြင်းများကို ဆက်တိုက်ဆောင်ရွက်ပေးလျက်ရှိပြီး လက်ကမ်းစာစောင်များ ဝေငှခြင်းအပြင် တရားမဝင် လူစုဆောင်းကာ ပြည်ပသို့စေလွှတ်လျက်ရှိသည့် လူပုဂ္ဂိုလ်ပွဲစားများကို စိစစ်အရေးယူဖော်ထုတ်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။

**ကျွမ်းကျင်လုပ်သားများမွေးထုတ်**

အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံသည်

အထူးကဏ္ဍ [ ခ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တပ်ဆင်အသုံးပြုမည့် e-Gate များအား ကြည့်ရှုစစ်ဆေးစဉ်။

**(၁)နှစ်တာ အတွင်း အလုပ်အကိုင်အခွင့်အလမ်း ပြပွဲများကို မြို့ ရှစ်မြို့၌ ကျင်းပပေးခဲ့ခြင်းကြောင့် လူဦးရေ ၂၂၅၉ ဦးခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင် ခဲ့ကြောင်းနှင့် ဆက်လက်၍ မြို့အသီးသီးတွင် အလုပ်အကိုင်ပြပွဲများ ဆက်လက် ကျင်းပသွားရန်ရှိ**

နိုင်ငံပိုင်သတင်းစာ
ကြေးမုံ

# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

မေ ၂၄၊ ၂၀၂၀
(တနင်္ဂနွေနေ့)



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မူဆယ်မြို့ရှိ ဆင်ဖြူဂိတ်၌ မြန်မာ-တရုတ် နှစ်နိုင်ငံ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခြင်းကို လက်ခံထားရာ မြန်မာလုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်း တည်မြဲရေး၊ ဘဝတစ်သက်တာလေ့လာသင်ယူ၍ ကျွမ်းကျင်မှုများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ Focal Ministry အဖြစ်ပါဝင်ပြီး မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု **"စံ"** သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ အဖြစ် ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံသားများ ကျွမ်းကျင်မှု သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ **"စံ"** ဖြစ်သည့် NSSA အမျိုးသားအဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနမှ အလုပ်အကိုင်အမျိုးအစား ၂၅ မျိုးအတွက် ကျွမ်းကျင်လုပ်သားအဆင့် (၁)အဖြစ် ၃၄၂၅ ဦးနှင့် ကျွမ်းကျင်မှုအဆင့် (၂)အဖြစ် ၂၆၉ ဦး စုစုပေါင်း ၃၆၉၄ ဦးကို အောင်မြင်အောင် သင်ကြားပေးနိုင်ခဲ့ပြီး ယခုနှစ်အတွင်း ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း ဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်မှုများအရ သိရသည်။

**အနည်းဆုံးအခကြေးငွေ**

"အနည်းဆုံးအခကြေးငွေကို (၂)နှစ်တစ်ကြိမ် သတ်မှတ်ဖို့ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ သတ်မှတ်ကာလအတွင်း အချိန်မီ ပြင်ဆင်သတ်မှတ်နိုင်ဖို့အတွက် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကော်မတီတွေအနေနဲ့ စာရင်းစစ်တမ်းကောက်ယူနေပြီး အလုပ်ရှင်တွေက ပေးနိုင်တဲ့ နှုန်းထားနဲ့ အလုပ်သမားတွေက တင်ပြထားတဲ့ နှုန်းထားတွေကို လေ့လာဆန်းစစ်ပြီး အဆင့်ဆင့်တွက်ချက်နေပါတယ်။ သတ်မှတ်သင့်တဲ့ အနည်းဆုံးအခကြေးငွေ နှုန်းထားကို အမျိုးသားကော်မတီကို ပြန်လည်တင်ပြဖို့ အကြောင်းကြားထားပြီး အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး အမျိုးသားကော်မတီ အစည်းအဝေးကျင်းပပြီး ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ ဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြသည်။

**လုပ်သားအင်အား စစ်တမ်းကောက်ယူ**

လုပ်သားအင်အား စစ်တမ်းကောက်ယူမှုတွင် ယခင်က စာရင်းအင်းအချက်အလက်များအတွက် ခန့်မှန်းစာရင်းများကိုသာ အသုံးပြုခဲ့ရာမှ ယခုအခါ နှစ်စဉ် လုပ်သားအင်အားစစ်တမ်းမှ ကောက်ယူရရှိလာသည့် အချက်အလက်များကို အသုံးပြုလျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရှိရပြီး ၂၀၁၇ ခုနှစ်မှစ၍ ရာသီချိန်အလိုက် အလုပ်အကိုင်ပြောင်းလဲမှုကို သိရှိနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်ဖြင့် နှစ်စဉ် လုပ်သားအင်အားစစ်တမ်းကို တစ်နှစ်လျှင် (၂)ကြိမ် ကောက်ယူနေခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ဒုတိယအကြိမ် ကောက်ယူခြင်းတွင် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် Tablet များ အသုံးပြုကာ CAPI စနစ်ဖြင့် ကောက်ယူနိုင်ခဲ့ပြီး စစ်တမ်းမေးခွန်းလွှာတွင် CESD ၏ အကြံပြုချက်အရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အထောက်အကူဖြစ်စေရန် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်အခြေအနေအခန်းကို ထပ်တိုး၍ အခန်း ၁၀ ခန်းနှင့် မေးခွန်း ၁၂၇ ခုဖြင့် မေးမြန်းနိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ အချက်အလက်များအရ သိရသည်။

CAPI စနစ်အသုံးပြု၍ စစ်တမ်းကောက်ယူခြင်းဖြင့် အချက်အလက်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာသည့်အပြင် အချိန်နှင့် ငွေကြေးကုန်ကျစရိတ်များ သက်သာခြင်းနှင့် စာရင်းအင်း၊ အချက်အလက်များကို Data Entry သွင်းရန်မလိုအပ်ဘဲ တိုက်ရိုက်ကြည့်ရှုစစ်ဆေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးထံမှ သိရသည်။

**အိုင်အယ်လ်အိုနှင့်**
**နီးကပ်စွာပူးပေါင်းဆောင်ရွက်**

"ဝန်ကြီးဌာနက ILO နဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေပါတယ်။ နှစ်စဉ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် မြန်မာကိုယ်စားလှယ်အဖွဲ့က ပုံမှန်တက်ရောက်ပြီး တင်ပြဆွေးနွေးလျက်ရှိပါတယ်။ ထူးခြားချက်အနေနဲ့ မြန်မာနိုင်ငံက ILO ရာပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ အဓိက ပြဋ္ဌာန်းချက် ရှစ်ခုအနက် အငယ်ဆုံးအသက် ပြဋ္ဌာန်းချက် အမှတ်-၁၃၈ (၁၉၇၃) (Minimum Age Convention No.138, 1973)ကို လက်ခံကျင့်သုံးဖို့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ထောက်ခံချက်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ကို တင်ပြအတည်ပြုခဲ့ပြီး မကြာခင် ပြဋ္ဌာန်းချက်ကို ကျင့်သုံးသွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထည့်သွင်းပြောကြားသည်။

**အဓမ္မစေခိုင်းမှုများ မည်သူမဆိုတိုင်ကြားနိုင်**

မြန်မာနိုင်ငံ၌ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေအစီအစဉ် {Decent Work Country Programme - DWCP (2018-2021)} ကို အကောင်အထည်ဖော်ရန် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ILO တို့ MoU လက်မှတ်ရေးထိုးပြီး ဦးစားပေးလုပ်ငန်းစဉ်(၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

Action Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီကို ဝန်ကြီးဌာန(၁၆)ခုဖြင့် ဖွဲ့စည်းထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် ကိုယ်စားလှယ် ၂၆ ဦး ပါဝင်သည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုတိုင်ကြားမှုယန္တရား(NCM)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်နေပြီး ပြည်သူများက အဓမ္မခိုင်းစေမှုများနှင့် ပတ်သက်၍ မည်သူကိုမဆို တိုင်ကြားနိုင်ကြောင်း သိသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အနာဂတ်အလုပ်အကိုင် နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် ဧပြီလတွင် အာဆီယံအလုပ်သမားဝန်ကြီးများ၏ Special Session ကို စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့ပြီး "ASEAN Labour Ministers' Statement On The Future Of Work: Embracing Technology For Inclusive And Sustainable Growth" ကို အာဆီယံ အလုပ်သမားဝန်ကြီးများက လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ခဲ့သည်။

ထို့ပြင် အဆိုပါအစည်းအဝေး၌ "ASEAN Labour Minister's Joint Statement on Green Initiative" ကို (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့ တင်ပြနိုင်ရေး အာဆီယံအလုပ်သမားဝန်ကြီးများက အတည်ပြုနိုင်ခဲ့သည်။

**ဥပဒေများအသစ်ရေးဆွဲ**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် အလုပ်သမားရေးရာ ဥပဒေ ခုနစ်ခုကို ကျင့်သုံးလျက်ရှိပြီး ခေတ်ကာလနှင့် မလျော်ညီသည့်ဥပဒေများကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်၊ ဖျက်သိမ်းခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေပြင်ဆင်ရေးမှာ အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေ အလုပ်ရှင်တွေရဲ့ လိုလားချက်တွေကို အလေးထားစဉ်းစားပြီး နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့လျော်ညီဖို့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်တဲ့ အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG - LLR) ဖွဲ့စည်းပြီး ပြင်ဆင်နိုင်ရေး ညှိနှိုင်းရေးဆွဲလျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

**လူမှုဖူလုံရေး အာမခံလုပ်သား**
**၁၄ သိန်းကျော်**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်အထိ အလုပ်ဌာနပေါင်း ၃၄၅၇၄ ဌာနရှိပြီး အကျုံးဝင်အာမခံ အလုပ်သမားပေါင်း ၁၄၆၇၈၂၄ ဦးရှိနေပြီဖြစ်သည်။ အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀ ၊ လူမှုဖူလုံရေး - ကဲဝဲလ် ဆေးခန်း ငါးခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ ရွှေ့လျားဆေးကုသယာဉ် နှစ်စီးနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးသူနှင့် ကျန်းမာရေးဝန်ဆောင်မှုဝယ်ယူသူ ခွဲခြားသည့်စနစ် (Provider Purchaser Split)ဖြင့် စမ်းသပ်နေသော ဆေးခန်း ခုနစ်ခန်းတို့ဖြင့် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အာမခံအလုပ်သမားများကို ဆေးကုသ ပေးနေသည်။

ယခုအခါ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးခန်း (၁၂)ခန်းကို အဆင့်မြှင့်တင်ရန် လျာထားပြီး PPS စနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ဆေးခန်း နှစ်ခန်း ထပ်မံဖွင့်လှစ်ရန် ရှိကြောင်းနှင့် PPS ဆေးခန်းဖွင့်လှစ်လိုကြောင်း အဆိုပြုတင်ပြထားသော ဆေးရုံ/ဆေးခန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။




နေပြည်တော်(ရုံးချုပ်)၌ ကျင်းပသည့် e-ID ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများက e-ID နမူနာများအား လေ့လာကြည့်ရှုစဉ်။

အာမခံအလုပ်သမားများ၏ မှီခိုသူမိသားစုများ တစ်ဦး သို့မဟုတ် နှစ်ဦးကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဘဏ္ဍာငွေ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် မူတည်၍ အကောင်အထည်ဖော်နိုင်ရေးနှင့် အကျိုးခံစားခွင့်တောင်းခံသည့် ပုံစံများတွင် မလိုအပ်သော စာရွက်စာတမ်းများ တောင်းခံခြင်းမှ ဖြေလျှော့နိုင်ရေးတို့အတွက် ILO နည်းပညာ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်တောင်းခံသည့် လုပ်ငန်းစဉ်ကြာချိန်ကို -

(က) ယာယီမသန်စွမ်းမှု အကျိုးခံစားခွင့် ယခင် ၁၀၄ ရက်မှ ၂၄ ရက်၊

(ခ) အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ယခင် ၉၈ ရက်မှ ၂၆ ရက်၊

(ဂ) ကျန်ရစ်သူအကျိုးခံစားခွင့် ယခင် ၇၁ ရက်မှ ၄၈ ရက်နှင့်

(ဃ) နာရေးစရိတ်အကျိုးခံစားခွင့် ယခင်

အထူးကဏ္ဍ [ ဂ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်အတွင်း
၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

၃ ရက်မှ တစ်ရက်သို့ ဖြေလျှော့နိုင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

ဆေးဖိုးစိုက်ထုတ်ငွေများ ပြန်လည်ထုတ်ပေးရာတွင်လည်း Online Payment ဖြင့် ခွင့်ပြုထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ဌာနများ အကျုံးဝင်မှတ်ပုံတင်ခြင်း၊ အလုပ်သမားများ မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် e-Service လုပ်ငန်းများကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

**ပြုပြင်ပြောင်းလဲမှုများစတင်**

လူမှုဖူလုံရေး အကျုံးဝင်နယ်မြေကို တိုးချဲ့ရန်ဆောင်ရွက်ရာတွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ် ၂၁ မြို့နယ်ကို ထပ်မံတိုးချဲ့ အကျုံးဝင်သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အာမခံအလုပ်သမား ၁ ဒသမ ၄၆ သန်းကျော်ရှိကြောင်း သိရသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် IT Reform လုပ်ငန်းစဉ်ကို ILO Korea Project ဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် SSB – Information System ဆောင်ရွက်နိုင်ရေး အတွက် တင်ဒါခေါ်ယူ၍ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပြီး ခွင့်ပြုမိန့်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ (၃)နှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန စတုတ္ထ (၁)နှစ်တာ ဆောင်ရွက်မှုများအရ သိရသည်။

Medical Reform လုပ်ငန်းစဉ်များကို ILO ၏ Luxembourg Project မှ အကူအညီပေးလျက်ရှိပြီး Provider – Purchaser Split ဖြင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ စမ်းသပ်ဖွင့်လှစ်နေပြီဖြစ်သည်။ ဆေးကုသပေးသည့် လုပ်ငန်းစဉ်များကို Open IMIS Application ဖြင့် ဆောင်ရွက်သွားရန် ILO အကူအညီဖြင့် Swiss Tropical Medicine and Republic Health Institute (Swiss TPH) မှ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းထားပြီး အဖွဲ့ပိုင် ဆေးရုံ/ဆေးခန်းများကို Public Private Partnership (PPP)စနစ်ဖြင့် အဆင့်မြှင့်တင်ရန်အတွက် World Bank ၏ International Finance Corporation – IFC နှင့် ညှိနှိုင်းနေသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ စီမံခန့်ခွဲရာတွင် Third Party Administrator ကြီးကြပ်မှုဖြင့် စမ်းသပ်လုပ်ကိုင်သွားရန် ရည်ရွယ်ထားသည်။

Administrative Reform ကို ILO ၏ Vision Zero Fund Project မှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ပြင်ဆင်ဖြည့်စွက်နိုင်ရေး Social Security Process Reviewing Team နှင့် Social Security Law Reviewing Team များ ဖွဲ့စည်းကာ နိုင်ငံတကာကျင့်သုံးမှုများ၊ ပြဋ္ဌာန်းချက်များ၊ အခြားနိုင်ငံများမှ ဆောင်ရွက်မှုများကို လေ့လာသုံးသပ်ပြီး ILO မှ Program Manager များနှင့် ဌာနတွင်း ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**လူမှုဖူလုံရေးအကျိုးခံစားခွင့်**

"SSTC အစီအစဉ်အရ ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း လူမှုဖူလုံရေးလုပ်ငန်းစဉ်တွေနဲ့ စပ် လျဉ်းပြီး အတွေ့အကြုံတွေ၊ အခက်အခဲတွေနဲ့ ဗဟုသုတတွေ မျှဝေခြင်းကို ILO နဲ့ ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ အာမခံစနစ်(၂)မျိုးအတွက် အကျိုးခံစားခွင့် (၁၂)မျိုးရှိပြီး စတုတ္ထ (၁)နှစ်တာ ကာလအတွင်း အကျုံးဝင်အာမခံ အလုပ်သမား ဦးရေ ၁၄ သိန်းကျော်အတွက် ဆေးကုသမှု ကုန်ကျစရိတ်တွေနဲ့ ငွေကြေးအကျိုးခံစားခွင့်အဖြစ် ငွေကျပ် ၁၆ ဘီလီယံနီးပါးကို ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

အလုပ်ရုံစစ်ဆေးရေးကိစ္စရပ်များတွင် ဌာနအရာရှိများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတရရှိစေရေးရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံ ၁၈၃၀ ၌ အလုပ်သမား ၃၆၀၀၀ ကျော်ကို သင်တန်း ၁၀၅၈ ကြိမ်ခန့် ပို့ချထားကြောင်း ဝန်ကြီးဌာနမှ သိရသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်၌ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ဥပဒေအာဏာအသက်ဝင်သည်နှင့် ဆောင်ရွက်နိုင်ရန် နည်းဥပဒေများ ရေးဆွဲနေပြီဖြစ်သည်။

**ဦးစားပေးဆောင်ရွက်**

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်မြှင့်တင်ရန် ILO နှင့် ပူးပေါင်း၍ အလုပ်သမားရေးရာစစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသည်။

"မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်အဖြစ် ဒုတိယသမ္မတဦးဆောင်တဲ့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ အစည်းအဝေးမှ လုပ်ငန်းအဆင့် လုပ်ငန်းစီမံချက်ပထမ (၅)နှစ်စီမံကိန်း (၂၀၁၉–၂၀၂၃)နဲ့ ပတ်သက်ပြီး လုပ်ငန်းစီမံချက်(မူကြမ်း) ရေးဆွဲပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလက စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ ကလေးအလုပ်သမားဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ လုပ်ငန်းအမျိုးအစားနဲ့ လုပ်ငန်းခွင်တွေစာရင်း အမိန့်ကြော်ငြာစာ(မူကြမ်း)ကို အမျိုးသားအဆင့် ၃ ပွင့်ဆိုင် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပြီး ILO၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတွေ့ရဲ့ သဘောထားမှတ်ချက်တွေနဲ့ ဌာနအတွင်းပြန်လည်စိစစ်ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းရာ၌ ဥပဒေပြဋ္ဌာန်းထားသည့် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ခေတ်ကာလနှင့်လျော်ညီစေရန် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက် နည်းဥပဒေ(မူကြမ်း)ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ၃ ပွင့်ဆိုင် အဖြေရှာခဲ့ကြပြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ရေးနှင့် လုပ်ထုံးလုပ်နည်းများ (မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံဉာဏ်နှင့် သဘောထားမှတ်ချက်များကို တောင်းခံထားကြောင်း သိရသည်။

**အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်း**

အလုပ်သမားရေးရာ အငြင်းပွားမှုများတွင် တစ်နိုင်ငံလုံး၌ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့ကို ဖွဲ့စည်းထားပြီး ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အငြင်းပွားမှုပေါင်း ၉၄၃ မှုအနက် အမှုပေါင်း ၈၁၀ ပြေငြိမ်းမှုရရှိခဲ့သဖြင့် ၈၆ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့သည်။ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့ဖြင့် ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အငြင်းပွားမှု ၁၁၇ မှုအနက် ၁၀၁ မှုကို ဆုံးဖြတ်ချက်ချပေးနိုင်ခဲ့သည်။ ခုံသမာဓိကောင်စီတွင် ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အငြင်းပွားမှုပေါင်း ၃၈ မှု လက်ခံရရှိခဲ့ပြီး ၃၆ မှုကို ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

## အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ရာ၌ ဆောင်ရွက်ပေးလျက်ရှိသည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို မြန်မာနိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် အဖွဲ့ပေါင်း ၂၅၈၁ ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ယခင်နှစ်ထက် အဖွဲ့ပေါင်း ၁၂၉၀ တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့

အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ရာ၌ ဆောင်ရွက်ပေးလျက်ရှိသည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ကို မြန်မာနိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် အဖွဲ့ပေါင်း ၂၅၈၁ ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ယခင်နှစ်ထက် အဖွဲ့ပေါင်း ၁၂၉၀ တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့သည်။

"လာမယ့်နှစ်မှာ အခုရင်ဆိုင်နေရတဲ့ ကိုဗစ်–၁၉ ကြောင့် လုပ်ငန်းရှင်တွေနဲ့ အလုပ်သမားတွေအပေါ် သက်ရောက်လာမယ့်ကိစ္စတွေကို ကြိုတင်ပြီးသုံးသပ်ခဲ့ပါတယ်။ နေ့စဉ်နဲ့အမျှ သုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအနေအထားပေါ် မူတည်ပြီး အလုပ်ရှင်တွေ ပိုမိုပြီး လုပ်ငန်းခွင်မပျက် ဆောင်ရွက်နိုင်ဖို့၊ တိုးချဲ့ဆောင်ရွက်နိုင်ဖို့၊ အလုပ်သမားတွေကို အလုပ်အကိုင် အခွင့်အလမ်းတွေရရှိဖို့၊ ထိုက်သင့်တဲ့ လုပ်ခလစာရရှိဖို့ကို ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လူမှုဖူလုံရေးအဖွဲ့က အလုပ်သမားတွေအတွက် ငွေကြေးအကျိုးခံစားခွင့် အပါအဝင် ပိုမိုပြီးလွယ်ကူလျင်မြန်စေရေးအတွက် e – Services လုပ်ငန်းတွေနဲ့ ပိုမိုတိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလုပ်သမား အငြင်းပွားမှုဖြေရှင်းရေးကိစ္စတွေကို ပိုမိုလျင်မြန်စွာနဲ့ တိကျစွာ ဆောင်ရွက်နိုင်ဖို့၊ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ အလုပ်ရှင်တွေ၊ အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေကိုပါ ပညာပေးဆွေးနွေးမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ILO နဲ့ IOM တို့ရဲ့ အကူအညီနဲ့ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်သလို အလုပ်သမားတွေ ကျွမ်းကျင်မှုအဆင့်အတန်း ပိုမိုမြင့်မားလာရေးအတွက် ဦးစားပေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းပြသည်။

**ဗီဇာများတိုးတက်ခွင့်ပြု**

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိလာသည့် နိုင်ငံခြားသားများအတွက်

အထူးကဏ္ဍ [ ဃ ] သို့ »»»



အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးကျင်းပစဉ်။



နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် ကိုယ်ရေးမှတ်တမ်း တိုက်ဆိုင်စစ်ဆေးမှုအား နေပြည်တော်(ရုံးချုပ်)၌ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၇ ] မှ

ပြည်ဝင်ဗီဇာဆိုင်ရာ တာဝန်ခံဝန်ကြီးဌာန အဖြစ် ဆောင်ရွက်နေပြီး ဆိုက်ရောက်ဗီဇာနှင့် e-Visa စနစ်ဖြင့် ဝင်ရောက်ခွင့်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံခြားသားများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် စသည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တမူးနှင့် ရိခေါဒါရ် စသည့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များတွင် ခွင့်ပြုပေးနေပြီး မြန်မာ – လာအို နယ်စပ်ရှိ ကျိုင်းလပ် – စီအင်ကောက်ဂိတ်ကို အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်သည်။

လက်ရှိ ပြည်ဝင်ဗီဇာ(၁၄)မျိုးအနက် (လုပ်ငန်းဗီဇာ၊ လူမှုရေးဗီဇာ၊ သာသနာရေးဗီဇာ၊ နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ၊ ပညာရေးဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာ၊ သံတမန်၏ ဧည့်သည်များ ပြည်ဝင်ဗီဇာနှင့် သံတမန်မဟုတ်သည့် သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ပြည်ဝင်ဗီဇာ စသည့် ပြည်ဝင်ဗီဇာ ရှစ်မျိုးကို တစ်ကြိမ်တည်းနှင့် သုံးလ၊ ခြောက်လ၊ တစ်နှစ် နေခွင့်သက်တမ်းရှိသည့် အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာများအဖြစ် တိုးမြှင့်ခွင့်ပြုပေးနိုင်ခဲ့သည်။ ပြည်ပြန်ဝင်ခွင့်ဗီဇာ ၃ မျိုးကို ပြည်ပတွင် ခွင့်ပြုနေခွင့်ကာလအတွင်းနှင့် ပြည်ပနေခွင့် ခြောက်လ စသည်ဖြင့် သတ်မှတ်အခငွေများ ကောက်ခံခွင့်ပြုထားကြောင်း သိရသည်။

ဆိုက်ရောက်ဗီဇာ(Visa On Arrival) စနစ်ကို ယခုအခါ နိုင်ငံပေါင်း (၅၅)နိုင်ငံမှ နိုင်ငံသားများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုတွင် ခွင့်ပြုထားပြီး ယခုနှစ်အတွင်း သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသည့် တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ ဆွစ်ဇာလန်နှင့် ရုရှား ရှစ်နိုင်ငံနှင့် ဩစတြီးယား၊ ချက်၊ ဟန်ဂေရီ၊ လူဇင်ဘတ်နှင့် နယူးဇီလန် ငါးနိုင်ငံတို့မှ ခရီးသွားများကို ဆိုက်ရောက်ဗီဇာ(VOA)ဖြင့် ထပ်မံခွင့်ပြုပေးခဲ့သည်။

**ခရီးသည်ငါးသိန်းကျော်ခွင့်ပြု**

ယခုနှစ်အတွင်း၌ e-Visa နှင့် နိုင်ငံခြားသားခရီးသည် ၅၂၉၀၀၀ ကျော်ကို ခွင့်ပြုပေးနိုင်ခဲ့ပြီး သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများအပါအဝင် လက်ရှိနိုင်ငံပေါင်း (၂၄)နိုင်ငံနှင့် စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်လျက်ရှိသည်။

စာချုပ်အသက်ဝင်ရက် အတည်မပြုနိုင်သေးသည့် အစ္စရေးနိုင်ငံမှအပ ကျန်(၂၃)နိုင်ငံကို အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုပေးခဲ့ပြီး မလေးရှားနိုင်ငံမှအပ ကျန်အာဆီယံ ရှစ်နိုင်ငံက သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် ဟောင်ကောင်နှင့် မကာအိုတို့မှ သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူ ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာလေဆိပ်တွေနဲ့ နယ်စပ်ဝင်/ထွက်ပေါက်တွေမှာ MRTD စနစ်နဲ့ ခရီးသည်ဆိုင်ရာ အချက်အလက်ရယူတဲ့ Border Control System (BCS) စနစ်ကို တိုးချဲ့ အသုံးပြုရာမှာ နိုင်ငံတကာစံချိန်မီစနစ်တစ်ခုဖြစ်စေရေးအတွက် ပထမဦးစားပေး Network တည်ထောင်ပြီး ဒုတိယအဆင့် လူတစ်ဦးချင်းစီရဲ့ အချက်အလက်တွေကို Biometric စနစ်နဲ့ ဆောင်ရွက်သွားမှာဖြစ်သလို တတိယအဆင့် e-Passport တွေနဲ့ Auto Gate တွေမှာ စစ်ဆေးနိုင်ဖို့ ကြိုးပမ်းနေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

**နိုင်ငံသားအဖြစ်ပြန်လည်ခံယူခွင့်ပြု**

အကြောင်းအမျိုးမျိုးနှင့် အမည်မည်း စာရင်းရေးသွင်းထားသူများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဖြေလျှော့ခဲ့ပြီး သစ္စာစီမံချက်ဖြင့် (Black List)ပယ်ဖျက်ပေးခြင်းတွင် (၄)နှစ်တာကာလအတွင်း မြန်မာနိုင်ငံသား ၃၃၅ ဦးနှင့် နိုင်ငံခြားသား ၄၆၉ ဦးတို့ကို ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရေးအတွက် ယနေ့အချိန်အထိ လျှောက်ထားသူ ၄၀၁ ဦးအနက် ၃၀၆ ဦးကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပေးနိုင်ခဲ့ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ဖြင့် လျှောက်ထားသူ စုစုပေါင်း ၆၆၃ ဦးအနက် ခွင့်ပြုပြီးသူ ၅၉၁ ဦးကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဝင်ရောက်သွားသည့် နေရပ်စွန့်ခွာသူများကို တောင်ပြို(လက်ဝဲ) ပြန်လည်လက်ခံရေးစခန်းနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်း ၂ ခုဖွင့်လှစ်ပြီး အခြားဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်များကို UNDP နှင့် UNHCR စသည့် အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်သည့်အပြင် UNHCR ၊ UNDP တို့ နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက စတုတ္ထ (၁) နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များအတွင်း ထည့်သွင်းပြောကြားသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြား**
**၂၆ သိန်းကျော် စိစစ်ထုတ်ပေး**

ပြည်သူများ အမှန်တကယ် လိုအပ်လျက်ရှိသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို လွယ်ကူမြန်ဆန်စွာ ထုတ်ပေးနိုင်ရန်အတွက် သစ္စာစီမံချက်ဖြင့် ဆောင်ရွက်နေပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း သစ္စာစီမံချက်ဖြင့် ပြည်သူ ၂၆၈၀၀၀၀ ကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ခဲ့ပြီး Mobile Team များဖြင့် ကျေးရွာများအထိ စာရင်းဇယားကောက်ယူခြင်း၊ လက်ဝယ်သို့ အခမ်းအနားနှင့် ထုတ်ပေးခြင်းများကို ၂၀၁၉ ခုနှစ်အတွင်း ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို စနစ်တကျ စိစစ်ထုတ်ပေးနိုင်ရေးအတွက် (၄)နှစ်တာအတွင်း ဗဟိုအဖွဲ့ အစည်းအဝေးအကြိမ် (၂၀)ပြုလုပ်ကာ နိုင်ငံသားအဖြစ် ၃၀၆ ဦး၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ၁၄၀၇၅ ဦးနှင့် ဧည့်နိုင်ငံသားအဖြစ် ၁၂၇ ဦး အပါအဝင် စုစုပေါင်း ၁၄၅၀၈ ဦးကို ဆုံးဖြတ်ခွင့်ပြုပေးနိုင်ခဲ့သည်။

စတုတ္ထ (၁)နှစ်တာအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများကို ရောက်ရှိဒေသများတွင် အိမ်ထောင်စု ၈၁၀၃၂ စုကို အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးနိုင်ခဲ့သည့်အပြင် ရွှေ့ပြောင်းနေထိုင်သူ ၂၅၄၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခဲ့ကြောင်း၊ အသက်ပြည့်မီသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၁၅၈၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၄ မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်သား ၉၂၀၅ ဦးကို လုပ်ငန်းခွင်မပြတ် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**သက်သေခံကတ်ပြား**

"မြန်မာနိုင်ငံအတွင်း နေထိုင်သူတွေအနက် နိုင်ငံသားစိစစ်မှုခံယူဖို့ လိုအပ်ရင် ဥပဒေနဲ့ အညီ နိုင်ငံသားစိစစ်ခံရမည့်သူရဲ့ သက်သေခံကတ်ပြား(NV Card)တွေ ထုတ်ပေးလျက်ရှိပါတယ်။ စတုတ္ထ (၁) နှစ်တာအတွင်း စုစုပေါင်း ၂၃၃၄၅ ဦးကို NV Card ထုတ်ပေးခဲ့ပါတယ်။ သူတို့ကို ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်တဲ့ ကတ်ပြား တစ်မျိုးမျိုးရရှိဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ကချင်ပြည်နယ်အတွင်းက IDP စခန်း ၈၉ ခု၊ ခရစ်ယာန်ဘာသာရေးကျောင်းတွေနဲ့ တိုက်ပွဲရှောင် ခေတ္တနေရပ်စွန့်ခွာနေထိုင်သူတွေကို (၄)နှစ်တာအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီး မိတ္တူထုတ်ပေးခြင်း၊ အသစ်လျှောက်ထားခြင်းတွေအတွက် စုစုပေါင်း ၃၂၃၇၇ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အလားတူ ရခိုင်ပြည်နယ်ရှိ IDP စခန်း ၁၈ ခုမှာ နေရပ်စွန့်ခွာနေထိုင်လျက်ရှိသူ ၅၅၂၅ ဦးကို ကိုင်ဆောင်သင့်တဲ့ ကတ်ပြားအမျိုးအစားတွေ ထုတ်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

ထို့ပြင် သာသနာ့ဝင်/ သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားများကို အစိုးရ၏ စတုတ္ထ (၁) နှစ်တာအတွင်း သာမဏေ ၄၁၁၇ ပါး၊ ရဟန်းအပါး ၈၈၈၀ နဲ့ သီလရှင် ၁၆၈၆ ပါး စုစုပေါင်း ၁၄၆၈၃ ပါးအထိ စိစစ်ထုတ်ပေးနိုင်ခဲ့သည်။

e-Government စနစ်၏ အခြေခံလုပ်ငန်းဖြစ်သည့် e-ID စနစ်အတွက် e-ID စနစ်လုပ်ငန်းကော်မတီဖွဲ့စည်းကာ ဝန်ကြီးဌာနမှ လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ e-ID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ–ဩစတြီးယား နှစ်နိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဩစတြီးယားနိုင်ငံ OeSD ကုမ္ပဏီတို့အကြား လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေပြီဖြစ်သည်။

e-ID စနစ်သည် ပြည်တွင်းရှိ လူတစ်ဦးချင်းစီ၏ Biometric Data နှင့် Biographic Data များ ကောက်ယူမည်ဖြစ်ကာ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ ဩစတြီးယားနိုင်ငံ OeSD ၏ စီမံကိန်းအဆိုပြုလွှာအရ e-ID စနစ်စီမံကိန်းကို (၂)နှစ်တာအတွင်း အဆင့် ၃ ဆင့်ဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူ**

"၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်တွေနဲ့ လက်ရှိအခြေအနေပြောင်းလဲမှုတွေကို နှိုင်းယှဉ်လေ့လာသုတေသနပြုနိုင်ဖို့၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမယ့် ၂၀၂၄ ခုနှစ် မတိုင်ခင်အကြား မြန်မာနိုင်ငံရဲ့ လူဦးရေနဲ့ လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်တွေ အချိန်နဲ့တစ်ပြေးညီ အနီးစပ်ဆုံး မှန်ကန်စွာ ခန့်မှန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ အညွှန်းကိန်းတွေရရှိနိုင်ဖို့ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ကြားဖြတ်သန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေးသုတ်ခွဲပြီး ခရိုင်အဆင့် ကိုယ်စားပြု နမူနာကောက်ကွက်ပေါင်း ၄၃၀၀ ခန့် ကို ရွေးချယ်ကာ Computer – Assisted Personnel Interviewing (CAPI) နည်းစနစ်ဖြင့် ကောက်ယူပြီးဖြစ်သည်။

"အအောင်မြင်ဆုံးက ပြည်ပနိုင်ငံတွေကနေမှ ဆိုက်ရောက်ဗီဇာတွေကို တိုးချဲ့ပေးတာပါ။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Visa တွေကို လွယ်ကူလျင်မြန်စွာနဲ့ e-Tourist Visa တွေ ဆောင်ရွက်ပေးနိုင်တာ၊ ဗီဇာတွေကို ဖြေလျှော့ပေးတာတွေက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီးအထောက်အကူပြုပါတယ်။ မြန်မာနိုင်ငံသားတွေကို ပြန်လည်ပြီး PR လက်မှတ်တွေထုတ်ပေးတာ၊ မည်သည့်လက်မှတ်မှ ကိုင်ဆောင်ထားခြင်းမရှိတဲ့သူတွေကို NV Card များထုတ်ပေးတာတွေကို ဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး စီမံချက်ချမှတ် ဆောင်ရွက်ပေးနေပါတယ်" ဟု ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အချိန်မရွေး ပြန်လည်လက်ခံနိုင်အောင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လာမယ့်ရွေးကောက်ပွဲ၌ မဲပေးနိုင်ခွင့်ရှိသူများ မဲပေးနိုင်ရေးအတွက် ဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ မဲပေးနိုင်သူအားလုံး မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်မှာ ဝန်ကြီးဌာန၏ ကြိုးပမ်းမှုများအနက် အရေးကြီးသည့်ကိစ္စရပ်များဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးထံမှ သိရသည်။

**ရည်မှန်းချက်များအောင်မြင်ရန်ကြိုးပမ်း**

"လာမယ့်နှစ်တွေမှာ ဦးစားပေးအနေနဲ့ NV Card ထုတ်ပေးနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံသားဟောင်းတွေကို PR လက်မှတ်ထုတ်ပေးရေးအပြင် ဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ပြီး ဗီဇာဖြေလျှော့မှုလုပ်ငန်းတွေကို နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ e-ID စနစ် အကောင်အထည်ဖော်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် လာမယ့်ကာလတွေမှာ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ မူလရှိပြီးသား မူဝါဒတွေ၊ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင် ဖော်ဆောင်နေသလို ပြောင်းလဲလာတဲ့အခြေအနေ အချိန်အခါနဲ့ အညီ လိုအပ်တဲ့လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အဓိကအနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ရည်မှန်းချက်တာဝန်တွေ အောင်မြင်စေဖို့နဲ့ အခြားသော ဝန်ကြီးဌာနတွေရဲ့ ဆက်စပ်လုပ်ငန်းတွေကို ကူညီပံ့ပိုးနိုင်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လာမည့်နှစ်အတွင်း ဆောင်ရွက်ဖော်ဆောင်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

❒

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

မေ ၂၆၊ ၂၀၁၀
(တနင်္ဂနွေနေ့)


ဝတ္ထုတို


■ ဇင်မင်းစိုး(ဗိုလ်ကလေး)





(၁)

"အောက်အီးအီးအွတ် … … … "

လင်းကြက်တွန်သံနှင့်အတူ အရှေ့ရိုးမဆီမှ ရောင်နီပေါ်လာပြီဖြစ်သဖြင့် မကြာခင် မိုးလင်းတော့မည် ဖြစ်သည်။

ကျော်ခေါင်တစ်ယောက် အိပ်မှုန်စုံဝါးဖြင့် ထပြီး မျက်နှာသစ်၊ အဆာပြေ ထမင်းကြော်စားကာ တောထဲသွားရန် ပြင်ဆင်လေသည်။

"သား သတိထားသွားနော်။ သတိဆိုတာ ပိုတယ် မရှိဘူး"

"ဟုတ်ကဲ့ပါ အမေရယ်။ စိတ်မပူပါနဲ့။ အမေသာ ကျန်းမာရေးဂရုစိုက်ပါ"

ကျော်ခေါင် တောနင်းသားရေဖိနပ်စွပ်ပြီး ဆောင်ယူနေကျ ပလိုင်း၊ ဓားမ၊ လေးခွ တို့ကို ယူရင်း ပြန်ပြောသည်။

ကျော်ခေါင် တောထဲသွားတိုင်း အမေက ထိုသို့မှာနေကျဖြစ်သည်။ မှာတိုင်းလည်း ကျော်ခေါင်က ထိုကဲ့သို့ပင် ပြန်ပြောလေသည်။

ကျော်ခေါင်တို့နေသည့် ဂုံညှင်းတန်းရွာကလေးသည် မြို့ပြနှင့် အလှမ်းဝေးပြီး တောခေါင်လှသည်။ အားလုံးက ဓားမဦးချ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့က လည်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့၌ ဖားရှာ၊ ငါးရှာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

ကျော်ခေါင်တို့ သားအမိသည် အမေတစ်ခု သားတစ်ခု ဘဝဖြစ်ပြီး အဖေက ကျော်ခေါင် အသက် ၁၅ နှစ်လောက်ကပင် တောထဲ ထင်းခုတ်သွားရာမှ ပိုးထိပြီး ဆုံးပါးသွားခဲ့သည်။

သားအမိနှစ်ယောက် လယ်ကလေး သုံးဧကကို နွေ၊ မိုးနှစ်ရာသီ ထွန်ယက်စိုက်ပျိုးပြီး အားလပ်ချိန်များတွင် ယခုကဲ့သို့ ထင်းခုတ်၊ မျှစ်ချိုး၊ မှိုရှာ စသည့် အပိုလုပ်ငန်းများ လိုက်လုပ်တတ်သည်။

တစ်ခါတလေ တောထဲတွင် သစ်ခွပင် အစုအချပ်ကြီးများတွေ့ရပြီး မြို့တက်ရောင်းချပါက ဈေးကောင်းရတတ်သည်။ အစက ကျော်ခေါင့်အမေ ဒေါ်သန်းငွေပါ အတူပါလာတတ်ပေမယ့် စိတ်မချသည်က တစ်ကြောင်း၊ ခရီးဖင့်သည်က တစ်ကြောင်းမို့ နောက်ပိုင်း မပါတော့ချေ။

တစ်ခါတလေ တောထဲ၌ ယုန်၊ တောကြက်၊ တောငှက် စသည့် ဟင်းစားများလည်း ရတတ်သည်။ အနည်းအများပေါ် မူတည်၍ ရောင်းသင့်တာ ရောင်း၊ စားသင့်တာ စားဖို့ ချန်ထားသည်။ တောထဲမဝင်သည့်နေ့ဆိုလျှင် ငါးရှာ၊ ဖားရှာလုပ်သဖြင့် သားအမိနှစ်ယောက် ဝမ်းစာကတော့ မပူပင်ရပေ။

တစ်ရွာလုံးကလည်း ရပ်ဆွေရပ်မျိုးများ ဖြစ်ကြသဖြင့် သူ့မရှိ ကိုယ်ပေး၊ ကိုယ့်မရှိသူ့ပေး ဖြင့် မိသားစုဝင်များသဖွယ် ရိုင်းပင်းကူညီကြသည်မို့ တောလေ့၊ တောရွာဆန်ဆန် ချစ်စဖွယ် အမူအရာများဖြင့် ဂုံညှင်းတန်း ရွာကလေးသည် သာယာပျော်ရွှင်ဖွယ်ကောင်းလှပေတော့သည်။

(၂)

"ကျေးရွာသူ ကျေးရွာသားများ ခင်ဗျာ၊ ဒီကနေ့ ညနေ ၄ နာရီထိုးမှာ မြို့နယ်မှ သူနာပြု ဆရာမလေးက "ကျန်းမာရေးအသိ သတိရှိ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲပြုလုပ်မည် ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်နားထောင်ပေးကြပါရန် ဖိတ်မန္တကပြုအပ်ပါသည် ခင်ဗျာ"

အုပ်ချုပ်ရေးမှူးအိမ်မှ လော်စပီကာသံက ကျေးရွာအတွင်း လွှမ်းမိုးပဲ့တင်ထပ်သွားလေ၏။ ဂုံညှင်းတန်းရွာကလေးသို့ မြို့မှ အဖွဲ့အစည်းများက လာရောက်မှုနည်းပါးသဖြင့် အားလုံးအတွက် ဒီကြေညာချက်က ထူးခြားနေလေ၏။

ထို့ကြောင့် ညနေ ၄ နာရီ မထိုးမီမှာပင် ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်သို့ လူအလျှိုလျှိုဖြင့် တဖွဲဖွဲဦးတည်ထွက်လာကြလေသည်။

ကျေးရွာစာသင်ကျောင်း မရှိသည်မို့ အရေးအကြောင်းဆို အုပ်ချုပ်ရေးမှူးအိမ်ရှေ့က စပါးနယ်သည့် တလင်းပြင်သည် ရုံဖန်ရံခါ အစည်းအဝေးကျင်းပသည့် လဟာပြင်လည်း ဖြစ်တတ်သေးသည်။

"အရီးသန်းခင်… ခဏနေပါဦးဗျ"

"ဟဲ့ … ကျော်ခေါင် … ဘာတုံး"

ကျော်ခေါင်တစ်ယောက် အရီးသန်းခင်ကို မစနောက်ရတာကြာပြီမို့ အရီးသန်းခင် ခါးကို တို့ကာ …

"အရီးသန်းခင် တူမနဲ့ ကျွန်တော်နဲ့ ရဗျာ"

"ရ… ရ… ရ… ။ ဟာ … ဒီကောင်လေး ငရဲတွေ ကြီးကုန်တော့မှာပဲ အချင်းချင်းတွေကို"

"ဟား … ဟား … ဟား"

အရီးသန်းခင်က မကြာခဏ ယောင်တတ်သဖြင့် ကျော်ခေါင်တို့က ခါးတို့ပြီး စနောက်တတ်ကြသည်။ စနောက်တိုင်းလည်း ဘယ်တော့မှ စိတ်မဆိုးတတ်သော အရီးသန်းခင်ရယ်ပါ။

အုပ်ချုပ်ရေးမှူး အိမ်ရှေ့ရောက်တော့ အသင့်ခင်းထားသော တာလပတ်အပြာကြီးပေါ် နေရာယူကြရင်း ဘာအကြောင်းများလဲဟု စဉ်းစားကာ ထင်ရာမြင်ရာ ပြောနေကြပြန်သည်။

အစည်းအဝေးစတော့ အုပ်ချုပ်ရေးမှူးနှင့် သူနာပြုဆရာမလေးတို့ စာရွက်စာတမ်းကိုင်ကာ အိမ်ထဲမှထွက်လာကြပြီး ပထမဦးစွာ အုပ်ချုပ်ရေးမှူးက ဆရာမလေးနှင့် မိတ်ဆက်ပေးလေသည်။

"ဒီက ဆရာမလေးကတော့ တို့ကျေးရွာ အပါအဝင် အနီးနားက ရွာတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ မြို့နယ်က စေလွှတ်လိုက်တဲ့ ဆရာမလေး နော်မေသဇင် အေးပါ"

"ဟုတ်ကဲ့ … ကျွန်မ … မေသဇင်အေးပါရှင်"

ဆရာမလေးက အသားဖြူဖြူ၊ အဖြူ၊ အနီဝတ်စုံလေးဖြင့် ကျော်ခေါင်တို့အရွယ်လောက်ပင် ရှိပေဦးမည်။

ယခုတလော တရုတ်နိုင်ငံမှ အစပြုကာ ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့ကူးစက်နေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း စတင်ဟောပြောလေသည်။

အသက်ရှူလမ်းကြောင်းနှင့် ဆိုင်သော ရောဂါတစ်မျိုးဖြစ်ကြောင်း၊ လျင်မြန်စွာ ကူးစက်နေသဖြင့် များစွာသတိပြုရမည်ဖြစ်ကြောင်း၊ မပေါ့ဆသင့်ကြောင်းနှင့် ပေါ့ဆပါက အသက်ဆုံးရှုံးနိုင်ကြောင်း၊ သန့်ရှင်းရေးသည် အရေးကြီးကြောင်း၊ အရာဝတ္ထုတစ်ခုကိုင်ပြီးတိုင်း လက်ဆေးကြရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းပြဟောပြောလေသည်။

နားမလည်သဖြင့် ထမေးသူများလည်း ရှိသည်။ ဆရာမလေးကလည်း စိတ်ရှည်လက်ရှည်ပြန်လည်ရှင်းပြသည်။

အုပ်ချုပ်ရေးမှူးကလည်း မြို့နယ်က ညွှန်ကြားသည့်စာကို ယနေ့နံနက်ပိုင်းက လက်ခံရရှိကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကူးစက်ရောဂါဖြစ်သဖြင့် အပူချိန်ကြီး၍ ဖျားနာပါက ကျန်းမာရေးဌာနကို ချက်ချင်း သတင်းပို့ကြရန် ညွှန်ကြားကြောင်း ရှင်းလင်းပြောပြလေသည်။

လုပ်အားပေးအနေဖြင့် လူငယ်များ စုဖွဲ့ကာ ကျေးရွာသန့်ရှင်းရေး ပြုလုပ်ကြရန်နှင့် လူကြီးများက စီမံကွပ်ကဲ၍ ဆရာမလေးက လမ်းညွှန်ပေးပါရန် ပြောကြားလေသည်။

"ကျော်ခေါင်ရေ မင်းက ကာလသားခေါင်းပဲဆိုတော့ လူငယ်တွေစုကွာ။ ပြီးရင် ချုံနွယ်ပိတ်ပေါင်း၊ ရေမြောင်း၊ မြက်ရိုင်းတွေ ခုတ်ထွင်ရှင်းလင်းဆယ်ယူကြတာပေါ့။ အခုလောလောဆယ်တော့ ဆရာမကို ဟိုဘက်ရွာကို လှေနဲ့လိုက်ပို့လိုက်ဦးဟေ့။ ဆရာမက ဟိုဘက်ရွာမှာလည်း ဟောပြောရဦးမှာ"

"ဟုတ်ကဲ့ အုပ်ချုပ်ရေးမှူး။ လာ ဆရာမ ကျွန်တော်ဟိုဘက်ရွာကို လိုက်ပို့ပေးပါ့မယ်"

"ဟုတ်ကဲ့ ကိုကျော်ခေါင်။ ကျေးဇူးအထူးတင်ပါတယ်နော်"

တစ်ရွာလုံးလည်း အုပ်ချုပ်ရေးမှူးနှင့် လူကြီးသူမများ၏ စီမံခန့်ခွဲမှုဖြင့် အလုပ်ရှုပ်သွားကြလေသည်။

(၃)

"ဂုံညှင်းတန်း တစ်ရွာလုံး ပျိုပျိုအိုအို၊ ကာလသားများ၊ လူငယ်များပါမကျန် အမှိုက်ကောက်သူက ကောက်၊ သန့်ရှင်းသူက သန့်ရှင်း၊ ရေမြောင်းဆယ်သူက ဆယ်၊ သစ်ကိုင်းခုတ်သူက ခုတ်ဖြင့် ဝိုင်းဝန်းလုပ်အားပေးကြလေသည်။

နောက်ရက်များတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မြန်ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ကြောင်း၊ လူအသေအပျောက်များစွာရှိကြောင်း ထပ်တိုးကြားသိရလေသည်။

ကျေးရွာအတွင်း လူစုလူဝေးများ၊ ပွဲလမ်းသဘင်များမလုပ်ရန်နှင့် နိုင်ငံရပ်ခြားပြန်ဧည့်သည်များအား ရောဂါစောင့်ကြည့် ဂရုစိုက်ဖို့ ဆရာမလေးက တစ်အိမ်တက်ဆင်း အဖျားအပူချိန်တိုင်းပေးရင်း ကူးစက်သူများ သေဆုံးမှုမြင့်တက်လျက်ရှိကြောင်း လိုက်လံနှိုးဆော်သတိပေးလေသည်။

ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ရုံးတွေနှင့် ပွဲလမ်းသဘင် လူစည်းကားရာ နေရာအချို့ကို ပိတ်လိုက်ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဌာနနှင့် အချိန်မီပူးပေါင်းမှသာ အသက်ဘေး ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း၊ ကူးစက်ရောဂါဖြစ်သဖြင့် တစ်ဦးချင်းကစ၍ မပေါ့ဆသင့်ကြောင်း၊ လက်ဆေးကြရန်၊ လူထုထပ်ရာ မသွားရန်နှင့် မိမိအိမ်တွင်း၌သာ နေကြရန်၊ နိုင်ငံခြားပြန်များ ရှိပါက သတင်းပေးရန် လော်စပီကာဖြင့် လိုက်လံနှိုးဆော်နေလေတော့သည်။

ရွာသူရွာသားများကလည်း တစ်ခါမျှ မမြင်ဖူး၊ မဖြစ်ဖူးကြသဖြင့် စိုးရိမ်မှုရှိလာကြသည်။ ဆရာမလေး လမ်းညွှန်သည့်အတိုင်း လိုက်နာပူးပေါင်း ဆောင်ရွက်ကြသည်။

"ဆရာမရေ ကျွန်တော်တို့ နှာခေါင်းစည်းတွေတပ်ရမယ်ကြားတယ်။ ဟုတ်လားဗျ"

"ဒီလိုပါ ကိုကျော်ခေါင်ရေ၊ နှာခေါင်းစည်းကတော့ လူအုပ်ထဲ သွားတာ၊ ကူးစက်လူနာနှင့် ထိတွေ့ဆက်ဆံရင်တော့ တပ်ရပါတယ်။ ဒီအတိုင်းနေရင်တော့ တပ်ဖို့မလိုပါဘူး။ လက်တော့ မကြာခဏဆေးပါ။ မသန့်ရှင်းတဲ့လက်နဲ့ ပါးစပ်၊ မျက်လုံး၊ နှာခေါင်းကို ထိတာကိုင်တာတော့ မလုပ်ပါနဲ့ရှင်"

"အမယ်လေး ဆရာမလေးရယ် ကျွန်မဖြင့် လက်ဆေးရလွန်းလို့ လက်တစ်ခုလုံးလည်း အရေပြားဖြူလာသလား ခံစားမိရတယ်တော့"

အရီးသန်းခင်ကလည်း ဝင်ပြောသည်။

"ကျန်းမာရေးအတွက်မို့ လက်တော့ မကြာခဏဆေးကြပါ၊ အိမ်ထဲမှာ နေပါ။ နှာချေချောင်းဆိုးရင် ဖုံးအုပ်ဆိုးကြပါရှင်၊ ဒါမှ ရောဂါကာကွယ်နှိမ်နင်းနိုင်မှာမို့ပါ"

ကျော်ခေါင်တို့ လူငယ်တွေက ကူးစက်ရောဂါ၏လက္ခဏာများ၊ လက်ဆေးပုံနည်းလမ်း အဆင့်ဆင့်၊ ရောဂါမကူးစက်အောင် ဘယ်လိုနေထိုင်ရပုံ၊ ကူးစက်လာလျှင် လိုက်နာကြရပုံ စသည့် ပိုစတာများကို ရွာထိပ်၊ ရွာလယ်၊ ရွာအဆုံးနေရာများတွင် ကပ်၍ အသိပေးနှိုးဆော်ကြလေသည်။

ဆရာမလေးကလည်း ရက်ခြားဆိုသလို ရွာတိုင်း အိမ်တိုင်းရှိ လူတိုင်းကို အပူချိန်တိုင်း၍ လိုအပ်သည့်ဆေးဝါးများ ဝေငှပေးလေသည်။

အားလုံးက ဆရာမလေးကို အားကိုးအားထားပြုကြသည်။

"ဆရာမလေးလည်း ပင်ပန်းနေပြီနော်" ဟု ရွာသူရွာသားတွေက ပြောကြသလို ဆရာမလေးကလည်း "ကိုကျော်ခေါင်လည်း ကျွန်မကို လိုက်ပို့နေရတာနဲ့ ပင်ပန်းနေရှာပြီနော်" ဟု ပြန်လည်အားပေးစကား ဆိုလေသည်။

"ရပါတယ် ဆရာမရယ်။ ကျွန်တော်တို့ရွာအတွက် လာလုပ်ပေးတာပဲ။ ပင်ပန်းတယ် မရှိပါဘူး။ ဆရာမလေးသာ တကယ်ပင်ပန်းနေတာ၊ အားလုံးကသိလို့ ချီးကျူးနေပါပြီဗျ"

တခြားရွာတွေ ဖျားနာတာ ရှိကြပေမယ့် ကျော်ခေါင်တို့ ရွာကလေးကတော့ ကြီးမားတဲ့ ရောဂါလက္ခဏာများ မရှိကြပေ။

(၄)

နောက်ရက်များတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဦးစီးမှူးနှင့်အဖွဲ့များ ရွာသို့ ရောက်လာကြပြီး ဂုံညှင်းတန်းရွာကလေး၏ စည်းကမ်းကျနပြင်ဆင်ထားမှု၊ အိမ်တိုင်း၏ ခြံအဝမှာ အမှိုက်အိတ်များ ချိတ်ဆွဲထားရှိပြီး သန့်ရှင်းသပ်ရပ်မှုတို့ကို မြင်တွေ့ချီးကျူးကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားလေသည်။

ကျန်းမာရေး အသိအမြင်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် မည်မျှပင် ကြီးမားသည့် အခက်အခဲရှိစေကာမူ ဝိုင်းဝန်း ပူးပေါင်း စည်းလုံးကြလျှင် အောင်မြင်ရစမြဲ၊ အနိုင်ရစမြဲပင်ဖြစ်ကြောင်း၊ အခြားရွာများနှင့်မတူ ဒီဂုံညှင်းတန်းရွာကလေးမှ ရွာသူရွာသားများက ကျန်းမာရေးအတွက် ပြင်ဆင်မှု အားကောင်းကြောင်း တွေ့မြင်ရပုံကို ပြောဆိုကာ နှုတ်ဆက်ပြန်သွားကြလေသည်။

ရက်အနည်းငယ်အကြာတွင် ဆရာမလေး ပြန်ရောက်လာပြီး ဝမ်းသာအားရဖြင့် "ဒီရွာလေးအတွက် ကျေးလက်ဆေးပေးခန်း ချပေးမယ်လို့ ပြောပါတယ်၊ မြေနေရာအတွက် မြေလှူပေးမယ့်အလှူရှင်များရှိပါသလားရှင်"

အားလုံးက ဝမ်းသာအားရ "ဟေး" ခနဲ ထအော်ကြကာ ဆေးခန်းအတွက်နှင့် ဝန်ထမ်းအိမ်ရာအတွက်ဟုဆိုကာ သူလှူမည်၊ ငါလှူမည်ဖြင့် စာရင်းပေးကြလေသည်။ စည်းလုံးညီညွတ်မှု၏ အသီးအပွင့်များပင် ဖြစ်ပါတော့သည်။

(၅)

စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် လိုက်နာနေထိုင်ခြင်းတို့၏ တွန်းအားသည် အလွန်ရွေ့လျားသည့် စက်ယန္တရားကြီးနှင့် တူလှချေသည်။

အဆိုပါ အချင်းအရာတို့နှင့်ပြည့်စုံသည့် ဂုံညှင်းတန်းရွာကလေးအတွက် နောက်ထပ်သတင်းကောင်းတစ်ရပ် ထပ်မံကြားသိရပြန်လေသည်။ ထိုသတင်းကား အခြားမဟုတ်။

ကျေးရွာအတွက် မူလတန်းအဆင့် စာသင်ကျောင်းလေး ထပ်မံချထားပေးမည့် သတင်းပင်ဖြစ်လေသည်။ ရွာသူရွာသားတို့၏ အပျော်သည်ကား နှိုင်းပြ၍ပင် ဆိုဖွယ်ရာမရှိချေ။

နိုင်ငံ့ဝန်ထမ်းများ တစ်ခါမျှ မရှိဖူးသည်မို့ ယခုလို လာရောက်တာဝန်ထမ်းဆောင်ကြမည်ကို ဝမ်းမြောက်ပျော်မြူးစွာဖြင့် ကြိုဆိုကြခြင်း ဖြစ်လေသည်။

"ဆရာမလေးရဲ့ ကျေးဇူးတွေပါဗျာ" အုပ်ချုပ်ရေးမှူးက ဝမ်းသာအားရဖြင့် ပြောသည်။

"မဟုတ်ပါဘူးရှင် … အားလုံးရဲ့ ညီညွတ်မှုအောင်ပွဲပါ"ဟု ဆရာမလေးက ဆိုလေသည်။

အရီးသန်းခင်ကလည်း "ဆရာမလေးကို ပြန်မလွှတ်နိုင်တော့ဘူးတော်။ ကျုပ်တို့ ရွာသူအဖြစ် စာရင်းသွင်းလိုက်တော့မယ်။ ဟဲ့ ကျော်ခေါင် နင့်တာဝန်ပဲနော်။ နင် ကြိုးစားတော့"

"ဟာ အရီး ဘာတွေ လျှောက်ပြောနေတာလဲ။ သူများ အနေအထိုင်ခက်နေပါ့မယ်ဗျာ"

"ဟုတ်တယ်ဟေ့ ဆရာမလေးနဲ့ ကျော်ခေါင်က တွဲသွားရင် လိုက်ပါ့ဗျာ။ စိတ်တူ ကိုယ်တူလည်းရှိတော့ အဆင်ပြေတာပေါ့"

"ဟာ … ဟေ့ကောင်တွေ တော်တော့"

"အို"

ကာလသားခေါင်း ကျော်ခေါင်နှင့် သူနာပြုဆရာမလေး နော်မေသဇင်အေးတို့၏ အံ့ပုန်းအချစ်တို့သည် ရွာသူရွာသားများ၏ စေ့ဆော်မှုဖြင့် ပွင့်ဟထွက်ပေါ်လာကြပြီ ဖြစ်လေသည်။

အရှုံးထဲက အမြတ်ဟု ဆိုရမလား မဆိုတတ်ပေမယ့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြင့် စသိချစ်ကျွမ်းဝင်ကြခြင်းမို့ ကိုရိုနာအချစ်ဟုပင် ခေါ်တွင်ရမလိုလိုပင်။

မည်သို့ပင် ဆိုစေကာမူ အရှေ့ရိုးမနားဆီက ဂုံညှင်းတန်းရွာကလေးသည် အောင်မြင်မှုမှတ်တိုင်များကို စိုက်ထူသွားကြပြီး စည်းလုံးညီညွတ်ခြင်း၏ တွန်းအား၊ ပြောင်းလဲခြင်း၏ စွမ်းအားအသီးအပွင့်များကို အားလုံးက ရယူခံစား ပြုံးပန်းဖြာနေကြပြီ ဖြစ်လေတော့၏။ ။

## အိမ်မှာနေကြစို့

ကပ်ရောဂါဘေးလွတ်ကင်းအောင်
လူစုလူဝေးရှောင်
စည်းကမ်းဘောင်ကိုအလေးထား
လိုက်နာကြစို့လား။
တန်ဖိုးထားလို့အချိန်တွေ
မဖြုန်းနဲ့ချစ်ဆွေ
ဝါသနာတွေလေ့လာကြ
ဘဝတက်လမ်းရ။
သုတရသစုံလင်ဖွယ်
စာဖတ်ကြစို့ကွယ်
ပညာကြွယ်ကာစွမ်းအင်တိုး
နှလုံးသားဖွံ့ဖြိုး။
မိုးသောက်နိုးထကုသိုလ်ရှာ
မေတ္တာရေစင်ဖြာ
ရတနာသုံးပါး ဂုဏ်တော်ပွား
ဘယာဝေးစေသား။
စုပေါင်းအားဖြင့်တွန်းလှန်ရည်
ပြိုင်တူရှေ့ကြမည်
မြေမဟီကိုကာကွယ်ဖို့
အိမ်မှာနေကြစို့။

လမင်းဟံသာ(ပဲခူး)

---------------

## မြတ်သောပရဟိတ

လူငယ်အများ ပေါင်းစုကာ
ကိုယ်ကျိုးကိုဖယ်ခွာ။
ကျန်းမာဖို့ရာ အများကျိုး
ဆောင်ရွက်လို့သယ်ပိုး။
ဘာသာလူမျိုး မခွဲလို
ကူညီမေတ္တာပို။
အသက်ကိုကွယ် ကယ်တင်ပေး
ပြည်သူ့ကျန်းမာရေး။
ဝိုင်းဝန်းမနေး ပေးလှူပြန်
ကြက်သွန် ပဲ ဆီ ဆန်။
သောက်သုံးဖို့ရန် ရေသန့်များ
သွားရောက်ပေးလှူထား။
သဒ္ဒါတရား ထက်သန်ပေ
အကျိုးပြုကာနေ။
သွေးလှူကာလေ ပျော်ရွှင်ပြီး
ဝမ်းသာလို့မဆုံး။
နှလုံးသားလှ တို့လူငယ်
အများအကျိုးသယ်။
စေတနာရယ် အဓိက
မြတ်ပရဟိတ။

လရောင်လင်း(မြန်မာ့ဂုဏ်ရည်)

ဆောင်းပါး

# အနာဂတ်၏ကြယ်စင်လေးများ ထိန်လင်းတောက်ပကြပါစေ

■ ရန်ကြီးအောင်(မြို့ရွှေဇီးကုန်း)

ကလေးသူငယ်များသည် နောင်တစ်ခေတ်၊ နောင်တစ်ချိန်တွင် လောကအကျိုး၊ လူ့အကျိုးကို သယ်ပိုးထမ်းရွက်ရမည့် အနာဂတ်၏ လင်းလက်ကြယ်စင်လေးများပင် ဖြစ်ပေသည်။ အနာဂတ်၏ လင်းလက်ကြယ်စင်လေးများအနေဖြင့် ငယ်ရွယ်စဉ်ကပင် ဘဝကို ပျော်ရွှင်စွာဖြတ်သန်းပြီး စိတ်ဒဏ်ရာ မရရှိစေရန်မှာ အလွန်ပင်အရေးကြီးသော အကြောင်းအချက်ဖြစ်ပေသည်။ ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်းသည် လွယ်ကူသောအရာတော့ မဟုတ်ပေ။ "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"ဟူသော ဆိုရိုးအတိုင်း ကလေးသူငယ်များသည် မိမိတို့ မိဘများ၏ အပြုအမူ၊ အပြောအဆိုများအတိုင်းသာ ဖွံ့ဖြိုးကြီးထွားလာကြပေသည်။

ကလေးတို့၏ မိဘ၊ ညီအစ်ကို မောင်နှမ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအပေါ်မူတည်၍ ကလေး၏ စိတ်သည်လည်း တစ်မျိုးတစ်မည် ပြောင်းလဲသွားပေမည်။ ပတ်ဝန်းကျင် ကောင်းတွင်နေရသော ကလေးများအဖို့ သာယာပျော်ရွှင်ဖွယ် ဘဝ၊ သာယာပျော်ရွှင်ဖွယ် ဖြစ်စဉ်များနှင့်သာ ဖြတ်သန်းရပေမည် ။ ယုတ်ညံ့ဆိုးရွားသော ပတ်ဝန်းကျင်၌ နေရသောကလေးသူငယ်များအဖို့ အလွန်ပင် ဝမ်းနည်းစရာ ကောင်းပေသည်။ အချို့ကလေးများမှာ ကြမ်းတမ်းကြသည်၊ ခက်ထန်ကြသည်၊ ရိုင်းစိုင်းကြသည်။ ထိုသို့သော အပြုအမူများကို ကြည့်ခြင်းအားဖြင့် ကလေး၏ ငယ်ဘဝဖြတ်သန်းမှုကို မှန်းဆနိုင်ပေသည်။ လူကြီးမိဘများ၊ မောင်နှမများ အနေနှင့် ကလေးသူငယ်များကို ချစ်ရာတွင် စောင့်ထိန်းသင့်သည့် စည်းတစ်ခုရှိပေသည်။ ၎င်းမှာ အချစ်လွန်ခြင်းပင် ဖြစ်သည်။ အချို့မှာ ကလေးသူငယ်များကို တွေ့လျှင် အချစ်လွန်၍ ပြောင်ကြသည်၊ လှောင်ကြသည်၊ ခြောက်ကြသည်။ မိမိမှာ ကလေးကိုချစ်၍ စသော်၊ ခြောက်သော်လည်း ကလေး၏ စိတ်ထဲတွင် ထိုသူကိုမြင်လျှင် ကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်တို့ဖြင့် ကလေး၏ စိတ်ကျန်းမာရေးကို ထိခိုက်နိုင်ပေသည်။ ထိုသို့မဟုတ်ပါက ငယ်စဉ်ကပင် ကြမ်းတမ်းစွာ ခြောက်ခံရဖူး၊ စခံရဖူးသော ကလေး၏ စိတ်သည် နူးညံ့ပျော့ပျောင်းမှုမရှိဘဲ ခက်ထန်တတ်ပေသည်။ ၎င်းငယ်စဉ်ကပင် ကြုံတွေ့ဖူးသော စနောက်ခြင်း၊ ခြောက်ခြင်းတို့အတိုင်း ကြီးပျင်းလာသည့်အခါတွင်လည်း အခြားသောကလေးငယ်များအပေါ်သို့ အလားတူဖြစ်စဉ်ဖြင့် ပြုမူတတ်ပေသော်။ အချို့သော မိဘများ၊ လူကြီးများ သည်လည်း ကလေးကိုချစ်လွန်း၍ အလိုလိုက် အကြိုက်ဆောင်ကာ ပစ်ထားတတ်ကြလေသည်။ တကယ်ချစ်လျှင် ပစ်မထားသင့်ပေ။ ကလေးကိုချစ်လွန်း၍ ကလေးစိတ်ကြိုက်နေထိုင်ခွင့်၊ ဆော့ကစားခွင့်ပေးသည်မှာ ကောင်းမွန်သော အလေ့အကျင့်ဟုဆိုသော်လည်း အပြည့်အဝ မမှန်ကန်ပေ။ ထိုက်သင့်သည့် အားလပ်ချိန်၊ ထိုက်သင့်သည့် ဆော့ကစားမှုမျိုးဖြင့် စနစ်တကျ ထိန်းကျောင်းပြုပြင်ပေးရပေမည်။ ကလေးငယ်များသည် ရွှံ့စေးအရုပ်များနှင့် သဏ္ဌာန်တူပေသည်။ ရွှံ့စေးဖြင့် အရုပ်ဖော်ရာတွင် ပုံဖော်သူ၏ ကျွမ်းကျင်ပိုင်နိုင်မှု သပ်ရပ်မှုအပေါ်မူတည်၍ ကောင်းမွန်လှပသည့် ရွှံ့စေးရုပ်များကိုရရှိသကဲ့သို့ မိဘတို့သော်လည်း ကလေးငယ်များကို ငယ်ရွယ်စဉ်ကပင် မိမိတို့ ကြိုက်နှစ်သက်ရာပုံစံသို့ ထုဆစ်၍ ကောင်းမွန်အောင် ပုံဖော်နိုင်ပေသည်။

ကလေးများနှင့်စပ်လျဉ်း၍ မိမိပတ်ဝန်းကျင်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် ကျောင်းပြေး၊ ဂိမ်းဆော့၊ ဆေးလိပ်သောက်၊ ဆေးရှူ၊ ကော်ရှူပြီး အရွယ်မတိုင်ခင် အသက်ဆုံးရှုံးလိုက်ရသော လူငယ်များမှာလည်း ဒုနှင့်ဒေး ရှိပေသည်။ အရွယ်မတိုင်မီ ကျောင်းထွက်၍ အပြင်လောကရောက်ပြီး မကြာမီအချိန်အတွင်း အိမ်ထောင်ပြုကြသည့် ကလေးများမှာလည်း အထွေအထူးပင် ပြောနေဖို့မလိုပေ။ ထိုသို့ ငယ်ငယ်ရွယ်ရွယ် လွဲမှားသောအသိ၊ မမှန်ကန်သော လုပ်ရပ်များကိုကြည့်လျှင် အစပထမဦးဆုံး အပြစ်တင်ထိုက်သူများမှာ မိဘများပင်ဖြစ်ပေသည်။ လူငယ်တွေ မဟုတ်မမှန်တာ လုပ်နေသည့်အချိန်မှ ဆုံးမ၍မရသည်ကို အပြစ်ဟု မဆိုသာပေ။ ငယ်စဉ်ကပင် လိမ္မာယဉ်ကျေးအောင်၊ အသိပညာဗဟုသုတ တိုးပွားလာအောင် ညအိပ်ရာဝင်ချိန် တစ်ရက် ၁၀ မိနစ်သာ ဥပမာများဖြင့် ပြောဆိုဆုံးမခဲ့ပါက ကလေးသည် အတော်ဆုံးပုဂ္ဂိုလ်မဖြစ်ခဲ့လျှင်သော်လည်း ပျက်စီးသည့် ကလေးတစ်ယောက်မဖြစ်နိုင်ပေ။ နုနယ်ငယ်ရွယ်စဉ်ကပင် ကောင်းမွန်စွာ ပြုစုပျိုးထောင်နိုင်ခဲ့လျှင် ကလေးငယ်၏ ဘဝသည်လည်း အလွန်လှပပေမည်။ မိဘတိုင်း၊ မိဘတိုင်းသည် မိမိတို့ ရင်သွေးငယ်များ၏ဘဝ သာယာလှပသည်ကိုပင် မြင်လိုကြသူများဖြစ်ပေသည်။ ထိုသို့မြင်လိုလျှင် နေ့ခင်းအချိန်တွင် မိမိတို့ ပင်ပန်းသမျှဒဏ်၊ အနားယူလိုသည့်ဒဏ်များကို ခဏတာဖယ်ရှား၍ ညအိပ်ရာဝင်ချိန် ၁၀ မိနစ်သာ ဆုံးမစကား၊ လိမ္မာဖွယ်ပုံပြင်များပြောကြားရင်း အလေ့အကျင့်ကောင်းများကို မွေးမြူပေးရပေမည်။

အခြားတစ်ချက်မှာ မိမိတို့ ကလေးငယ်ကို အချစ်လွန်၍ သက်ညှာပေးခြင်းကို ရှောင်ကြဉ်ရပေမည်။ (အတင်းအကျပ် အလုပ်ခိုင်းခြင်းကို မဆိုလိုပါ) မိမိတို့ဘာသာ၊ မိမိလုပ်ကိုင်ခြင်း၊ ပြဿနာကို မိမိတို့ကိုယ်တိုင် ဖြေရှင်းတတ်သည့် အလေ့အကျင့်ကိုလည်း ပျိုးထောင်ပေးရပေမည်။ မိဘများက အစစအရာရာ လုပ်ကိုင်မပေးဘဲ ကူညီသူအနေဖြင့်သာ ရှိရပေမည်။ ငယ်စဉ်ကပင် မိဘများက မခိုင်းမစေ သက်ညှာပေးခဲ့သော် ထိုကလေး အသက်အရွယ်ကြီးရင့်လာလျှင် အချောင်ခိုပြီး မလုပ်တတ်မကိုင်တတ်နှင့် လူအများနှင့် ဆက်ဆံရာတွင် အဖုအထစ်လေးများ ရှိနိုင်ပေသည်။ ငယ်စဉ်ကပင် မိမိ၏တာဝန်ကို ကျေပွန်အောင် မိမိကိုယ်တိုင် ထမ်းဆောင်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုစုစေခဲ့ရပါမည်။ အခြားတစ်ပါးသူကို အားကိုးလိုသော အကျင့်ဆိုးများ မရှိအောင်လည်း ပြုစုပျိုးထောင်ခဲ့ရပေမည်။

ထိုသို့ဆိုလျှင် ကလေးသူငယ် ပြုစုပျိုးထောင်ရေးသည် အလွန်ပင် အရေးပါသော၊ အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်ပေသည်။ မိဘတိုင်းသည် မိမိတို့၏ ရင်သွေးငယ်များအပေါ်တွင် ထိုက်သင့်သည့်အချိန်ပေး၍ ပြုစုကြရပေမည်။(အချိန်ပြည့် ဂရုတစိုက်နှင့် ပြုစုနေရမည်ဟု မဆိုလို) တိကျသောအချိန်၊ တိကျသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ကလေးတို့၏ စိတ်ကိုပျော်ရွှင်စေခြင်းဖြင့် လိမ္မာယဉ်ကျေးသော၊ တာဝန်ကိုသိတတ်သော၊ စည်းကမ်းသေဝပ်သော အလေ့အကျင့်များနှင့် ကြီးပြင်းလာမည့် ကလေးငယ်များသည် နောင်တစ်ချိန်၊ အနာဂတ်၌ ထိန်လင်းတောက်ပမည့် ကြယ်စင်လေးများပင် ဖြစ်လာပေတော့မည်။ အနာဂတ်၏ မိုးဆမ်းပန်းလေးများ လန်းလန်းစွင့်စွင့်နှင့် ဖူးပွင့်လာပေတော့မည်။

## ခြားနားခြင်း

ခြားနားခြင်း စုံအညီ
ပုံပန်းချီ ကနုတ်ဆေး။
အို,နာ,သေ လက်မဦးခင်
ကူးကြစို့ လေး။
ချိန်ရာသီ သင်္ကြန်ရေး လို့
တွက်စစ်သေး နှစ်များစွာ
ဖြတ်သန်းလျှောက်လာ။
ပြုံးတစ်လှည့် မဲ့တစ်ခါ
ဇာတ်ဆရာ အလိုကျ။
အပုပ်ကောင်ကို
သရုပ်ဆောင်ကာ မွေ့မပျက်မို့
မေ့လျက်နေကြ။
သူဆင်းပြန် ငါတက်ရ
သုံးလောက ခရီးသည်။
ကိုယ့်ဘူတာ ခရီးဆိုက်ဖို့
စီးလိုက်ခဲ့တယ်။
လိုက်ပါရင်း ခင်မင်တွယ်
ငါဆင်းဝယ် သူလက်ပြ။
သူဆင်းပြန် ကသုတ်ကရက်နှင့်
( ခရီးသည်တွေမှာလေ)
နှုတ်ဆက်နေကြ။
လောကဓံ ပြဿမျှ
သုခနှင့် ဒုက္ခစေ
ကောင်းဆိုးနှစ်ထွေ။
ချည်နှောင်တင်း ကြိုးရှစ်ခွေ
တိုးရစ်နေ စဉ်အမြဲ။
သတိပြုကာ...
ကြည့်ရှုရာ အသစ်ဆက်လို့
ဖြစ်ပျက်မစဲ။
တွေ့ဆုံကွဲ ဖြစ်ပျက်ဟန်
နှစ်သက်အမှန် ငါမဟုတ်။
ပွားဖန်ခါ...
ငါးခန္ဓာ အမှတ်ထားကွဲ့
နှစ်ပါးနာမ်ရုပ်။ ။

ကိုရင်ဩ(တန့်ဆည်)


## ဖြူစင်စိတ်ထား မြင့်မြတ်သူများ

ကမ္ဘာမြေ ခရီးဆန့်
ပျံ့နှံ့ပေါ့ အန္တရာယ်။
ကပ်ဘေးဝင် ရောဂါထူးက
ကူးစက်နေတယ်။
ပူဆွေးကြ ဒီချိန်မယ်
အားကိုးဖွယ် သူရဲကောင်း။
ဆေးဝတ်စုံ ဝတ်ဆင်လျက်
ပေါ်ထွက်ခဲ့ကြောင်း။
ကရုဏာ မေတ္တာပေါင်းလို့
ထပ်ဆင့်လောင်း ကြိုးပမ်းရှာ။
အားမာန်ချီ လုပ်ဆောင်ချက်
ကယ်ရေးတွက်သာ။
နေ့ညရက် စိတ်နှစ်ကာ
စေတနာ ဖျော်စပ်ဆေး။
ပြုံးချိုချို မျက်နှာပြုလို့ရယ်
ကုသလို့ပေး။ ။
ဝေဒနာ ပြယ်စေရေး
မြော်ရည်တွေး အကျိုးဆောင်။
တစ်ကိုယ်ရေ မငဲ့ကွက်
ကိုယ့်တွက်ဖယ်ရှောင်။
ရောဂါဆိုး ကာလမှောင်
မေတ္တာရောင် ဖြန့်ကြက်ထား။
မနောဖြူ တွဲလက်ဆင့်
မြင့်မြတ်သူများ။ ။

နေသုခ(မြစ်ကြီးနား)

ဝတ္ထုတို

## ထက်ပိုင်ဦး (သစ္စာမြေ)



**အခန်း(၁)**

"ကိုသာအေးရေ အိမ်မှာဆန်တောင် မရှိတော့ဘူးနော်"

ပဲပြုတ်အိုးအား မီးထိုးနေရင်း မယဉ်မြင့်တစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့်ထပြော၏။ ဇနီးသည်ပြောမှ အိမ်ကဆန်အိုးအဖုံးကို သွားလှန်ကြည့်မိသည်။ ဆန်အိုးက ဟောင်းလောင်း။ ငွေကလည်း ပန်းရန်လုပ်ငန်းနားသည်မှာ သုံးရက်ရှိပြီဖြစ်၍ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် သူတို့လူတန်းစားအတွက် ဆန်အိုးဟောင်းလောင်းဖြစ်သည်မှာ မဆန်းလှပေ။

ထို့ထက် အရေးကြီးသည်က အမေ့အတွက် ဆေးထပ်ဝယ်ရန် ငွေမရှိတော့။ သူတို့မိသားစုထမင်းဝိုင်းတွင်ပင် ရောင်း၍ကျန်သည့် ပဲပြုတ်နှင့် နှစ်ပါးသွားကနေရသည်မှာ ကြာပြီဖြစ်သည်။

"အေးပါ ယဉ်မြင့်ရယ်။ ပန်းရန်ကလည်း နားနေတော့ ငွေကို ဘယ်က သွားရှာရမှန်း မသိလို့သာ ငြိမ်နေရတာ"

"အမေ့ဆေးဖိုးကလည်း တစ်နေ့တခြား ပိုပိုများလာတော့ အိမ်မှာစားဖို့တောင် အနိုင်နိုင်ဖြစ်နေပြီ။ အိမ်ကနှစ်ကောင်ကို ကျောင်းထွက်ခိုင်းပြီး အလုပ်လေးလုပ်ခိုင်းမှနဲ့ တူတယ်ယောကျ်ားရယ်"

"ဟဲ့ ကလေးတွေက အညွန့်တလူလူနဲ့လေ။ တခြားနည်းလမ်း စဉ်းစားပါဦးမယ် ယဉ်မြင့်ရယ်"

ပဲပြုတ်တောင်းအား ဇနီးသည်ခေါင်းပေါ်သို့ ပင့်တင်ပေးလိုက်၏။ နေလောင်နေသည့် ဇနီးသည်၏ ညိုညစ်ညစ်မျက်နှာပေါ်တွင် သနပ်ခါးပင်မတွေ့ရသည်မှာ အတော်ကြာပြီဖြစ်သည်။ ထဘီတိုတိုဝတ်၍ ဈေးတောင်းရွက်ကာ ထွက်သွားသည့် ယဉ်မြင့်၏ ကျောပြင်ကို ငေးကြည့်ရင်း အဆုတ်ရောဂါသည်ယောက္ခမအား အမေအရင်းတစ်ယောက်နှင့်မခြား ပြုစုစောင့်ရှောက်ပေးနေမှုအတွက် မိခင်ကိုယ်စား ကျေးဇူးတင်နေမိသည်။

နံနက်စာစားပြီးလျှင် ပန်းရန်လုပ်ငန်းခွင်သို့ ဝင်ရဦးမည်ဖြစ်၍ ကျန်သော ပဲပြုတ်တောင်းတစ်ခုကို ဈေးထိထမ်းပို့ကာ အိမ်သို့ ခပ်သွက်သွက် ပြန်လာခဲ့သည်။ တာယာဖိနပ်နောက်မြီးပြတ်ကို ဝတ်ဆင်ထားသည့် သူ့ခြေလှမ်းတို့က အိမ်အပြန်လမ်းသို့ ဦးတည်နေသော်လည်း သူ့စိတ်တို့ကမူ အမေ့အတွက် ဆေးဖိုးနှင့် အိမ်အတွက် ဆန်ဖိုးရနိုင်မည့်နေရာများဆီသို့ အပြေးအလွှား လိုက်လံရှာဖွေနေမိ၏။

**အခန်း(၂)**

"သားလေးပြန်လာပြီလား"

"ဟုတ်ကဲ့ ယဉ်မြင့်ကိုတော့ ဈေးပို့ပေးခဲ့ပြီ။ ပန်းရန်ကန်ထရိုက် ဦးအေးမြင့်ဆီ ခဏသွားဦးမှာ အမေ"

"ထမင်းစားပြီးမှ သွားလေ။ ဟိုဘက်အိမ်က မောင်သက်ဦးက ရပ်ကွက်ထိပ်က မြောင်းဆယ်ရင်းနဲ့ဖမ်းလာတဲ့ ငါးရံ့ခေါင်းတိုလေး တစ်ကောင် သားကြိုက်တတ်မှန်းသိလို့လာပေးထားတာ။ အဲဒီငါးကို ခရမ်းချဉ်သီးလေး တစ်လုံးနဲ့ချက်ထားတယ်"

သူခြံထဲသို့ ဝင်လျှင်ဝင်ချင်း အိမ်ပေါက်ဝတွင် ထိုင်နေသည့်အမေက ခရီးဦးကြိုပြုနှုတ်ဆက်၏။

"အမေရယ် နေကောင်းတာလည်း မဟုတ်ဘဲနဲ့။ သားပြန်လာမှ ဟင်းချက်လည်း ရပါတယ်။ နားနားနေနေလေးနေပါ"

"အမလေးကွယ် ငါ့သားလေးက ငါးရိုးကြောက်တဲ့သူဆိုတော့ အမေကငါးလေးကို ပြုတ်ပြီး အသားလေးတွေနွှင်ပြီးမှ ချက်တာ။ မင်းဟာမင်းဆိုဘယ်လိုလုပ်အဆင်ပြေမှာတုန်း"

"အ ဟွတ်...အဟွတ်..."

အမေသည် ပြောပြောဆိုဆိုနှင့်နောက်ဖေးသို့ သွားလေသည်။ နောက်ဖေးသို့ ဝင်သွားသည့် အမေ့ခြေလှမ်းတို့က တုန်ချည့်ချည့်နှင့်။ အမေ့ချောင်းဆိုးသံတို့က အိမ်ရှေ့ခန်းထိ စူးစူးရှရှပျံ့လွင့်လာသည်။ အမေ့ကျန်းမာရေး အခြေအနေက အားမရစရာပင်။

အမေခူးပေးသည့် ထမင်းနှင့်အရိုးနွှင်ပြီး သားငါးဟင်းလေးက ထမင်းမြိန်လှသည်။ လက်ကျန်ဆန်လေးနည်းနည်းအား မိသားစုမျှစားနေရ၍သာ။ မဟုတ်လျှင် သုံး၊ လေးဇလုံလောက်တော့ အသာလေးကုန်အောင် စားမိမည်သာ။

သူက ငါးဟင်းသိပ်ကြိုက်သည်။ သို့သော် ဘာ့ကြောင့်ရယ်မှန်းမသိ ငယ်စဉ်ကတည်းက ငါးဟင်းစားတိုင်း အရိုးစူးတတ်သည်။ ငါးဆိုလျှင် ငါးနီတူခြောက်ကိုပင် အရိုးစူးသူဖြစ်၏။ ထို့ကြောင့်အမေသည် အခုအချိန်အထိ ငါးဟင်းချက်တိုင်း အရိုးမပါအောင် ဘေးမှာထိုင်၍ သေချာနွှင်ကျွေးတတ်သည်။

"အမေဆေးရော သောက်ပြီးပြီလား"

"သောက်ပြီးပြီ သားရေ"

လက်ဆေးရင်းအမေ့အား လှမ်းမေးမိသည်။ အမေ့အိပ်ရာခေါင်းရင်းမှ ဆေးထုတ်လေးအား ယူကြည့်လိုက်ရာ ဆေးက တစ်ရက်စာပင် မကျန်တော့။ သည်နေ့ ဆေးဝယ်ရတော့မည်ဖြစ်သည်။

သူ့မျက်လုံးထဲတွင် ကန်ထရိုက်ဦးအေးမြင့်ကိုသာ ပြေးမြင်နေမိ၏။ ကြိုတင်ယူထားသည့် ငွေတွေများနေပြီဖြစ်၍ ထပ်ပေးဖို့ရာတော့ သိပ်မသေချာ။

**အခန်း(၃)**

"လုပ်ပါဆရာ။ အမေ့အတွက် ဒီနေ့ ဆေးဝယ်ရမှာမို့လို့ပါ"

"မင်းမလည်းကွယ် စားဖို့ကမရှိပါဘူးဆို ဆေးဖိုးနဲ့အကြွေးတွေ ပတ်လည်ဝိုင်းနေပြီ။ ကလေးနှစ်ယောက်ကိုလည်း ကျောင်းမအပ်နိုင်သေးဘူးဆို။ ကလေးတွေက အမြဲတမ်းဆုရနေတာ။ သူတို့လေးတွေကိုတော့ ကျောင်းအပ်ဖြစ်အောင် အပ်ပါကွာ"

"အပ်ချင်ပါတယ် ဆရာရယ်။ ဒါပေမယ့် ဆေးဖိုးလောက်အောင်တောင် မရှာနိုင်တာ ကလေးတွေ ကျောင်းအပ်ဖို့၊ စာရေးကိရိယာဝယ်ဖို့ ဘယ်ကရမှာလဲ ဆရာရယ်"

"ငါမင်းကိုအကြံတစ်ခု ပေးချင်တယ်။ ငါတို့ဆိုက်ထဲက လှအောင်ကြီးအဖေလည်း ဆေးမကုနိုင်တော့ နာတာရှည်ကြီးလိုဖြစ်နေတာ။ သူများတွေက မကြည့်ရက်လို့ ဝိုင်းပြီး အကြံပေးတာနဲ့ ဘိုးဘွားရိပ်သာ ပို့လိုက်တာ။ ခုတော့ အသားတွေဖြူဖွေးပြီး စိုပြည်လို့။ ဟိုမှာက ဆရာဝန်လည်းအသင့်၊ အလှူရှင်လည်း အသင့်ဆိုတော့ မင်းတို့ထားနိုင်တာ၊ ကျွေးနိုင်တာ၊ ကုပေးနိုင်တာထက် အများကြီးသာတာပေါ့ကွာ။ မင်းလည်း စဉ်းစားပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ ဒါပေမယ့် အမေက ကျွန်တော်ငယ်ငယ်ကတည်းကနေ အခုမြေးတွေရတဲ့အထိ တစ်ခါမှမခွဲဖူးတော့ အဆင်ပြေပါ့မလားမသိဘူး ဆရာရယ်"

"အေးပါ ငါကမင်းကို အကြံပေးတာပါ။ ဘယ်ဟာ ပိုအဆင်ပြေမလဲ စဉ်းစားပြီး လုပ်ပေါ့။ ခုတော့ တစ်သောင်းယူသွား။ ဒါက ပြန်ပေးစရာမလိုဘူး။ မင်းအမေအတွက် ငါရဲ့ ဆေးဖိုးကုသိုလ်ပါ"

"ကျေးဇူးတင်ပါတယ်ဆရာ ကျေးဇူးပါ"

ဦးလှဝင်းပေးသည့် တစ်သောင်းတန်လေးအား တုန်ယင်နေသည့်လက်များနှင့် လှမ်းယူလိုက်ရင်း အကြိမ်ကြိမ်ကျေးဇူးတင်ကြောင်း ပြောနေမိ၏။ အမေ့ကို ရိပ်သာပို့မည်၊ မပို့မည်ကိုတော့ သူ့နှလုံးသားနှင့် ဦးနှောက်တို့က ဝေခွဲမရ လွန်ဆွဲလျက်ရှိသည်။

**အခန်း(၄)**

"အန်တီက ဒေါ်သောင်းအေးနော်။ ဒီမှာ လက်မှတ်လေး ထိုးပေးပါ။ ပြီးရင် အန်တီနေရမယ့် အခန်းကို လိုက်ပို့ပေးမယ်"

စာအုပ်ထဲတွင် လက်မှတ်ထိုးပေးလိုက်သော်လည်း အမေ့မျက်နှာက သိပ်မကောင်း။ သူစိတ်အားထက်သန်မှုကြောင့်သာ လိုက်လာခြင်းဖြစ်မည်။ သူ့မြေးများအား ခွဲချင်ပုံမရပေ။

သူလည်း အမေ့ကို မခွဲနိုင်ပေ။ သို့သော် ပိလာသည့်ဝန်ကို မနိုင်တော့သည်က တစ်ကြောင်း၊ အမေ့ကျန်းမာရေး ပြန်ကောင်းလာစေချင်သည်က တစ်ကြောင်းကြောင့် ဘိုးဘွားရိပ်သာသို့ လာပို့ရခြင်းဖြစ်ပေသည်။

"ကဲ အန်တီကို ထားခဲ့ပြီး ပြန်လို့ရပါပြီ။ ဘိုးဘွားတွေရဲ့ ကျန်းမာရေးအတွက်တော့ ရိပ်သာမှာ ဆရာဝန်ရှိလို့ စိတ်ချပါ။ နောက်လာတွေ့ချင်ရင် ဧည့်တွေ့ဖို့သတ်မှတ်ထားတဲ့နေ့မှာ လာတွေ့လို့ရပါတယ်"

ရိပ်သာတာဝန်ခံ၏စကားသံက သူ့နားထဲတွင် မကြားတစ်ချက်၊ ကြားတစ်ချက်၊ အမေ့ကို လှည့်ကြည့်မိတော့ အမေ့မျက်နှာက မပြုံအောင် ထိန်းထားရသည့် ညို့မှိုင်းမှိုင်းမှိုင်းကောင်းကင်လို။ သူ့ကိုမော့ကြည့်နေသည့် အမေ့မျက်ဝန်းတို့က သူ့ဆုံးဖြတ်ချက်ကို ပြင်ပေးရန် တိုးလျှိုးတောင်းပန်နေသလို။

"ဟင့်အင်း... အမေ့ကျန်းမာရေးအတွက်ပါ အမေရယ်"

သူ့စိတ်တို့ကို အားတင်းလိုက်ရင်း လှည့်ထွက်လာခဲ့မိသည်။ လမ်းတစ်လျှောက်လုံး တွေ့သမျှအရာတို့က ဝေဝါးမှိန်ဖျော့လျက်။

"ဟင်း...ဟင်း.."

အချိန်မည်မျှလောက်အထိ သူ့စိတ်တို့ လွတ်သွားသည်မသိ။ ခြေထောက်အောက်နားတွင် မာန်ဖီသံကြားရခါမှ နောက်သို့ အလန့်တကြား ခုန်ဆုတ်လိုက်မိသည်။ သူ့ရှေ့တွင် ရှိနေသည့်အရာမှာ ခွေးသားအုပ်မကြီးတစ်ကောင်။ တိတိကျကျပြောရမည်ဆိုလျှင် ကားတိုက်ထား၍ ခြေတစ်ဖက်ပြတ်ကာ သွေးအိုင်ထဲတွင်လဲနေသည့် ခွေးမကြီးတစ်ကောင်ပင် ဖြစ်သည်။

ပြင်းထန်လွန်းသော နာကျင်မှုကြောင့် အကြောတို့ဆွဲကာဆန့်ငင်ဆန့်ငင်ဖြစ်နေသော်လည်း နို့စို့နေသည့်ခွေးငယ်လေးများအား နင်းမိမည်စိုး၍ သူ့ကိုမာန်ဖီနေခြင်း ဖြစ်လေသည်။

''အမေဟာ ဘယ်လောက်ပဲနာကျင်ခံစားပြီး နောက်ဆုံးအချိန်ထိရောက်နေပါစေ သားသမီးကို မစွန့်ပစ်ဘဲ ကာကွယ်ပေးနေဆဲပါလား။ ငယ်ငယ်ကတည်းက ခေါင်းရွက်ဗျပ်ထိုး၍ ရှာဖွေကျွေးမွေးခဲ့သော အမေ။ သူ့ဘဝတစ်လျှောက်လုံး ငါးရိုးလေးတစ်မျှင်ပင် မစူးရအောင် ဂရုတစိုက်နွှင်၍ ကျွေးမွေးခဲ့သော အမေ။ သူ့အလှည့်ကျမှ လက်လွှတ်စပယ်ထားခဲ့မိလေပြီလား။ ဟင့်အင်း"

မသိစိတ်၏ စေ့ဆော်မှုဖြင့် သူ့ခြေလှမ်းတို့က နောက်ပြန်လှည့်လိုက်ကြသည်။

**အခန်း(၅)**

"ကျွန်တော်အမေ့ကိုပြန်ခေါ်သွားချင်လို့ပါ"

သူ့စကားကြောင့် ရိပ်သာတာဝန်ခံက စာရေးနေရာမှ မော့ကြည့်သည်။

''ထိုင်ပါဦးရှင်။ ရှင့်အမေကို ဘိုးဘွားရိပ်သာလာပို့ရတဲ့ ရည်ရွယ်ချက်က ဆေးကုပေးချင်လို့မဟုတ်လား။ ခုပြန်လာခေါ်တာဆိုတော့ ရှင့်မှာ ရှင့်အမေရောဂါကို ကုပေးဖို့ ပိုက်ဆံရှာလို့ရခဲ့ပြီလား"

"ကျွန်တော် ကျွန်တော်"

"အဓိကအရေးကြီးတာ ဘာလဲဆိုတာ ရှင်သေချာဆုံးဖြတ်ပေါ့။ ကြည့်ချင်ရင်တော့ အခန်းအပြင်ကနေမမြင်အောင် ကြည့်သွားပါ။ ဒီကိုရောက်လာတဲ့ ဘိုးဘွားတွေက ရောက်ရောက်ချင်းဆိုရင် သားသမီးမြေးမြစ်တွေကို လွမ်းကြတာသဘာဝပဲ။ နောက်ကျရင်တော့ အသားကျသွားပါလိမ့်မယ်။ ခုတော့ ရှင့်ကိုမြင်ရင် သူပိုခံစားနေရလိမ့်မယ်"

အခန်းအတွင်းသို့ အပြင်ဘက်မှ လှမ်းကြည့်လိုက်ရာ ခုတင်ပေါ်တွင် ငူငူငိုင်ငိုင်နှင့် ထိုင်နေသည့် အမေ့အား တွေ့ရ၏။ အမေသည် ရိပ်သာတွင် ပျော်ပုံမရပေ။

အမေ့အားလက်ပြ၍ လှမ်းခေါ်ရန် ပြင်ပြီးခါမှ ရိပ်သာတာဝန်ခံပြောသော စကားကို သတိရ၍ လက်ပြန်ချလိုက်မိသည်။ သူကြည့်နေရင်း အမေသည်ပါးပြင်အား လက်ဖမိုးဖြင့် သုတ်လိုက်သည်ကို မြင်လိုက်ရ၏။

''ဟင့်အင်း...အမေငိုနေတာ မဟုတ်ဘူး။ အမေချွေးသုတ်နေတာ နေမှာပါ"

တွေ့လိုက်ရသည့် အဖြစ်အပျက်အား သူထိတ်လန့်တကြား ငြင်းဆန်လိုက်မိသည်။ လက်ဖမိုးတို့ အလိုလိုရောက်ရှိသွားသော သူ့ပါးပြင်ထက်တွင်လည်း စိုထိုင်းထိုင်း မျက်ရည်အချို့တို့နှင့်။

အမေ့အားကြည့်ရင်း သူငယ်ငယ်က ကျောင်းစတက်သည့်နေ့ကို ပြန်မြင်ယောင်မိသည်။ ကျောင်းတွင်အသားမကျသေး၍ ငိုယိုနေသည့် သူ့အား တစ်ယောက်တည်းအားမငယ်စေရန်အတွက် အမေသည်ထိုနေ့က ဈေးရောင်းမသွားဘဲ သူ့အခန်းပြတင်းပေါက်မှ လှမ်းမြင်ရသည့် အပင်လေးအောက်တွင် တစ်နေ့လုံး ထိုင်နေပေးခဲ့၏။

သူကတော့ အမေ့အား ခေါ်ပင်မခေါ်နိုင်ခဲ့။ နောက်ဆုံးတွင်တော့ ဆင်းရဲလှသည့် ကိုယ့်ဘဝကို ကိုယ်အပြစ်တင်ကာ ရိပ်သာမှအပြန်လမ်းတွင် ခေါင်းငိုက်စိုက်ချ၍သာ။

**အခန်း(၆)**

"ယောကျ်ားရယ် ထမင်းလေးတော့ စားပါဦး။ အဲဒီလောက်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့။ အမေကျန်းမာရေး ပြန်ကောင်းလာရင် ကျွန်မတို့ ပြန်သွားခေါ်ကြတာပေါ့"

ဇနီးသည် စိတ်မကောင်းဖြစ်မည်စိုး၍ ငါးပိရည်ခွက်ထဲမှ တစ်ဝက်ခန့်အား ရှေ့တွင်ချထားသည့် ထမင်းပန်းကန်ထဲသို့လောင်းထည့်လိုက်ပြီး လက်ဖြင့်နယ်ဖတ်ကာ ထမင်းတစ်လုပ်စားလိုက်သည်။

"အား"

ထမင်းစဝါးလိုက်သည်နှင့် လည်ချောင်းထဲတွင် မျက်ခန်နေအောင် ခံစားလိုက်ရသည်။ တစ်ခါမှမခံစားဖူးသည့် နာကျင်မှုမျိုးဖြစ်၍ လည်ပင်းအား လက်ဖြင့် အလန့်တကြား ကိုင်လိုက်မိသည်။

"ရေ ရေပေးပါ ငါးရိုးစူးနေလို့"

မျက်ရည်တို့ဖြင့် ဝေဝါးနေသည့် သူ့မျက်လုံးတို့ကမူ စိတ်ပူဟန်ဖြင့် ငုံ့ကြည့်နေသည့် နံရံပေါ်မှ အမေ့ဓာတ်ပုံလေးထံသို့ အလိုလိုရောက်ရှိသွားလေတော့သည်။ ။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

# သတိလေးနဲ့ နေကြည့်ပါ

■ ရှိုင်းဝေယံ(သီပေါ)

ယနေ့တိုးတက်နေတဲ့ ခေတ်ကြီးမှာ သိချင်တာမှန်သမျှဘာမဆို ရှာဖွေလို့ရနေတာ တတပ်တအား ဖြစ်ရပါတယ်။ ယနေ့ခေတ်ကာလမှာ ကျွန်တော်တို့တွေ လူဖြစ်ခွင့်ရတာကိုက အင်မတန် ကုသိုလ်ကံထူးတယ်ပဲ ပြောရတော့မယ်။ လိုချင်တာ သိချင်တာ သတင်းအချက်အလက်မှန်သမျှ အင်တာနက်မှာ ရှာဖွေလိုက်တာနဲ့ အကုန်လုံးလိုလို သိခွင့်ရတယ်။ "တိုးတက်နေတဲ့ခေတ်မှာ ကမ္ဘာကြီးဟာ ရွာတစ်ရွာလိုပဲ" လို့ ပညာရှိကဝိတွေက ဆိုကြတယ်။

အခုလို တိုးတက်နေတဲ့ခေတ်ကြီးမှာ လူတိုင်းလိုလို ဖုန်းတွေ ကိုင်နိုင်လာသလို လူတိုင်းလိုလိုရဲ့ ဖုန်းတွေထဲမှာ အင်တာနက်ဂိမ်းတွေနဲ့ ဗီဒီယိုဇာတ်ကားတွေ အတော်များများ ရှိတတ်ကြတယ်။ ဒီအရာတွေဟာ မကောင်းဘူးလားလို့မေးရင် ကောင်းတယ်ပဲပြောရမလို၊ ကောင်းလားလို့ မေးပြန်ရင်းလည်း မကောင်းဘူးလို့ ဖြေရလိမ့်မယ်။ ဒါပေမယ့် အသုံးချမှုအပေါ် မူတည်ပြီးတော့ပဲ ခွဲခြားဆုံးဖြတ်မှသာရတော့မယ်။

"မီးဆိုတာ သုံးတတ်ရင် အကျိုးပြုသလောက် မသုံးတတ်ရင် အန္တရာယ်အလွန်ပေးတယ်" ဆိုပြီးတော့တောင် စကားပုံရှိသေးတာပဲမဟုတ်လား။ ဂိမ်းတွေ၊ ဗီဒီယိုဇာတ်ကားတွေဟာလည်း အဲဒီလိုပဲ။ အသုံးချတတ်ရင် အကျိုးပြုသလောက် အသုံးမချတတ်ရင် အန္တရာယ်များတယ်။

ကျွန်တော်တို့တွေ စစ်တိုက်တဲ့ဂိမ်း၊ ဘောလုံးဂိမ်း၊ အပြေးဂိမ်း၊ ကားပြိုင်တဲ့ဂိမ်း စတဲ့ ဂိမ်းတွေအပြင် အခြားသွားတဲ့ အချိန်တွေဟာ အလကားဖြစ်သွားတော့မှာပေါ့။ အချိန်ကုန်ရုံလောက်ထက် အတုမယူသင့်တာတွေကို ယူမိပြန်ရင် နှစ်ထပ်ကွမ်း ထိခိုက်နစ်နာမှုတွေ ရှိလာနိုင်ပါသေးတယ်။ ဥပမာတစ်ခုပြောရရင် ဇာတ်လမ်းထဲက မြန်မာ့ယဉ်ကျေးမှုနဲ့ ဆီလျော်မှုမရှိတဲ့ နိုင်ငံခြားဖက်ရှင်တွေကို ဖက်တွယ်လာတာမျိုးပေါ့။

> **ဂိမ်းရဲ့အစမှာ အင်မတန်လွယ်ကူပြီး တဖြည်းဖြည်း ခက်ခဲလာတဲ့အခါ ကျွန်တော်တို့ စိတ်နှလုံးမှာ အောင်လိုစိတ်နဲ့ အခါခါရှုံးလည်း မအောင်မချင်း အဖန်ဖန် ဆော့ကြတယ်။ အောင်ချင်စိတ် အလွန်ကြီးတဲ့သူတွေဟာ နောက်ဆုံးအဆင့်အထိရောက်အောင် တက်လှမ်းခဲ့ကြတယ်။ ဒါဟာ ဂိမ်းဆော့ရခြင်းကြောင့် ရလာတဲ့ ခွန်အားတွေပဲ။ ဒီလို စိတ်ဓာတ်ခွန်အားတွေကို တစ်ကယ့်လက်တွေ့ဘဝမှာသာ အသုံးချလိုက်မယ်ဆိုရင်**

ကျွန်တော်က ဗီဒီယိုဇာတ်ကားတွေ အလွန်ကို ကြည့်ခဲ့တယ်။ ကြည့်ဖူးတဲ့ ဇာတ်ကားအနည်းငယ်ထဲမှာ သိပ်စွဲလမ်းခဲ့ရတဲ့ ဇာတ်ကားလေးတစ်ခုရှိတယ်။ ဇာတ်ကားနာမည်က “bohemian rhapsody” ဖြစ်ပြီးတော့ Queen အဖွဲ့နဲ့ Freddie mercury အကြောင်းကို ပြန်လည်ရိုက်ကူးထားတဲ့ဇာတ်ကားလေးပါပဲ။ အဲ့ဒီဇာတ်ကားလေးကို ကျွန်တော် သိပ်လေးစားအတုယူရတဲ့ အမဖြူဖြူခိုင် (အမည်လွှဲ)က Download ဆွဲပေးပြီး ကြည့်ဖို့တိုက်တွန်းတယ်။ ဘာကြောင့်ကြည့်ခိုင်းရသလဲလို့မေးရင် အကြောင်းရှိပါတယ်။

ကျွန်တော့်မှာ ညာဘက်ခေါင်းတစ်ခြမ်းထဲ ကိုက်တတ်တဲ့ဝေဒနာကို မကြာခဏလိုလိုဖြစ်ပြီးတော့ အလူးအလဲ ခံစားနေရတာ ၂၀၁၄ ခုနှစ်လောက်ကနေ အခုအချိန်အထိပဲ။ ဒါနဲ့ သူငယ်ချင်းရဲ့ အကူအညီနဲ့ ဆေးခန်းသွားပြတော့ အာရုံကြောရောင်ရမ်းတာလို့ ဆရာဝန်က ညွှန်ကြားတဲ့အခါ စိတ်ဓာတ်ယိုင်နဲ့သွားတယ်။ ဒီလို အာရုံကြောရောင်ရမ်းခြင်းက ကြာလာရင် အသက်အန္တရာယ်ကို ထိခိုက်နိုင်တယ်လို့ ကြားဖူးနားဝ ရှိဖူးတာကိုး။ ဆရာဝန်ကတော့ ပြောပါတယ်။ ဆေးသာပုံမှန်စွဲသောက်ရင် ပျောက်ကင်းနိုင်ပါတယ်တဲ့။ ကျွန်တော် သောက်ပါတယ်။ သို့ပေမယ့် တစ်ခါတစ်ခါ ခေါင်းက အင်မတန်ကို ထိုးပြီးကိုက်လာရင် ကိုယ့်ကိုယ်ကိုယ် အားငယ်လာမိတယ်။ ဒါကိုသိတဲ့ အမဖြူဖြူခိုင်က ဒီဇာတ်ကားကို ကြည့်စေခဲ့တာပေါ့။ ကျွန်တော်လည်း ကြည့်ဖြစ်အောင်ကို ကြည့်ခဲ့ပါတယ်။ ပြီးနောက်မှာ အသိတွေလည်း ထပ်တိုးရခဲ့တယ်။

ဂိမ်းတွေ အမျိုးမျိုးကိုလည်း ဆော့ကစားကြတယ်။ ဂိမ်းတွေတိုင်းမှာ တူညီတဲ့ ထူးခြားချက်တွေ ကိုယ်စီရှိကြတယ်။ ဘာလဲဆိုရင် ဆော့ကစားလို့ ကြာလာတာနဲ့အမျှ မြန်နှုန်းအရှိန်ဟာလည်း မြင့်မားလာတယ်။ အသေအချာလေး စဉ်းစားကြည့်ပါ။

ဂိမ်းရဲ့အစမှာ အင်မတန်လွယ်ကူပြီး တဖြည်းဖြည်း ခက်ခဲလာတဲ့အခါ ကျွန်တော်တို့ စိတ်နှလုံးမှာ အောင်လိုစိတ်နဲ့ အခါခါရှုံးလည်း မအောင်မချင်း အဖန်ဖန် ဆော့ကြတယ်။ အောင်ချင်စိတ်အလွန်ကြီးတဲ့သူတွေဟာ နောက်ဆုံးအဆင့်အထိ ရောက်အောင် တက်လှမ်းခဲ့ကြတယ်။ ဒါဟာ ဂိမ်းဆော့ရခြင်းကြောင့်ရလာတဲ့ ခွန်အားတွေပဲ။ ဒီလို စိတ်ဓာတ်ခွန်အားတွေကို တစ်ကယ့်လက်တွေ့ဘဝမှာသာ အသုံးချလိုက်မယ်ဆိုရင် ဘယ်လောက်တောင် အကျိုးရှိလိုက်မလဲ။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက အဲ့ဒီလို စိတ်ထားမျိုးထားတဲ့သူဟာ အင်မတန်ကို နည်းလွန်းတယ်။

နောက်တစ်ခုကတော့ လူတိုင်းလိုလိုမှာ ဖုန်းရှိသလို ဖုန်းထဲမှာလည်း ဗီဒီယိုဇာတ်ကားမျိုးစုံရှိကြတယ်။ အထူးသဖြင့် အိန္ဒိယဇာတ်ကားတွေ ပိုများကြပါလိမ့်မယ်။ များဆိုရင် ကြည့်လို့လည်း ကောင်းတာကိုး။ အိန္ဒိယဇာတ်ကားတွေသာမက အခြားဘယ်ဇာတ်ကားမျိုးမဆို အတုယူဖွယ် အချက်ကလေးတွေ အမြဲပါလေ့ရှိတယ်။

ဘယ်လိုရုပ်ရှင်ဇာတ်ကားမျိုးမဆို ပရိသတ်ကို အသိတစ်ခုလောက်တော့ရစေတဲ့ message ဆိုတာ အမြဲရှိတယ်။ ဒါကို မြင်အောင်ကြည့်တတ်ဖို့တော့ လိုလိမ့်မယ်။ လွမ်းစရာ ဇာတ်ကားကိုကြည့်ပြီး လိုက်လွမ်းနေလို့၊ ပေါင်းဖက်သွားတဲ့ ဇာတ်ကားကိုကြည့်ပြီး ပီတိဖြစ်နေလို့၊ မကောင်းမှုဒုစရိုက်သမားတွေကို လူစွမ်းကောင်းသုစရိုက်သမားက အနိုင်ယူလိုက်လို့ ကျေနပ်သွားတာမျိုးလောက်နဲ့ပဲ ကျေနပ်နေမယ်ဆိုရင် ဒီဇာတ်ကားတွေ အကုန်လုံးဟာ စိတ်အပန်းဖြေဖို့ ဖျော်ဖြေရေးတစ်ခုအတွက်ပဲ ဖြစ်သွားလိမ့်မယ်။ အဲဒီအခါ ဒီဇာတ်ကားကို ကြည့်လိုက်လို့ ကုန်လွန်

အဲဒီဇာတ်ကားမှာ အတုမယူသင့်တာကော ယူသင့်တာတွေကောပါတယ်။ အဲဒီဇာတ်ကားမှာ အဆိုတော် Freddie mercury ဟာ AIDS ရောဂါဝေဒနာကို ခံစားနေရသော်လည်း စိတ်ဓာတ်အင်အားမကျဘဲ သူသေတဲ့အထိ သူဝါသနာပါတဲ့ သီချင်းတွေကို ရေးစပ်သီဆိုသွားခဲ့သလို လူထုအကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်သယ်ပိုးသွားတဲ့ အကြောင်း ရိုက်ကူးထားတာပေါ့။ ဒီအပိုင်းလေးမှာ ဘယ်လောက်အတုယူဖို့ကောင်းသလဲ။ AIDS ရောဂါဆိုတာနဲ့ ကျွန်တော်တို့ လူသားတွေဟာ အထင်အမြင်သေးပြီး ပစ်ပယ်ထားတတ်ကြတယ်။ ကာယကံရှင်ဟာလည်း စိတ်ကျဝေဒနာတွေဖြစ်ပြီး လုံးပါးပါးခဲ့ရတော့တယ်။ Freddie meraury ကတော့ အဲဒီလို မဖြစ်တဲ့အပြင် အများအကျိုးအတွက်ပါ သူတတ်ထားတဲ့ပညာနဲ့ အကျိုးပြုသွားခဲ့သေးတယ်။ ကဲအတုယူစရာ မကောင်းဘူးလား။

အခုနောက်ပိုင်းမှာတော့ ကျွန်တော်လည်း ဆေးတွေကို ပုံမှန်သောက်ဖြစ်လာခဲ့တယ်။ ပြီးတော့ ခေါင်းကိုက်ခြင်းဝေဒနာကို ခံစားရတဲ့အချိန်တိုင်းမှာ ခါတိုင်းထက် အလုပ်တွေပိုလုပ်ဖြစ်တယ်။ စာပေဟောပြောပွဲတွေ နားထောင်တယ်။ စာတွေပိုဖတ်ဖြစ်သလို စာတွေလည်း ပိုပြီး ရေးဖြစ်လာခဲ့တော့တယ်။

အသိပညာ ဗဟုသုတဆိုတာ ဂိမ်းဆော့ရင်းလည်း ယူလို့ရသလို ဗီဒီယိုတွေ ကြည့်နေရင်းကလည်း ယူလို့ရတယ်။ အဓိကကတော့ ဘယ်အရာမဆို ပေါ့ပေါ့တန်တန် မနေဘဲ လေးနက်စွာ မှတ်သားမယ်ဆိုရင် ကိုယ့်အတွက်သာမက နောင်မျိုးဆက်သစ်တွေအတွက်ပါ အကျိုးပြုနိုင်ပါလိမ့်မယ်။ ဒါကြောင့် အရာတိုင်းကို ပေါ့ပျက်ပျက် မတွေးဘဲ သတိလေးချပ်ပြီး နေကြည့်ပါ။ ထူးခြားမှုတစ်ခုခု ဖြစ်ပေါ်လာပါလိမ့်မယ်။ ။

## ချောင်းကလေး

ကြည်လင်ပြာလဲ့ ချောင်းကရေ
နွေမိုးဆောင်းစီးနေ။
စိုက်ပျိုးဖို့လေ ရေလျှံပေါ
တို့ရွာအသက်ကြော။
ပိတ်စွယ်ငှက်ပျော ပေါလှတယ်
ချောင်းရိုးတစ်လျှောက်ဝယ်။
ကိုတံငါသည် ပိုက်ကွန်ချ
ငါးမျိုးအစုံရ။
ရေချိုးထွက်ကြ လှပျိုမေ
သီချင်းသံညံ့နေ။
ကလေးငယ်တွေ တဝုန်းဝုန်း
ရေဆော့ပျော်မဆုံး။
နုန်းမြေတစ်လျှောက် စိမ်းလန်းဝေ
ဟင်းရွက်စုံလှပေ။
တို့ရွာသားတွေ ဝိုင်းဝန်းလို့
ချောင်းကိုထိန်းသိမ်းစို့။

ဖိုးပုလဲ(အညာမြေ)

## ပန်းလိုလှစေမည်

ပန်းကလေးများ ပွင့်ကြပြီ
အလှသွေးစုံ စီရရီ။
နေခြည်အလာ ကြွားလို့ဝင့်
ကမ္ဘာမြေကို ခွန်းချီဆင့်။
ကန်ရေမှာတင့် ပန်းရွှေကြာ
ညိုရောင်အဆင်း ခြယ်သကာ။
နှင်းဆီလေးမှာ နီနီရဲ
စံပယ်ပန်းများ ဖြူရောင်ကဲ။
နီရဲ ဖြူ ညို မခွဲနဲ့ကွာ
ပန်းတို့အလှ ညီတူစွာ။
မွှေးရနံ့ဖြာ စိတ်နှလုံး
မြင်ရသူတိုင်း ရွှင်ကြည်ပြုံး။
ပန်းများသီကုံး ပမာယူ
လူသားအားလုံး အတူတူ။
ဖြူ မည်း အရောင် မခွဲခြား
မေတ္တာတရား မွှေးပျံ့အား။
ကမ္ဘာလောက လှစေသား။ ။

ကျော်စိုးရှိန်

## ကိုဗစ်-၁၉ အန္တရာယ် ပူးပေါင်းတို့ကာကွယ်

ကိုဗစ်ရောဂါ တိုက်ချေဖျက်ဖို့
လက်ကိုမကြာခဏ ဆေးကြောပါ။
တစ်ဦးချင်းစီ အစပြုလို့
မိသားစုကို ကာကွယ်ရာ။
ခုနေချိန်ခါ ဘာညာမခွဲနဲ့
ပူးပေါင်းလက်တွဲ စောင့်ထိန်းပါ။
အိမ်တွင်းနေတာ အန္တရာယ်ကင်းမို့
ကျန်းမာခြင်းအတွက် ဆင်ခြင်ပါ။
လူပ်ရှားသွားလာ မတ်စ်ကိုသုံးလို့
နှာခေါင်းပါးစပ် ဖုံးအုပ်ပါ။
အယ်ကိုဟောပါ လက်သန့်ဆေးကို
အလေးထားလို့ သန့်ရှင်းပါ။
ခြောက်ပေအကွာ သတိထားလို့
ခေတ္တခြားနား သူသူ ငါ။
သွားပြီးပြန်လာ အဝတ်အစားတို့
အချိန်မနား လဲလှယ်ပါ။
လက်ကိုလျှင်မြန် ချက်ချင်းဆေးမှ
ရောဂါဘေးက လုံခြုံတာ။
ရပ်ဝေးနီးလာ ဧည့်သည်များလည်း
တားဆီးသမှု ပြုကြပါ။
မိမိရပ်ရွာ အကြောင်းထူးက
အုပ်ချုပ်မှုသို့ သတင်းပို့ပါ။
မိမိကိုးကွယ် ဘာသာတရားကို
အိမ်များထဲမှ ဝတ်ပြုပါ။
စိတ်သာရှင်စေ ဘုရားဟောမို့
မနောသန့်ဖို့ အခရာ။
တို့များပြည်သူ စနစ်တကျနဲ့
တွန်းလှန်တိုက်မှ အောင်မြင်မှာ။
စည်းကမ်းလိုက်နာ
အန္တရာယ်ကင်းလို့
ကျန်းမာခြင်းကို ရရှိမှာ။
(ရရှိမှာ..... ရရှိမှာ)

မေမြတ်နိုင်(ပုသိမ်)